မြတ်ဗုဒ္ဓ၏အဆုံးအမတရား

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဉ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာ ဆင်သော် တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဉ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**

# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှမြဝတီ

ဒို့တာဝန်အရေးသုံးပါး
- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၆၁)

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၄ ရက်
၂၀၂၆ ခုနှစ်၊ ဇွန် ၁၈ ရက်၊ ကြာသပတေးနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC) သို့သွားရောက်လေ့လာ၊ ပေကျင်းမြို့မှရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့်လိုက်ပါစီးနင်းရောက်ရှိ






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC) ၏ပြခန်းတွင် ကြည့်ရှုလေ့လာစဉ်။

နေပြည်တော် ဇွန် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပေကျင်းမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဦးဆောင်သည့်မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည်ယနေ့နံနက်ပိုင်းတွင်ပေကျင်းမြို့ရှိ China Railway Construction Corporation Limited (CRCC) သို့သွားရောက်လေ့လာကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် CRCC သို့ ရောက်ရှိကြရာ စာမျက်နှာ ၁၆ ကော်လံ ၁ ★

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှု အရှိန်အဟုန်မြှင့်တင်ရေးဆိုင်ရာ ပူးတွဲကြေညာချက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၅ ရက် မှ ၁၉ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) သွားရောက်ခဲ့ပါသည်။

ခရီးစဉ်အတွင်း သမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်တို့သည် တွေ့ဆုံဆွေးနွေးစဉ် တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ပိုမိုခိုင်မြဲစေရန်၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်ရန်နှင့် တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရေးကို ပိုမိုခိုင်မာလေးနက်မှုရှိစေရန်ကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကာ အရေးကြီးသော သဘောတူညီချက်များရရှိခဲ့ကြပါသည်။ တရုတ်နိုင်ငံဝန်ကြီးချုပ် မစ္စတာလီချန်းနှင့် အမျိုးသားလွှတ်တော်ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိတို့သည်လည်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် သီးခြားစီတွေ့ဆုံခဲ့ကြပါသည်။

၂။ တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံတို့သည် သံတမန်ဆက်ဆံရေးထူထောင်ခဲ့သည့် လွန်ခဲ့သည့် (၇၆)နှစ်မှစတင်ကာ တစ်နိုင်ငံအပေါ်တစ်နိုင်ငံ စိတ်ရင်းမှန်ဖြင့် ယုံကြည်အားထားကြပြီး အပြန်အလှန်ပံ့ပိုးကူညီကြသည့် အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဖက်ကောင်းများဖြစ်ခဲ့ကြကြောင်း နှစ်ဖက်လုံးက အလေးထားပြောကြားခဲ့ကြသည်။ နှစ်နိုင်ငံလုံးသည် တန်းတူရည်တူရှိမှုနှင့် အပြန်အလှန်အကျိုးဖြစ်ထွန်းစေမှုကို အစဉ်တစိုက် လိုက်နာကျင့်သုံးခဲ့ကြပြီး နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေးတွင် တစ်နိုင်ငံကိုတစ်နိုင်ငံ ခိုင်မာစွာပံ့ပိုးကူညီခဲ့ကြသည်။ ဒေသတွင်းနှင့် နိုင်ငံတကာအခင်းအကျင်းတွင် ကြီးမားလေးနက်သော ပြောင်းလဲမှုများဖြစ်ပေါ်နေသည့်အခြေအနေကိုထောက်ရှု၍ နှစ်ဖက်လုံးသည် ငြိမ်းချမ်းစွာ စာမျက်နှာ ၃ ကော်လံ ၁ ⊃

## တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

စာ - ၇ သို့

ဆောင်းပါး

## ရင်းနှီးပွင့်လင်း ရင်ချင်းအပ်ကာ ဖလှယ်ဆွေးနွေး နှစ်ပြည်ထောင်အရေးအတွက်

စာ - ၁၁ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဇွန် ၁၈ ရက်)

### မဟာဗျူဟာမြောက် ဦးတည်ချက်များမှ အောင်မြင်မှုများဆီသို့...

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သော မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့အား တရုတ်နိုင်ငံမှလှိုက်လှဲနွေးထွေးစွာကြိုဆိုနေသည့် မြင်ကွင်းများသည် မြန်မာ -တရုတ်နှစ်နိုင်ငံအတွက်ကြည်နူးချမ်းမြေ့ဖွယ်မြင်ကွင်းများဖြစ်သည်။ ထို့ပြင် ကမ္ဘာ့အလယ်တွင် မြန်မာ-တရုတ်နှစ်နိုင်ငံ၏ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုခိုင်မာခြင်းကို ပြသလိုက်ခြင်းလည်းဖြစ်သည်။ ယခုခရီးစဉ်သွားရောက်ခြင်းမှာ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကိုသက်ဝင်ဖော်ပြနေခြင်းပင်ဖြစ်ပြီး နှစ်နိုင်ငံသံတမန်ဆက်ဆံမှုသည် ၇၆ နှစ်မြောက်ကာလသို့ရောက်ရှိပြီးဖြစ်သည်။

မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနေပြီဖြစ်သည်။ အဆိုပါ လျှောက်လှမ်းလျက်ရှိမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ထောက်ခံလျက်ရှိသည်။ ယမန်နှစ်က မြန်မာ-တရုတ်နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးအနေဖြင့် တွေ့ဆုံဆွေးနွေးမှုနှစ်ကြိမ်ပြုလုပ်နိုင်ခဲ့ပြီး နှစ်နိုင်ငံအကြား မဟာဗျူဟာမြောက်ဦးတည်ချက်များနှင့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုအပေါ် ဘက်စုံအကောင်အထည်ဖော်ဆောင်ရေးတို့အတွက် ဆွေးနွေးနိုင်ခဲ့ပြီးဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်တို့သည် နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူတွေ့ဆုံဆွေးနွေးစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတက **“မိမိတို့သည် မဟာဗျူဟာမြောက်ယုံကြည်မှုကို ခိုင်မာမှုရှိစေရမည်ဖြစ်ပြီး ရှုပ်ထွေးလှသည့် ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းများအကြား နှစ်နိုင်ငံယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့သည်နယ်နိမိတ်ချင်းထိစပ်မှုအရှည်လျားဆုံးနိုင်ငံဖြစ်ပြီး အယုံကြည်ရဆုံးမိတ်ဆွေနိုင်ငံ၊ အားအကိုးရဆုံးလက်တွဲဖက်မိတ်ဖက်နိုင်ငံများဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံနှင့်မြန်မာနိုင်ငံအကြား ယုံကြည်မှုကိုအမြဲတန်ဖိုးထားလျက်ရှိပြီး နှစ်နိုင်ငံအကြားအဆင့်မြင့်ခေါင်းဆောင်များအချင်းချင်း အပြန်အလှန်ခရီးစဉ်များဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏အာဆီယံနိုင်ငံများအကြားဖြစ်တည်မှု၊ ရပ်တည်မှုအပေါ်တွင် တရုတ်နိုင်ငံအနေဖြင့်ဆက်လက်ထောက်ခံရပ်တည်သွားမည်ဖြစ်ပြီး ကုလသမဂ္ဂမျက်နှာစာတွင်လည်း မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံသွားမည်ဖြစ်ပါကြောင်း”** ထည့်သွင်းဆွေးနွေးခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က **“မိမိအနေဖြင့်အဆွေတော်၏ ဖိတ်ကြားချက်ကိုအထူးအလေးထားပြီး လာရောက်ခဲ့ခြင်းဖြစ်ပြီး မိမိအနေဖြင့် တရုတ်နိုင်ငံသို့လာရောက်လည်ပတ်မှု ၁၃ ကြိမ်မြောက်ခရီးလည်းဖြစ်ကြောင်း၊ အဓိကရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နှစ်နိုင်ငံဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံထာဝရငြိမ်းချမ်းရေးရရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးတို့ပင်ဖြစ်ကြောင်း”** ထည့်သွင်းဆွေးနွေးပြောကြားခဲ့သည်။

နှစ်နိုင်ငံနိုင်ငံတော်အကြီးအကဲများ၏ ထိတွေ့ဆက်ဆံရေးသည်နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်လျက်ရှိနေသည်။ လက်ရှိအချိန်တွင်မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေသည့်ကာလဖြစ်သည်။ မြန်မာနှင့်တရုတ်နှစ်နိုင်ငံသည် ကီလိုမီတာ၂၀၀၀ ကျော်နယ်နိမိတ်ချင်းထိစပ်နေပြီး နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် ယင်းဒေသများရှိ နှစ်နိုင်ငံပြည်သူများ၏ သာယာဝပြောမှုနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကိုလည်းဆောင်ရွက်နိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအစိုးရသစ်အနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်အဖြစ်သတ်မှတ်ပြီး NCA လမ်းကြောင်းအတိုင်းဆက်လက်အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာ-တရုတ်နှစ်နိုင်ငံအကြား လုံခြုံရေးပိုင်းဆိုင်ရာနယ်ပယ်၊ တရားဥပဒေစိုးမိုးရေးဆိုင်ရာနယ်ပယ်များတွင်လည်းခိုင်မာမှုရှိရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာဥပဒေတစ်ရပ်ရေးဆွဲဆောင်ရွက်နေမှုအပေါ်တွင်လည်း တရုတ်နိုင်ငံအနေဖြင့် ထောက်ခံကြိုဆိုလျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် တရုတ်ပိုင်နက်နယ်မြေကိုအသုံးပြု၍ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လုပ်ဆောင်နေမှုများကို လုံးဝခွင့်ပြုမည်မဟုတ်သကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်း မြန်မာနိုင်ငံ၏ပိုင်နက်နယ်မြေကိုအသုံးပြု၍ တရုတ်နိုင်ငံ၏အကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့်ကိစ္စရပ်များဖြစ်ပေါ်မှုမရှိစေရေး အလေးထားဆောင်ရွက်မည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ဆက်ဆံရေးကိုအထူးတန်ဖိုးထားသကဲ့သို့ မြန်မာနိုင်ငံအနေဖြင့်လည်းထပ်တူတန်ဖိုးထားသည်။ နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦး၏တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံအကြားချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ အာကာသနည်းပညာဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းအင်ကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ လုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ယဉ်ကျေးမှုနှင့်ကိုးကွယ်ယုံကြည်မှုများ အပြန်အလှန်ဖလှယ်နိုင်ရေးနှင့် ကဏ္ဍပေါင်းစုံတွင်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များအား ခင်မင်ရင်းနှီးစွာအမြင်ချင်းဖလှယ်နိုင်ခဲ့ကြသည်။ အနှစ်ချုပ်ဆိုရသော် နှစ်နိုင်ငံအကြားမဟာဗျူဟာမြောက်ဦးတည်ချက်များနှင့် ဆွေမျိုးပေါက်ဖော်ရင်းနှီးမှုအပေါ် ဘက်စုံအကောင်အထည်ဖော်နိုင်မည်ဖြစ်ပါကြောင်းဂုဏ်ပြုရေးသားလိုက်ရပေသည်။ ။

## သရက်မြို့နယ် ကိုးပင်ကျေးရွာ၌ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှု လျှော့နည်းစေရေး အသိပညာပေးဟောပြော

သရက် ဇွန် ၁၇

မကွေးတိုင်းဒေသကြီး သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့နှင့်ပူးပေါင်း၍ မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျှော့နည်းစေရေး အသိပညာပေးဟောပြောပွဲကို ဇွန်လ ၁၆ ရက်တွင် ကိုးပင်ကျေးရွာအုပ်စု ကိုးပင်ကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ သရက်ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အိနန္ဒာအောင်က မီးခိုးမြူငွေ့အန္တရာယ်အကြောင်း သိကောင်းစရာများ၊ မီးခိုးမြူငွေ့အန္တရာယ်ကြောင့် နောက်ဆက်တွဲဖြစ်ပွားလာနိုင်သည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို ကာကွယ်နိုင်ရန် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သရက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဦးစိုးလွင်က ပတ်ဝန်းကျင်ညစ်ညမ်းမှုမဖြစ်ပေါ်စေရေး အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ရန်နည်းလမ်းများ၊ မီးခိုးမြူငွေ့အန္တရာယ်နှင့်ပတ်သက်သည့် ဆောင်ရန်ရှောင်ရန် အချက်များကိုလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူတစ်ဦးက သစ်တောထိန်းသိမ်းရေး၊ တောမီးလောင်မှုကြိုတင်ကာကွယ်ရေးနည်းလမ်းများကို လည်းကောင်း အသိပညာပေးဟောပြောသည်။

အဆိုပါအသိပညာပေးဟောပြောပွဲသို့တက်ရောက်လာကြသူများအား တာဝန်ရှိသူများက မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုလျှော့နည်းစေရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြောင်း သိရသည်။

ဆက်လူ

## ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး

နောင်ချို ဇွန် ၁၇

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း၌ ကျောင်းသား၊ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ဇွန်လ ၁၆ ရက်တွင် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးနေလင်းအေးနှင့် ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ဆောင်ရွက်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် ကတ်များလဲလှယ်ပေးခြင်းနှင့် UID ကတ်များပြုလုပ်ပေးသည်။

အဆိုပါ ဆောင်ရွက်ပေးရာသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူလင်းနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်အောင်သန်း၊ ဦးသီဟလှိုင်တို့က ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၈-၆-၂၀၂၆(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၁၄။ | ၁၂:၁၅ | လေးစားအတုယူစံနမူ |
| ၂။ | ၀၇:၁၀ | ကိုယ်လက်လှုပ်ရှားအားကစား | | | သူရဲကောင်းများ |
| ၃။ | ၀၇:၃၀ | မြန်မာသံစဉ်ချိုနားဝင် | ၁၅။ | ၁၂:၄၀ | မွေးမြူသုတ |
| ၄။ | ၀၈:၂၀ | မျိုးချစ်တပ်မတော် | ၁၆။ | ၁၂:၅၀ | သီချင်းလက်ဆောင် |
| ၅။ | ၀၈:၃၀ | သုတရသစုံလင်ဗဟုသုတပုံပြင် | ၁၇။ | ၁၃:၁၅ | တစ်ပတ်အတွင်းထိပ်တန်းရောက် |
| ၆။ | ၀၈:၄၀ | မောင်မယ်လေးများသိစေချင် | | | ကမ္ဘာ့သတင်းသုံးသပ်ချက် |
| ၇။ | ၀၉:၂၀ | ကျန်းမာသုတ | ၁၈။ | ၁၃:၂၀ | အမှတ်တရနေ့ရက်များ |
| ၈။ | ၀၉:၄၅ | ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၉။ | ၁၃:၅၀ | တစ်ချိန်ကသူတို့အကြောင်း |
| ၉။ | ၁၀:၁၅ | နိုင်ငံတကာသတင်း | ၂၀။ | ၁၄:၁၅ | သစ်တောသယံဇာတနှင့် |
| ၁၀။ | ၁၀:၃၀ | သာယာသီကြွေး | | | သဘာဝပတ်ဝန်းကျင် |
| | | ခေတ်ဆန်းတေး | ၂၁။ | ၁၈:၂၅ | စိုက်ပျိုးသုတ |
| ၁၁။ | ၁၁:၁၅ | ပြည်သူ့ကြားကပြည်သူ့စကား | ၂၂။ | ည ၈ နာရီ သတင်း အပြီး | အမျိုးသားရေးတေးကဗျာ |
| ၁၂။ | ၁၁:၂၅ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ | ၂၃။ | | ပန်းပေါင်းစုံစွာအနုပညာ |
| ၁၃။ | ၁၁:၄၅ | လူတိုင်းကျန်းမာသိမှတ်စရာ | ၂၄။ | | အတွေးအမြင် |


မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၆၇-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁-၅၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

**⊃ ရှေ့ဖုံးမှအဆက်**

အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကိုစောင့်ထိန်းရန်၊ တရုတ်-မြန်မာ "ဆွေမျိုးပေါက်ဖော်" ချစ်ကြည်ရေးကို ပိုမိုလက်ဆင့်ကမ်းသယ်ဆောင်ရန်၊ တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှု၊ ညှိနှိုင်းဆွေးနွေးမှုနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းမှုတို့အပေါ်အခြေခံ၍ ကဏ္ဍစုံတွင် လက်တွေ့ကျပြီး အပြန်အလှန်အကျိုးပြုသည့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဖော်ဆောင်ရန်၊ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုကို ဆက်လက်မြှင့်တင်သွားရန်နှင့် နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးများ ဖော်ဆောင်ပေးရန် သဘောတူညီခဲ့ကြသည်။

၃။ နှစ်ဖက်လုံးက တစ်နိုင်ငံ၏ အဓိကအကျိုးစီးပွားနှင့် အလေးထားရမည့် အရေးကိစ္စရပ်များတွင် အပြန်အလှန်ခိုင်မာစွာ ဆက်လက်ပံ့ပိုးကူညီသွားကြမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကျင်းပခဲ့သည့်အပေါ် တရုတ်နိုင်ငံဘက်မှကြိုဆိုပြီး နိုင်ငံအတွင်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ဖော်ဆောင်ရန် မြန်မာနိုင်ငံဘက်မှ ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်ထောက်ခံသွားမည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။

တရုတ်နိုင်ငံဘက်မှမြန်မာနိုင်ငံအနေဖြင့်အမျိုးသားရေးအခြေအနေများနှင့်ကိုက်ညီပြီး ပြည်သူလူထုက ထောက်ခံအားပေးသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းအတိုင်း ဦးတည်သွားနေခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံဘက်မှ နိုင်ငံ၏အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားရေးဂုဏ်သိက္ခာတို့ကို ကာကွယ်စောင့်ရှောက်ခြင်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ လူမှုသဟဇာတဖြစ်ရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးဖော်ဆောင်မှုကိုလည်းကောင်း ခိုင်မာစွာပံ့ပိုးကူညီသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘက်မှ ကမ္ဘာပေါ်တွင် တရုတ်နိုင်ငံတစ်နိုင်ငံတည်းသာရှိကြောင်း၊ ထိုင်ဝမ်သည် တရုတ်နိုင်ငံပိုင်နက်၏ ခွဲခြား၍မရသော အစိတ်အပိုင်းတစ်ခုဖြစ်ကြောင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရသည် တရုတ်နိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုသည့် တစ်ခုတည်းသော တရားဝင်အစိုးရဖြစ်ကြောင်း အသိအမှတ်ပြုလျက် "တရုတ်နိုင်ငံတစ်နိုင်ငံတည်းမူဝါဒ"ကို ကိုင်စွဲထားသည့်အတိုင်း ဆက်လက်ရပ်တည်သွားမည်ဖြစ်ကြောင်း ထပ်လောင်းကတိပြုခဲ့သည်။ မြန်မာနိုင်ငံသည် မည်သည့်ပုံစံဖြင့်မဆို ပြုလုပ်သည့် "ထိုင်ဝမ်လွတ်လပ်ရေး" ဆောင်ရွက်မှုများကို ဆန့်ကျင်ပြီး ထိုင်ဝမ်နှင့် မည်သည့်တရားဝင်ဆက်သွယ်မှုမျိုးကိုမျှ ပြုလုပ်မည်မဟုတ်ကြောင်းနှင့် ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် ၂၇၅၈ ၏ အာဏာသက်ရောက်မှုသည် အငြင်းပွားဖွယ်ရာမရှိကြောင်း အလေးထားပြောကြားလျက် နိုင်ငံပြန်လည်ပေါင်းစည်းရေးအတွက် တရုတ်အစိုးရ၏ကြိုးပမ်းဆောင်ရွက်ချက်အားလုံးကို ခိုင်မာစွာပံ့ပိုးကူညီသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဟောင်ကောင်၊ ရှင်ကျန်းနှင့် ရှီးကျန့်တို့နှင့်သက်ဆိုင်သည့်ကိစ္စရပ်များကို တရုတ်နိုင်ငံ၏ ပြည်တွင်းရေးအဖြစ်မှတ်ယူပြီး အဆိုပါကိစ္စရပ်များအပေါ် တရုတ်ဘက်၏ တရားမျှတသော ရပ်တည်ချက်ကို ခိုင်မာစွာပံ့ပိုးကူညီသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒအပေါ် ကာလရှည်ကြာစွာ တစိုက်မတ်မတ်နှင့် မူဝါဒပိုင်းဆိုင်ရာ ကတိကဝတ်ပြုထားမှုအပေါ် တရုတ်နိုင်ငံဘက်မှ များစွာတန်ဖိုးထား အသိအမှတ်ပြုပါသည်။ တရုတ်နိုင်ငံ၏အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားပြန်လည်ပေါင်းစည်းရေးဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ ခိုင်မာသည့်ထောက်ခံအားပေးမှုအပေါ် တရုတ်နိုင်ငံက ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် မည်သည့်နိုင်ငံကမျှ ယင်းတို့၏နယ်မြေအား အခြားတစ်နိုင်ငံ၏ လုံခြုံရေးအကျိုးစီးပွားကို ထိခိုက်ပျက်စီးစေမည့် လုပ်ငန်းဆောင်ရွက်မှုများအတွက် အသုံးပြုခွင့်ပေးမည်မဟုတ်ကြောင်း နှစ်ဖက်လုံးက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

၄။ မြန်မာနိုင်ငံဘက်မှ သမ္မတ ရှီကျင့်ဖျင်၏ လူသားမျိုးနွယ်စုတစ်ရပ်လုံးအတွက် အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်ရေး အဆိုပြုချက်များအပြင် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံနှင့်ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုဆိုင်ရာအစီအမံတို့အပေါ် အလေးအနက်တန်ဖိုးထားပါသည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါမူဘောင်များသည် လူသားမျိုးနွယ်တစ်ရပ်လုံး၏ ဘုံအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တိုးတက်ဖြစ်ထွန်းမှုတို့ကို သိသာထင်ရှားစွာ အထောက်အကူပြုကြောင်း မှတ်တမ်းတင်အသိအမှတ်ပြုပါသည်။ နှစ်ဖက်လုံးက အထက်ဖော်ပြပါအယူအဆများနှင့် အစီအမံများအကောင်အထည်ဖော်မှုကိုမြှင့်တင်ရန် ရည်မှန်းထားပြီး ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်သွားရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးတို့ကို မြှင့်တင်ရာတွင် တက်ကြွစွာ ပါဝင်ပံ့ပိုးသွားရန် သဘောတူညီခဲ့ကြသည်။

၅။ နှစ်ဖက်လုံးသည် နိုင်ငံရေးအရ ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်ယုံကြည်မှု၊ နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ဖွံ့ဖြိုးတိုးတက်မှု၊ ဟန်ချက်ညီပြီး အပြန်အလှန်အားဖြည့်ပေးမည့် လုံခြုံရေးနှင့် အပြန်အလှန်ပေါင်းစည်းပေးမည့် ကူးလူးဆက်ဆံမှုများ ဖော်ဆောင်လျက် အပြန်အလှန်အကျိုးစီးပွားဖြစ်ထွန်းစေမှု၊ တန်းတူညီမျှရှိရေးနှင့် နှစ်ဖက်အကျိုးဖြစ်ထွန်းစေသည့် ပူးပေါင်းဆောင်ရွက်မှုဟူသော ရည်မှန်းချက်များအပေါ် အခြေခံ၍ "တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း" ကို အတူတကွပူးပေါင်းတည်ဆောက်သွားမည်ဖြစ်သည်။ နှစ်ဖက်လုံးက အဆင့်တိုင်းတွင် နီးကပ်သည့်ထိတွေ့ဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းသွားရန်၊ အုပ်ချုပ်မှုဆိုင်ရာ အတွေ့အကြုံဖလှယ်မှုများကို တိုးမြှင့်သွားရန်နှင့် အစိုးရ၊ ဥပဒေပြုလွှတ်တော်နှင့် ဒေသန္တရအာဏာပိုင်အချင်းချင်းအကြား ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားရန် သဘောတူညီခဲ့ကြသည်။

နှစ်ဖက်လုံးက ရပ်ဝန်းနှင့် ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်ကို အချိန်မီပြီးပြတ်စေရေးဆောင်ရွက်ရန်နှင့် လက်မှတ်ရေးထိုးရန် အလေးထားကြပြီး အဆင်သင့်ရှိကြောင်း ဖော်ပြခဲ့ကြသည်။ နှစ်ဖက်လုံးသည် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံအကောင်အထည်ဖော်မှုကို မြှင့်တင်ရန်နှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းနှင့် မန္တလေး-မူဆယ် ရထားလမ်းကဲ့သို့သော အဓိကစင်္ကြံစီမံကိန်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မပျက် ပုံမှန်မြှင့်တင်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ ဤစီမံကိန်းများကို အပြန်အလှန်လေးစားမှု၊ အပြန်အလှန်အကျိုးဖြစ်ထွန်းမှု၊ စီးပွားရေးအရ ဖြစ်မြောက်နိုင်စွမ်းရှိမှု၊ ဘဏ္ဍာရေးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှု စသည့်အခြေခံမူများဖြင့် လမ်းညွှန်ဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံလုံး၏ ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့် နိုင်ငံ၏အခြေအနေရပ်များနှင့် အပြည့်အဝကိုက်ညီမှုရှိစေမည်ဖြစ်သည်။ ထို့ပြင် နှစ်ဖက်လုံးသည် တရုတ်-မြန်မာ ရေနံနှင့်သဘာဝဓာတ်ငွေ့ပိုက်လိုင်းများကို အကျိုးရှိစွာအသုံးချကာ လျှပ်စစ်ဓာတ်အားလိုင်း အပြန်အလှန်ချိတ်ဆက်မှုကို အရှိန်အဟုန်မပျက် ပုံမှန်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး စီးပွားရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသော စွမ်းအင်မိတ်ဖက်ဆက်ဆံရေးကို ရှာဖွေဖော်ထုတ်သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံဘက်မှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့များ ဆက်လက်ပေးအပ်သွားရန်ဆန္ဒရှိကြောင်း ထပ်လောင်းပြောကြားခဲ့ပြီး ယင်းအပေါ် မြန်မာနိုင်ငံဘက်မှ ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

နှစ်ဖက်လုံးက စီးပွားရေးအရ လက်တွေ့ကျသည့် အပြန်အလှန်ဖြည့်ဆည်းပေးနိုင်မှုများကို အမြင့်ဆုံးမြှင့်တင်ရန် သတ္တုတွင်း၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဉာဏ်ရည်တုကဲ့သို့သောကဏ္ဍများတွင် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်လေးနက်စွာဆောင်ရွက်သွားရန်လည်း သဘောတူညီခဲ့ကြသည်။

နှစ်ဖက်လုံးက နှစ်ဖက်ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို အထောက်အကူပြုစေရန် စိုက်ပျိုးရေး၊ သစ်တောရေးရာနှင့် မွေးမြူရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန်၊ အရည်အသွေးမြင့်ထုတ်ကုန်များအတွက် ကန့်သတ်စောင့်ကြည့်စစ်ဆေးမှုဆိုင်ရာ ဝင်ရောက်ခွင့်များကို လွယ်ကူချောမွေ့စေရန်နှင့် နှစ်နိုင်ငံအကြား ခေတ်မီအကောက်ခွန်စီမံခန့်ခွဲမှုဆိုင်ရာများကို ရှာဖွေဖော်ထုတ်သွားရန် သဘောတူညီခဲ့ကြသည်။

နှစ်ဖက်လုံးသည် နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်သဘောပေါက်မှုမြှင့်တင်ရန်နှင့် နှစ်ဖက်ရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကို အထောက်အကူပြုစေရန်အတွက် ပညာရေး၊ ယဉ်ကျေးမှုဆိုင်ရာခရီးသွားလာရေး၊ ကျန်းမာရေး၊ လူငယ်ရေးရာ၊ မီဒီယာနှင့် လူသားအရင်းအမြစ်လေ့ကျင့်ပျိုးထောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။

ထို့ပြင် နှစ်ဖက်လုံးက နှစ်နိုင်ငံကုန်သွယ်မှု ပုံမှန်တိုးတက်လာမှုကို မှတ်တမ်းတင်ခဲ့ကြပြီး ကုန်သွယ်မှုကဏ္ဍ ပိုမိုကျယ်ပြန့်လာစေရန်နှင့် ကဏ္ဍစုံအသွင်ပြောင်းလဲလာစေရန်အတွက် ကြီးမားသောအလားအလာများရှိကြောင်း အသိအမှတ်ပြုခဲ့ကြသည်။ နှစ်ဖက်လုံးက တရုတ်ယွမ်-မြန်မာကျပ်တိုက်ရိုက်ပေးချေမှုယန္တရားကို လက်တွေ့အကောင်အထည်ဖော်ခြင်းဖြင့် ကုန်သွယ်မှုကို ပိုမိုလွယ်ကူချောမွေ့အောင် ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ ထို့အတူ စိုက်ပျိုးရေးအခြေခံထုတ်ကုန်ထုတ်လုပ်ခြင်း၊ ရေနံနှင့် စွမ်းအင်ကဏ္ဍကဲ့သို့သော နှစ်ဖက်အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့်ကဏ္ဍများတွင် ပိုမိုနီးကပ်သည့်ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု ပူးပေါင်းဆောင်ရွက်ရေးအတွက် ပံ့ပိုးကူညီသွားကြရန် ဆန္ဒပြုခဲ့ကြသည်။

နှစ်ဖက်လုံးသည် မြန်မာနိုင်ငံရှိ "တရုတ်နိုင်ငံရပ်ခြားစစ်ဆင်ရေးတပ်" (Chinese Expeditionary Force) အထိမ်းအမှတ်အဆောက်အအုံများ စနစ်တကျ ပြန်လည်တည်ဆောက်ရေးနှင့် စီမံခန့်ခွဲရေးတို့ကို သေချာစေရန် အတူတကွပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သည်။

တရုတ်နိုင်ငံဘက်မှမြန်မာနိုင်ငံ၏ လျှင်ဘေးအလွန်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တက်ကြွစွာကူညီပံ့ပိုးပေးမည်ဖြစ်သည်။ ယခင်က ပံ့ပိုးကူညီခဲ့သည့် အရေးပေါ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးပံ့ပိုးမှုများအပြင် တတ်နိုင်သမျှကို ဆက်လက်ပံ့ပိုးကူညီရန်ဆန္ဒရှိသည်။ နှစ်ဖက်လုံးသည် ရန်ကုန်မြို့ရှိအောင်ဆန်းအားကစားကွင်းကဲ့သို့သော အထင်ကရအထိမ်းအမှတ်စီမံကိန်းများ ပြန်လည်မွမ်းမံတည်ဆောက်ရေးကို ပူးတွဲမြှင့်တင်သွားမည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် လျော့ပါးစေရေး၊ ဆေးဝါးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ ပြည်သူလူထုဗဟိုပြု လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတို့တွင် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားကာ ပြည်သူများ၏ လူမှုစီးပွားဘဝကို အကျိုးပြုမည့် "သေးငယ်သော်လည်း ထိရောက်ကောင်းမွန်သော" (Small but Beautiful) အကူအညီပေးရေးစီမံကိန်းများကို ပိုမိုရှာဖွေဖော်ထုတ်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံဘက်မှ လျှင်အပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံ၏ ဆက်လက်ပံ့ပိုးကူညီမှုများနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ပါဝင်ပံ့ပိုးမှုများအပေါ် လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံဘက်မှ နှစ်ဖက်သဘောတူညီထားသည့် ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများမှတစ်ဆင့် တရုတ်နိုင်ငံ၏ ဆက်လက်ပံ့ပိုးကူညီမှုများကို ကြိုဆိုခဲ့သည်။ နှစ်ဖက်လုံးသည် စွမ်းအင်နှင့် လျှပ်စစ်ကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလေးနက်မှုရှိစေရန်နှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရန်၊ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများကိုမြှင့်တင်ရန်နှင့် နှစ်နိုင်ငံလုံး၏ ဘုံသာယာဝပြောရေးကို အထောက်အကူပြုစေရန်ရည်ရွယ်လျက် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု ဦးစားပေးကဏ္ဍများနှင့်အညီ နှစ်ဖက်သဘောတူညီထားသည့် အခြေခံအဆောက်အအုံ၊ ပြည်သူ့ဝန်ဆောင်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံကိန်းများကို အချိန်နှင့်တစ်ပြေးညီ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။

နှစ်ဖက်လုံးသည် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံကို အကောင်အထည်ဖော်ရန်နည်းလမ်းနှင့် နည်းစနစ်များကို ပူးတွဲလေ့လာရှာဖွေသွားမည်ဖြစ်ပြီး ဘုံဖြစ်သော၊ ဘက်စုံလွှမ်းခြုံသော၊ ပူးပေါင်းဆောင်ရွက်တတ်သော၊ ရေရှည်တည်တံ့သော လုံခြုံရေးအမြင်ကို ဆက်လက်စောင့်ထိန်းရန်၊ တရုတ်-မြန်မာလုံခြုံရေးဆိုင်ရာ မိတ်ဖက်ဆက်ဆံရေးထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ ဆွေးနွေးပွဲများနှင့် လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်နှင့် ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးစီမံအုပ်ချုပ်မှုကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရန် နည်းလမ်းများရှာဖွေသွားရန် သဘောတူညီခဲ့ကြသည်။ နှစ်ဖက်လုံးသည် တယ်လီဖုန်းနှင့် သတင်းအချက်အလက်နည်းပညာသုံး လိမ်လည်မှု တိုက်ဖျက်ရေး အပြည်ပြည်ဆိုင်ရာမဟာမိတ်အဖွဲ့ဖွဲ့စည်းခြင်းကို ထောက်ခံကြသည်။ နှစ်ဖက်လုံးသည် အွန်လိုင်းလောင်းကစားမှု၊ တယ်လီဖုန်းနှင့် သတင်းအချက်အလက်နည်းပညာသုံးလိမ်လည်မှု၊ နယ်စပ်ဖြတ်ကျော်လောင်းကစားမှု၊ လူကုန်ကူးမှု၊ တရားမဝင် နယ်စပ်ဖြတ်ကျော်မှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် အတုအပပြုလုပ်မှု၊ မှောင်ခိုကုန်သွယ်မှုနှင့် ငွေကြေးဆိုင်ရာ လိမ်လည်မှုများကဲ့သို့သော နယ်စပ်ဖြတ်ကျော်ပြစ်မှုဆိုင်ရာလှုပ်ရှားမှုများကို နှိမ်နင်းရန်အတွက် နှစ်နိုင်ငံနှင့် ဘက်စုံဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည်။ နှစ်ဖက်လုံးသည် မိမိတို့နိုင်ငံအသီးသီးအတွင်းရှိ တစ်ဖက်နိုင်ငံ၏ နိုင်ငံသားများနှင့် အဖွဲ့အစည်းများ၏ ဘေးကင်းလုံခြုံရေးအတွက် ကာကွယ်စောင့်ရှောက်မှုများကို တိုးမြှင့်သွားမည်ဖြစ်ပြီး "ရပ်ဝန်းနှင့် ပိုးလမ်းမ" တည်ဆောက်မှုအတွက် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်သွားမည်ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှ နိုင်ငံအတွင်းရှိ တရုတ်စီမံကိန်းများ၏လုံခြုံရေးကို

**စာမျက်နှာ ၄ သို့ ⊃**

➲ စာမျက်နှာ ၃ မှအဆက်

ကာကွယ်စောင့်ရှောက်မည်ဖြစ်ကြောင်း ထပ်လောင်းအတည်ပြုခဲ့သည်။

တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံရေးအရ ဆွေးနွေးညှိနှိုင်းမှုများမှတစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ရှေ့ဆက်ဖော်ဆောင်နေခြင်းအပေါ် ပံ့ပိုးကူညီပေးသွားမည် ဖြစ်သည်။ မြန်မာနိုင်ငံဘက်မှလည်း ဤကိစ္စရပ်တွင် အထူးသဖြင့် မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဖြစ်မြောက်စေရေးအတွက် တရုတ်နိုင်ငံ၏ အပြုသဘောဆောင်သည့် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်မှုအပေါ် ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့သည်။ နှစ်ဖက်လုံးက နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဘုံဖွံ့ဖြိုးတိုးတက်မှုတို့ကို ထိန်းသိမ်းရန်အတွက် ဆက်သွယ်ညှိနှိုင်းမှုများနှင့် ပေါင်းစပ်ညှိနှိုင်းမှုများကို တိုးမြှင့်လုပ်ဆောင်သွားရန် သဘောတူညီခဲ့ကြသည်။

၆။ နှစ်ဖက်လုံးသည် ကုလသမဂ္ဂကိုဗဟိုပြုသော နိုင်ငံတကာစနစ်၊ နိုင်ငံတကာဥပဒေကိုအခြေခံသော နိုင်ငံတကာလုပ်ထုံးလုပ်နည်းနှင့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်များနှင့် အခြေခံမူများအပေါ်အခြေခံသော နိုင်ငံတကာဆက်ဆံရေးဆိုင်ရာ အခြေခံစံနှုန်းများကို ခိုင်မာစွာစောင့်ထိန်းရန် သဘောတူညီခဲ့ကြသည်။ နှစ်ဖက်လုံးသည် အားလုံးပါဝင်နိုင်ပြီး မျှတ၍စနစ်ကျသော ကမ္ဘာ့အင်အားစုအများအပြားရှိသည့် (Multipolar) ကမ္ဘာကြီးဖြစ်ထွန်းလာစေရန်နှင့် အားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည့် အားလုံးပါဝင်နိုင်သော စီးပွားရေးကမ္ဘာလုံးဆိုင်ရာဖြစ်တည်မှုကို မြှင့်တင်ရန် သဘောတူညီထားသည်။ နှစ်ဖက်လုံးသည် တစ်ဦးတည်းမူဝါဒကျင့်သုံးခြင်း (Unilateralism)၊ မိမိစီးပွားရေးကိုသာ ကာကွယ်သောဝါဒ (Protectionism) ပုံစံအားလုံးကိုဆန့်ကျင်ကြပြီး၊ သီးသန့် "အစုအဖွဲ့ငယ်များ" (Small circles) ဖွဲ့စည်းခြင်း၊ အုပ်စုဖွဲ့ထိပ်တိုက်ရင်ဆိုင်မှုများကို လှုံ့ဆော်ခြင်း၊ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေသည့် စစ်ဝါဒအပေါ်ထောက်ခံအားပေးခြင်း (back of militarism)နှင့် အခြားသောဒေသတွင်းငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကိုအန္တရာယ်ဖြစ်စေသည့် လုပ်ရပ်များကိုပယ်ချကာ၊ ဒုတိယကမ္ဘာစစ်၏အောင်ပွဲနှင့် စစ်ပြီးခေတ် နိုင်ငံတကာလုပ်ထုံးလုပ်နည်းများကို ခိုင်မာစွာကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ နှစ်ဖက်လုံးသည် ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် သာယာဝပြောရေးတို့ကို ထိန်းသိမ်းမြှင့်တင်ရန်အရေးပါကြောင်း အလေးထားပြောကြားခဲ့ကြပြီး ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကိုဖြေရှင်းရာတွင် ဆွေးနွေးမှု၊ အပြန်အလှန်လေးစားမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကိုအခြေခံ၍ ချဉ်းကပ်ဆောင်ရွက်သင့်ကြောင်းနှင့် နိုင်ငံများအကြားတင်းမာမှုများကို ပိုမိုပြင်းထန်စေနိုင်သည့် မည်သည့်လုပ်ရပ်မျိုးကိုမဆိုရှောင်ရှားရန် လိုအပ်ကြောင်းကိုလည်း အလေးအနက်ထား ပြောကြားခဲ့ကြသည်။

တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံအနေဖြင့် "ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး အစီအမံမိတ်ဆွေများအဖွဲ့" (Group of Friends of the Global Development Initiative)သို့ ပါဝင်ခဲ့ခြင်းအပေါ် အသိအမှတ်ပြုပါသည်။ နှစ်ဖက်လုံးသည် ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် အကောင်အထည်ဖော်မှုကို အရှိန်အဟုန်မြှင့်တင်ရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံအောက်တွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရန် အသင့်ရှိကြသည်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံအနေဖြင့် "ကမ္ဘာလုံးဆိုင်ရာအုပ်ချုပ်မှု အစီအမံမိတ်ဆွေများအဖွဲ့"(Group of Friends of Global Governance)နှင့် "နိုင်ငံတကာစေ့စပ် ညှိနှိုင်းရေးအဖွဲ့"(International Organization for Mediation) သို့ ပါဝင်ခဲ့ခြင်းအပေါ် ကျေးဇူးတင်ရှိကြောင်း ဖော်ပြခဲ့သည်။ နှစ်ဖက်လုံးသည် စစ်မှန်သောနိုင်ငံစုံမူဝါဒကို ကျင့်သုံးရန်၊ နိုင်ငံတကာဆက်ဆံရေးကို ဒီမိုကရေစီစနစ်သို့ ရှေးရှုရန်နှင့် ပိုမိုမျှတပြီး ကျိုးကြောင်းဆီလျော်သော ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်ဖြစ်ထွန်းလာစေရန်အတွက် ကမ္ဘာလုံးဆိုင်ရာတရားမျှတမှုကို ပူးတွဲကာကွယ် စောင့်ရှောက်ရန် တောင်းဆိုကြသည်။

မြန်မာနိုင်ငံဘက်က ဉာဏ်ရည်တုဖွံ့ဖြိုးတိုးတက်မှုသည် အများပြည်သူ၏ဘုံအကျိုးစီးပွားကိုအထောက်အကူပြုစေရန်အတွက် "ကမ္ဘာ့လုံးဆိုင်ရာ ဉာဏ်ရည်တုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့"( World Artificial Intelligence Cooperation Organization) ဖွဲ့စည်းတည်ထောင်ရန် တရုတ်နိုင်ငံ၏အဆိုပြုချက်အပေါ် ကြိုဆိုခဲ့သည်။ တရုတ်နိုင်ငံဘက်မှ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုအုပ်ချုပ်မှုနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို အတူတကွမြှင့်တင်ရန်အတွက် အဆိုပါအဖွဲ့သို့ဝင်ရောက်ရန် အပြုသဘောဖြင့် ထည့်သွင်းစဉ်းစားနေခြင်းကို ကြိုဆိုပါသည်။

နှစ်ဖက်လုံးသည် တန်းတူညီမျှမှုနှင့် အပြန်အလှန်လေးစားမှုတို့အပေါ်အခြေခံ၍ လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များတွင် အမြင်ချင်းဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လိုလားကြပြီး၊ လူ့အခွင့်အရေးကိစ္စရပ်များကို နိုင်ငံရေးအမြတ်ထုတ်ခြင်း၊ လက်နက်သဖွယ် အသုံးချခြင်းနှင့် စံနှုန်းနှစ်မျိုး ကျင့်သုံးခြင်းတို့ကို ပြတ်သားစွာဆန့်ကျင်ကြသည့်အပြင်၊ လူ့အခွင့်အရေးကို အကြောင်းပြု၍ အချုပ်အခြာအာဏာပိုင်နိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းအား ပြတ်သားစွာဆန့်ကျင်ကြသည်။

၇။ နှစ်ဖက်လုံးသည် တရုတ်-အာဆီယံ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန်၊ ငြိမ်းချမ်းသာယာ၍ စိတ်ချလုံခြုံမှုရှိပြီး သာယာဝပြောသည့် လှပနှစ်လိုဖွယ်ရာအိမ်ဂေဟာကို အတူတည်ဆောက်ရေး၊ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို ပိုမိုမြင့်မားသောအဆင့်သို့ မြှင့်တင်ရေး၊ သာတူညီမျှမှုနှင့် ဘုံအကျိုးစီးပွားရှိသော ပူးပေါင်းဆောင်ရွက်မှုများကိုအခြေခံ၍ ပိုမိုနီးကပ်သည့် တရုတ်-အာဆီယံအေးအတူပူအမျှအသိုက်အဝန်းတည်ထောင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြသည်။ နှစ်နိုင်ငံလုံးသည် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ သာယာဝ ပြောရေးနှင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ရေး၊ ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုကို ရှေ့ဆက်ဖော်ဆောင်ရေး၊ ဖွံ့ဖြိုး တိုးတက်မှုကွာဟချက်များကို ကျဉ်းမြောင်းစေရေးနှင့် ပွင့်လင်းပြီး အားလုံးပါဝင်နိုင်သည့်ဒေသတစ်ခု ဖြစ်ပေါ်လာစေရေးပါဝင်ပံ့ပိုးရန် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ကြသည်။

နှစ်ဖက်လုံးသည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ရန်၊ (၅)ကြိမ်မြောက် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှုခေါင်းဆောင်များအစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးကို ပံ့ပိုးကူညီရန်၊ အဆင့်မြှင့်တင်ထားသော လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု "၂.၀" (LMC 2.0)မူဘောင်ကို လက်တွဲတည်ဆောက်ရန်နှင့် လန်ချန်း-မဲခေါင်နိုင်ငံများအကြား ငြိမ်းချမ်းသာယာဝပြောသော အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုကိုမြှင့်တင်ရန် သဘောတူညီခဲ့ကြသည်။ နှစ်ဖက်လုံးသည် ကုလသမဂ္ဂ၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO)၊ အာဆီယံ၊ ဘင်းမ်စတက် (BIMSTEC)နှင့် အက်ခမက်စ်(ACMECS) အပါအဝင် နိုင်ငံစုံမူဘောင်များတွင် အပြန်အလှန်ပံ့ပိုးကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်သွားရန် သဘောတူညီခဲ့ကြသည်။ မြန်မာနိုင်ငံ၏ တရားဝင်ရပိုင်ခွင့်များနှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံအနေဖြင့် အာဆီယံယန္တရားများနှင့် လုပ်ငန်းစဉ်များအားလုံးတွင်လည်းကောင်း၊ ကုလသမဂ္ဂတွင်လည်းကောင်း အပြည့်အဝ၊ တန်းတူညီမျှ ပါဝင်ဆောင်ရွက်နိုင်မှုကို တရုတ်နိုင်ငံက ထောက်ခံအားပေးသည်။

၈။ နှစ်ဖက်လုံးသည် ပို့ဆောင်ဆက်သွယ်ရေး၊ သိပ္ပံနှင့် နည်းပညာ၊ ဉာဏပစ္စည်း မူပိုင်ခွင့်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူ့ကျန်းမာရေးနှင့် မီဒီယာ အစရှိသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာရွက်စာတမ်းများစွာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

၉။ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးစွာကြိုဆိုဂုဏ်ပြုခဲ့သည့် သမ္မတ ရှီကျင့်ဖျင်၊ တရုတ်အစိုးရနှင့် တရုတ်ပြည်သူများအား လှိုက်လှဲစွာကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ပြီး သမ္မတရှီကျင့်ဖျင်အား နှစ်ဦးနှစ်ဖက်အဆင်ပြေမည့်ကာလတွင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ရင်းနှီးလှိုက်လှဲစွာဖြင့် ဖိတ်ကြားခဲ့သည်။

## မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆ ဖွင့်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်



**နေပြည်တော် ဇွန် ၁၇**

မဲခေါင် ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၆ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ Pan Pacific ဟိုတယ်၌ ကျင်းပရာ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး H.E. Mr. HUOT Hak၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မဟာမဲခေါင်ဒေသခွဲ အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့်ဗီယက်နမ်နိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များနှင့် ကိုယ်စားလှယ်များ၊ မဲခေါင်ခရီးသွားလုပ်ငန်း ညှိနှိုင်းရေးရုံးမှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက် အဖွဲ့အစည်းများ တက်ရောက်ကြသည်။

ဖိုရမ် ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ယခုဖိုရမ်သည် မူဝါဒရေးရာဆွေးနွေးမှုများ သာမက ဒေသခံပြည်သူလူထုကို ဗဟိုပြု၍ ခရီးသွားလုပ်ငန်းမှတစ်ဆင့် ကောင်းကျိုးများ မည်သို့မျှဝေဖန်တီးနိုင်သည်ဆိုသော လက်တွေ့ကျသည့် ကွင်းဆင်းဆောင်ရွက်မှုများ၊ ဈေးကွက်ရှာဖွေရေးနှင့်ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြံဉာဏ်ကောင်းများကို မျှဝေဖလှယ်နိုင်မည့် အဖိုးတန်ဆက်သွယ်မှုကွန်ရက်တစ်ခု ဖြစ်ကြောင်း၊ ထို့ပြင် မဟာမဲခေါင်ဒေသခွဲ အစားအစာပြပွဲကိုလည်း ထည့်သွင်းကျင်းပနိုင်ခဲ့သဖြင့် အစားအသောက်ယဉ်ကျေးမှုမှတစ်ဆင့် မိမိတို့ဒေသတွင်းနိုင်ငံများမှ ပြည်သူလူထု၊ ခရီးစဉ်ဒေသများနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ နောက်ခံသမိုင်းကြောင်းများကို ဖော်ထုတ်ပေးနိုင်မည့်အပြင် နယ်စပ်ဖြတ်ကျော် ယဉ်ကျေးမှုဖလှယ်မှုများကိုလည်း ပိုမိုအားကောင်းလာစေမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီးနှင့် မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးမှ အမှုဆောင်ဒါရိုက်တာတို့က အမှာစကားပြောကြားကြပြီး ဖိုရမ်ဆွေးနွေးမှုတွင် မဟာမဲခေါင်ဒေသခွဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်းပြည်ပမှကျွမ်းကျင်ပညာရှင်များ၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ် (ရန်ကုန်)မှ ကျောင်းသား၊ ကျောင်းသူများ ပါဝင် ဆွေးနွေးကြကြောင်း သိရသည်။

**မြဝတီ**

## လှိုင်းဘွဲ့မြို့၌ မျိုးစေ့ချကိရိယာ၊ ကောက်စိုက်စက်မျိုးစုံဖြင့် မိုးစပါးစိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ကျင်းပ

**ဘားအံ ဇွန် ၁၇**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်းဘွဲ့မြို့နယ် သမ္မာန်ကျေးရွာ တောင်သူများ၏ လယ်ကေ ၂၀ ၌ စက်မှုလယ်ယာဦးစီးဌာနမှခြောက်တန်းသွား Kubota ကောက်စိုက်စက်ကြီးနှစ်စီး၊ ခြောက်တန်းသွားလက်ဆွဲကောက်စိုက်စက် သုံးစီး၊ ရှစ်တန်းသွား မျိုးစေ့ချကိရိယာ ၁၀ လက်၊ Kubota 50 ထွန်စက်ကြီးတစ်စီးတို့ဖြင့် မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြသမှု၊ သဘာဝ မြေဆွေးပြုလုပ်သုံးစွဲပုံနှင့် စပါးခွံဖွဲပြာသဘာဝမြေဩဇာပြုလုပ်သုံးစွဲပုံတို့ကို လက်တွေ့ပြုလုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးပြီး တောင်သူများအတွက် မွေးမြူရေးလုပ်ငန်းသုံးဆေးဝါးများ၊ EM အရည်များနှင့် လက်ဆွဲမျိုးစေ့ချကိရိယာများကို အခမဲ့ပေးအပ်သည်။

ယင်းနောက် သမ္မာန်ကျေးရွာအနီးရှိ ရွာသာအေးမွေးမြူရေးဇုန်အတွင်း တောင်သူများ၏ အသားစားကြက်၊ ဥစားကြက်နှင့် မျိုးဝက်မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် သင်္ဘောဖြင့်လိုက်ပါစီးနင်း၍ ရှန်ဟိုင်းမြို့ ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက်၌ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြစ်ကြောင်းထိန်းသိမ်းထားရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာစဉ်။

➤ ကျောဖုံးမှအဆက်

**❖ မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်သယံဇာတများ ပေါကြွယ်ဝသည့်နိုင်ငံတစ်ခု ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများအောင်မြင်စွာဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားရှိ၊ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်စိတ်ချစွာဆောင်ရွက်ရန်ဖိတ်ခေါ်လို . . .**

မြန်မာနိုင်ငံတွင် ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှု ကဏ္ဍမြှင့်တင်နိုင်ရေးတို့အတွက် ရည်ရွယ်၍ တရုတ်နိုင်ငံသို့လာရောက်ရခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား ရှည်လျားသည့်နယ်နိမိတ် ထိစပ်နေမှုနှင့်အတူ ကူးလူးဆက်ဆံမှု သမိုင်းကြောင်းကောင်းများလည်းရှိပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်သယံဇာတများ ပေါကြွယ်ဝသည့်နိုင်ငံတစ်ခုဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုများ အောင်မြင်စွာ ဆောင်ရွက်နိုင်မည့်အခြေအနေကောင်းများကိုပိုင်ဆိုင်ထားရှိကြောင်း၊ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများကို ယုံကြည်စိတ်ချစွာဆောင်ရွက်ရန် ဖိတ်ခေါ်လိုကြောင်းပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ရှန်ဟိုင်းမြို့တော်ဝန်တို့သည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၊ ရှန်ဟိုင်းမြို့တို့အကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာကြသည့် အဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဇော်ဝင်းမြင့်နှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရှန်ဟိုင်းမြို့၊ မြို့တော်ဝန်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် ရှန်ဟိုင်းမြို့၊ မြို့တော်ဝန်တို့သည် ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြပြီး ရှန်ဟိုင်းမြို့၊ မြို့တော်ဝန်မှ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် ခရီးစဉ်တွင်လိုက်ပါလာသည့်ကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါ၍ ရှန်ဟိုင်းမြို့၊ ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက် သင်္ဘောဖြင့် လိုက်ပါစီးနင်း၍ ရှန်ဟိုင်းမြို့၏ ညပိုင်းမြို့ပြဖွံ့ဖြိုးတိုးတက်မှုအလှများကို လေ့လာကြည့်ရှုကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတဦးဆောင်သည့် အဖွဲ့ဝင်များသည် ရှန်ဟိုင်းမြို့ ဟွမ်းဖုဆိပ်ကမ်းသို့ရောက်ရှိလာရာ ရှန်ဟိုင်းမြို့မှ အမြင့်ဆုံးတာဝါဖြစ်သည့် Oriental Tower မှ တာဝန်ခံနှင့် တာဝန်ရှိသူများက လှိုက်လှဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် Oriental Pearl 2 အမည်ရှိ သင်္ဘောပေါ်သို့ ရောက်ရှိကြရာ ဧည့်ခန်းမဆောင်အတွင်း၌ Oriental Tower မှ တာဝန်ခံဖြစ်သူက ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက်ရှိအဆောက်အဦများ၏ ဖွံ့ဖြိုးတိုးတက်လာမှုများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များပြန်လည်မေးမြန်းဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဟွမ်းဖုမြစ်ကြောင်းတစ်လျှောက်၌ မြို့ပြဖွံ့ဖြိုးတိုးတက်မှုအခြေအနေများနှင့် မြစ်ကြောင်းထိန်းသိမ်းထားရှိမှုအခြေအနေများ၊ ရှန်ဟိုင်းမြို့ဒေသခံများ၏ အပန်းဖြေအနားယူနေမှုနှင့် လူမှုဘဝလှုပ်ရှားသွားလာနေမှုများအား ကြည့်ရှုလေ့လာခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၇**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူသည် ယမန်နေ့ညနေပိုင်းက တာဝန်ရှိသူများနှင့်အတူ သိမ်ဖြူအားကစားခန်းမ၌ကျင်းပသည့် ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အမျိုးသား၊ အမျိုးသမီးရိုးရာလက်ဝှေ့ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်သည်။




ဦးစွာ ပြိုင်ပွဲအမျိုးအစားအလိုက်ဗိုလ်လုပွဲစဉ်များယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးပြီး ဗိုလ်လုပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများက အမျိုးသား 60 KG (ဂ)တန်းပြိုင်ပွဲနှင့် အမျိုးသား 63.5 KG (ဂ)တန်းပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုများ၊ အမျိုးသား(လူသစ်တန်း) ပြိုင်ပွဲနှင့် အမျိုးသား(ဂ) တန်းပြိုင်ပွဲတွင် အကောင်းဆုံးဆုရရှိကြသူများ၊ အမျိုးသား (လူသစ်တန်း) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်အသင်း၊ အမျိုးသား(ဂ)တန်းပြိုင်ပွဲတွင် ပထမဆုရရှိသည့် ဗိုလ်တထောင်မြို့နယ်အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် ပထမဆုရရှိသည့် တွံတေးမြို့နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေနှင့် ဆုဖလားများကို ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေတံဆိပ်၊ ငွေတံဆိပ်နှင့် ကြေးတံဆိပ် အများဆုံးရရှိသည့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားကို ပေးအပ်ကြောင်း သိရသည်။

ဓွဲထက်ကို

# မီးရထားလမ်း ဘက်စုံအဆင့်မြှင့်တင်နိုင်ရေးနှင့် အထူးအမြန်ရထားပြေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး ဇွန် ၁၇**

မီးရထားလမ်း (သာယာဝတီ-ပြည်) လမ်းပိုင်း ဘက်စုံအဆင့်မြှင့်တင်နိုင်ရေးနှင့် အထူးအမြန်ရထားပြေးဆွဲနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာ့မီးရထားမှတာဝန်ရှိသူများနှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြန်မာ့မီးရထားတိုင်း(၆) အထွေထွေမန်နေဂျာက ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင်သို့ DEMU အထူးအမြန်ရထားပြေးဆွဲမည့်အစီအစဉ်များ၊ တရားမဝင်ရထားလမ်းကူးများတည်ရှိနေမှု၊ မီးရထားလမ်းများအဆင့်မြှင့်တင်နေမှုနှင့် ဘူတာစဉ်အလိုက် ရထားရပ်နားမည့်အစီအစဉ်များကိုလည်းကောင်း၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများက DEMU အထူးအမြန်ရထား ဖြတ်သန်းသွားမည့် မြို့၊ ရွာများတွင် ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် အစုန်၊ အဆန်သွားလာနိုင်ရေးကြိုတင်ပြင်ဆင်ထားရှိမှုကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့်တက်ရောက်လာသူများ၏ ပဲခူးတိုင်းဒေသကြီးအတွင်း DEMU အထူးအမြန်ရထားပြေးဆွဲနိုင်ရေး ပေါင်းစပ်ဆောင်ရွက်သွားမည့်အခြေအနေနှင့်သုံးသပ်အကြံပြုချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

# အွန်လိုင်းလိမ်လည်မှု လူကုန်ကူးမှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကျင်းပ


ဟင်္သာတ ဇွန် ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့ တာငါးဆယ်တောင်ရပ်ကွက် ကရင်ကျောင်းလမ်းရှိ ကွန်ပျူတာတက္ကသိုလ် (ဟင်္သာတ)ပင်မသုံးထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ဇွန်လ ၁၆ ရက်က အွန်လိုင်းလိမ်လည်မှု၊ လူကုန်ကူးမှုနှင့်မူးယစ်ဆေးဝါး အန္တရာယ်များအကြောင်း သိကောင်းစရာ အသိပညာပေးဟောပြောပွဲကျင်းပသည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် (ဟင်္သာတ) ဒုတိယပါမောက္ခချုပ် ဒေါက်တာထွန်းမြတ်အောင်က နိုင်ငံတကာ၌ဖြစ်ပေါ်နေသော အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ ကျောင်းသား၊ ကျောင်းသူများ သိရှိနိုင်စေရန်ရည်ရွယ်ပြီး ယခုကဲ့သို့ ဟောပြောပွဲကျင်းပခြင်းဖြစ်ကြောင်း၊ ယခုအခါ အွန်လိုင်းမှ နည်းမျိုးစုံဖြင့် လိမ်လည်ပြီးနောက် ဆက်စပ်၍ လူကုန်ကူးမှုများပါဆောင်ရွက်လျက်ရှိသည့်အတွက် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အွန်လိုင်းအသုံးပြုမှုများကို သတိထားကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်အစိုးရမှ တရားဝင်ထုတ်ပြန်ထားသော ဆိုက်ဘာဥပဒေများကိုလည်း သိရှိကြရန်လိုကြောင်း၊ မိမိပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် တန်ဖိုးရှိပြီး အားထားရသူများဖြစ်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် အမှာစကားပြောကြားသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့မှ ရဲအုပ်လွမ်းမိုးထွန်းက လူကုန်ကူးမှုနှင့်ပတ်သက်၍ဖြစ်ပွားခဲ့သော မှုခင်းဆိုင်ရာဖြစ်စဉ်များကိုလည်းကောင်း၊ ဟင်္သာတမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းကျော်ဌေးက အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားများ၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဟင်္သာတခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မျိုးဝင်းက မှုခင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းများကိုလည်းကောင်း အသီးသီးအသိပညာပေးဟောပြောခြင်းများ ပြုလုပ်ကြကာ တက်ရောက်လာသူများအား မှုခင်းဆိုင်ရာအသိပညာပေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့




# မျိုးစေ့ထုတ်စိုက်ခင်း စံပြစိုက်ခင်းများအတွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးအပ်

မိုးနဲ ဇွန် ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေမှ မျိုးစေ့ထုတ်စိုက်ခင်း၊ စံပြစိုက်ခင်းများအတွက် မျိုးစေ့နှင့် ဓာတ်မြေဩဇာများ ပံ့ပိုးပေးအပ်ခြင်းကို ဇွန်လ ၁၇ ရက်တွင် မြို့နယ်ကမ္ဘောဇခန်းမ၌ ဆောင်ရွက်သည်။



ရှေးဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်ဝင်းက အဖွင့်မိတ်ဆက်စကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်က မျိုးစေ့နှင့်ဓာတ်မြေဩဇာများကို တောင်သူများအနေဖြင့် စနစ်တကျ အကျိုးရှိစွာအသုံးပြုစေလိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မော်ဦးက မျိုးစေ့နှင့် ဓာတ်မြေဩဇာများပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မိုးနဲမြို့နယ်နှင့် ကျိုင်းတောင်းရှိ မျိုးစေ့ထုတ် ၅၅ ဧက၊ စံပြစိုက်ကွက် ဧက ၂၀ စုစုပေါင်း ၇၅ ဧကအတွက် ပြည်နယ်အစိုးရငွေလုံးငွေရင်းခွင့်ပြုငွေဖြင့် မျိုးစေ့နှင့်ဓာတ်မြေဩဇာများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက တောင်သူများလက်ဝယ်အရောက် ပံ့ပိုးပေးအပ်ကြကြောင်း သိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

# မြို့ပြသာယာစိမ်းလန်းစိုပြည်စေရေးအတွက် ပန်းအလှပင်နှင့် အရိပ်ရပင်များစိုက်ပျိုး

ပွင့်ဖြူ ဇွန် ၁၇

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြအင်္ဂါရပ်နှင့်အညီ သာယာစိမ်းလန်းစိုပြည်စေရေးအတွက် ဇွန်လ ၁၆ ရက်က မြို့ပတ်လမ်းဘေး (ဝဲ၊ ယာ) တစ်လျှောက် ပန်းအလှပင်နှင့်အရိပ်ရပင်များ စိုက်ပျိုးကြောင်း သိရသည်။

ထိုသို့စိုက်ပျိုးရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ကြီးကြပ်မှုဖြင့် ဝန်ထမ်းများပူးပေါင်းအဖွဲ့က မြို့ပြသာယာစိမ်းလန်းစိုပြည်စေရန် မြို့ပတ်လမ်းဘေး(ဝဲ၊ ယာ)များ၌ ရောင်စုံစက္ကူပန်းအလှပင် ၁၂ ပင်၊ သပြေဘူတပင် ၁၁ ပင်၊ ခရေပင် ၁၁ ပင်၊ ရေတမာပင် ၁၂ ပင် စုစုပေါင်း ပျိုးပင် ၄၆ ပင်ကို စနစ်တကျစိုက်ပျိုးကြပြီး မြို့တွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် လက်ခုပ်ကျေးရွာအနီး ရေဆိုးထုတ်မြောင်းအတွင်း ရွှံ့ညွန်သဲနုန်းများ ဆယ်ယူရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ကြသည်။

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြသန့်ရှင်းသာယာလှပရေးအတွက် မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ရေဆိုးထုတ်မြောင်းနှင့် ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ မြို့တွင်းလမ်းများနှင့် ရပ်ကွက်တွင်းလမ်းများ အဆင့်မြှင့်တင်ခြင်း၊ မြို့ပတ်ဝန်းကျင်သာယာစိမ်းလန်းစိုပြည်စေရန် အရိပ်ရပင်များနှင့် ပန်းအလှပင်များ ပျိုးထောင်၍ စနစ်တကျစိုက်ပျိုးခြင်းနှင့် စိုက်ပျိုးပြီးပန်းအလှပင်များ ပြုစုထိန်းသိမ်းခြင်း စသည့်လုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

# သာယာဝတီမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးဟောပြော

သာယာဝတီ ဇွန် ၁၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ ခရိုင်ဥပဒေရုံး၊ အမှတ်(၂)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စိတ် (သာယာဝတီ)တို့ပူးပေါင်း၍ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ဥပဒေအသိပညာပေးဟောပြောပွဲ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲများကို ဇွန်လ ၁၆ ရက်က သာယာဝတီမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် သာယာဝတီခရိုင် ဥပဒေအရာရှိက ဥပဒေပညာ အသိပညာပြန့်ပွားရေးအကြောင်း၊ အမှတ် (၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် (သာယာဝတီ)မှ တပ်ဖွဲ့စိတ်မှူး ရဲအုပ်ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်းခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများအား သတိပြုဆင်ခြင်နိုင်ရေးအကြောင်းအရာများကို အသိပညာပေးပြောကြားသည်။ ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ကျောင်းသား၊ ကျောင်းသူများအား မိမိဘဝအတွက် ရည်မှန်းချက်ပန်းတိုင်ထားရှိပြီး ပညာကိုကြိုးစားသင်ယူရန်၊ ကျောင်းစာသင်ယူရုံသာမက အားလပ်ချိန်များတွင် ပြင်ပဗဟုသုတများရရှိစေရန်၊ စာဖတ်သည့်အလေ့အထကောင်းများ ရရှိစေရန်နှင့် စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာရန်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စက္ကူပြဇာတ်၊ ပုံပြင်များပြောပြခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား အသိပညာဗဟုသုတရရှိနိုင်သည့် လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်များကိုပြသရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုလေ့လာကြကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ


တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ကျင်းပစဉ်။

နေပြည်တော် ဇွန် ၁၇

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြသည်။

အစည်းအဝေးတွင် သောက်သုံးရေ၊ စိုက်ပျိုးရေရရှိရေးအတွက် ကန်နှင့်အင်း ပြန်လည်တူးဖော်ပေးရေး၊ ဝန်ထမ်းအိမ်ရာ တည်ဆောက်ပေးနိုင်ရေး၊ လမ်းများအဆင့်မြှင့်တင်ပေးနိုင်ရေး၊ လျှပ်စစ်မီးရရှိရေး တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်း၊ ကော်မတီ သုံးခုဖွဲ့စည်း အတည်ပြုခြင်းတို့ကိုဆောင်ရွက်ကြသည်။

ဦးစွာ ညောင်ဦးမဲဆန္ဒနယ်မှ ဦးသိန်းပို၏ **ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စုရှိ တိမ်ကောလာနေသည့် ကမ္ဘကန်တော်ကြီးအား ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျက ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စုရှိ ကမ္ဘကန်တော်ကြီး၏ ရေဝင်လမ်းကြောင်းတူးဖော်ခြင်း၊ သဲစစ်ကန်တူးဖော်ခြင်းနှင့် ကန်အတွင်း၌ သဲနုန်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် ဘဏ္ဍာရေးနှစ်အလိုက် ခန့်မှန်းကုန်ကျစရိတ်တွက်ချက်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေ၌ တင်ပြတောင်းခံ၍ ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

သဲကုန်းမဲဆန္ဒနယ်မှ ဒေါ်ဥမ္မာမို့မို့ဇော်၏ **သဲကုန်းမြို့နယ်အတွင်းရှိ အင်းမအင်းရေယာဉ ဗ ဒသမ ၅ စတုရန်းမိုင် တိမ်ကောနေမှုအား တူးဖော်ပေးနိုင်ခြင်းအစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးအောင်ဇေယျက ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်ရှိ အင်းမအင်း တိမ်ကောနေမှုအား ယခုနှစ် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် အင်းမအင်း အရှေ့ဘက်ပင်မရေလမ်းကြောင်း ရှင်းလင်းတူးဖော်ခြင်းလုပ်ငန်း အလျား ၁ ဒသမ ၆ မိုင် အား Back Hoe On Pontoon ဖြင့် ရေလမ်းကြောင်းတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ (ငွေလုံးငွေရင်း) ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အင်းမအင်းတိမ်ကောနေမှုအတွက် လယ်ယာမြေများ နှစ်စဉ်ရေကြီးရေလျှံမှုမှ ကင်းဝေးစေရန် ရေစီးရေလာကောင်းမွန်စေရေး ရေလမ်းကြောင်းတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းအား နှစ်စဉ် ၂ မိုင်ခန့် တူးဖော်ပေးနိုင်ရေး ပြည်ထောင်စုမူလရန်ပုံငွေဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေဖြင့်လည်းကောင်း နှစ်စဉ်ထည့်သွင်းတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကော့ကရိတ်မဲဆန္ဒနယ်မှ ဒေါ်ခင်နီနီအောင်၏ **ကော့ကရိတ်မြို့အဝင်လမ်းမကြီးဘေး State Land သတ်မှတ်မြေနေရာဖြစ်သည့် စည်ပင်ရုံးရှေ့ မျက်နှာချင်းဆိုင်လမ်းရှိ မြေကွက်လပ်ပေါ်တွင် ဌာနဆိုင်ရာ စုပေါင်းရုံးနှင့်တွဲလျက် ဝန်ထမ်းအိမ်ရာပါ အဆောက်အဦဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** နေပြည်တော်ကောင်စီဝင် ဦးဝင်းမိုးခိုင်က ကော့ကရိတ်မြို့အဝင်လမ်းမကြီးဘေး အမှတ်(၅)ရပ်ကွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် မျက်နှာချင်းဆိုင်တွင် State Land အဖြစ် သတ်မှတ်ထားသောမြေနေရာ၌ စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အဦများ ဆောက်လုပ်ပေးခြင်းဖြင့် ဌာနဆိုင်ရာများနှင့် မြို့နေပြည်သူလူထုအတွက် လုပ်ငန်းကိစ္စရပ်များနှင့်နေထိုင်ရေးကိစ္စရပ်များပိုမိုအဆင်ပြေစေမည်ဖြစ်သဖြင့် မြေနေရာအမည်ပေါက်ရရှိရေး၊ စုပေါင်းရုံးနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခွင့်ပြုနိုင်ရေးကို ခွင့်ပြုချက်ရယူပြီး ကရင်ပြည်နယ်အစိုးရအဖွဲ့ဘဏ္ဍာငွေဖြင့် ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

လင်းခေးမဲဆန္ဒနယ်မှ စိုင်းထွန်းစံ(ခ)စိုင်းဆေဟာန်၏ **လင်းခေးမြို့မှဝမ်စစ်ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် လမ်းပိုင်းအနက် စံချိန်စံညွှန်းမပြည့်မီသည့် ကွန်ကရစ်လမ်း ၁၁ မိုင်အား မည်သည့်ဘဏ္ဍာရေးနှစ်အတွင်း အပြီးသတ်ဆောင်ရွက်ပေးနိုင်မည်ကိုသိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက လင်းခေးမြို့နယ်မှ ဝမ်စစ်ကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့်လမ်းပိုင်းသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့်လည်းကောင်း ပြည်နယ်ရန်ပုံငွေဖြင့်လည်းကောင်း ကျောက်လမ်း ၈ မိုင်၊ ကျောက်လမ်းပြင်ထိန်း ၅ မိုင်၊ ကတ္တရာလမ်း ၃ မိုင်ကျော်၊ ကွန်ကရစ်လမ်း ၂ မိုင်၊ တံတား သုံးစင်းနှင့် Box Culvert ၁၄ စင်း ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ကတ္တရာလမ်း ၀/၄ မိုင်နှင့် ကွန်ကရစ်တံတားနှစ်စင်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျန်ရှိသော လမ်းပိုင်းများအား ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ နှစ်စဉ်အပိုင်းလိုက် ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်း၏ **မိုင်းပျဉ်းမြို့နယ် မိုင်းပုအွန်-မိုင်းရှဲန် ကျေးလက်ကုန်ထုတ်လမ်းအား ပြန်လည်ပြုပြင်အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းပုအွန်- မိုင်းရှဲန် လမ်း ၁၈ မိုင်ကို ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဖောက်လုပ်ပေးခဲ့ပါကြောင်း၊ အဆိုပါလမ်းအား လမ်းအဆင့်မြှင့်တင်နိုင်ရေးအတွက် မြေသားလမ်းတာချဲ့ခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ရမည်ဖြစ်ပြီး ဘဏ္ဍာငွေခွဲဝေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစိုင်းဝန်းဆမ်၏ **မိုင်းခတ် – မိုင်းညှင်းလမ်းပေါ်ရှိ အတက်အဆင်း မတ်စောက်သည့်နေရာများတွင် ကွန်ကရစ်ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ၊ မေးခွန်းနှင့် စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းခတ်မြို့နယ် မိုင်းခတ်–မိုင်းညှင်းလမ်းသည် ၂၂ မိုင်ရှိပြီး သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနတို့က စီမံခန့်ခွဲသည့်လမ်းဖြစ်ပြီး ဘဏ္ဍာရေးနှစ်အလိုက် ကျောက်လမ်းနှင့် ကွန်ကရစ်ခင်းခြင်းကို အပိုင်းလိုက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခု ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ၄ ဖာလုံ ဆောင်ရွက်ရန် ရန်ပုံငွေခွင့်ပြုပြီးဖြစ်ပါကြောင်း၊ ကျန်ရှိသောလမ်းပိုင်းများကို နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုသို့မဟုတ် ပြည်နယ်အစိုးရ ရန်ပုံငွေတို့မှ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းယောင်းမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ခမ်း၏ **ဝမ်ဘိုး –ဝမ်မန်း ကျေးရွာအုပ်စုချင်းဆက်လမ်းပေါ်ရှိ ရေတိုက်စား၍ ပျက်စီးသွားခဲ့သည့် ဝမ်ဘိုးတံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက မိုင်းယောင်းမြို့နယ် ဝမ်ဘိုးကျေးရွာအထွက်၌ရှိသည့် ၄၅ ပေခန့် သစ်သားတံတားမှာ ၂၀၁၀ ပြည့်နှစ်တွင် ကိုယ်ထူကိုယ်ထအစီအစဉ်ဖြင့် ဆောက်လုပ်ထားသည့် တံတားဖြစ်ပြီး မိုင်းယောင်း- ကျိုင်းကုန်းလမ်းပိုင်းတွင်ပါဝင်သည့် အဆိုပါတံတားအသစ်အား ပြန်လည်တည်ဆောက်နိုင်ရေးကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်နယ်ရန်ပုံငွေစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားပြီး ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းစိန်ဝင်း၏ **ဝမ်ဆန်းကျေးရွာအုပ်စု ဝမ်ဆန်းကျေးရွာနှင့် ဝမ်ဟိုင့်ကျေးရွာအုပ်စု ဝမ်ယိန်းကျေးရွာအုပ်စုများသည် ယနေ့ထိ လျှပ်စစ်မီးမရရှိသေးပါသဖြင့် လျှပ်စစ်မီးတိုးချဲ့ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ၊ အစီအစဉ်မရှိပါက ဦးစားပေးအစီအစဉ်ဖြင့် ထည့်သွင်းပေးပါရန် သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်က လဲချားမြို့နယ် ဝမ်ဆန်းကျေးရွာအုပ်စု ဝမ်ဆန်းကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂ မိုင် လိုအပ်သော တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

အလားတူ ဝမ်ဟိုင့်ကျေးရွာအုပ်စုနှင့် ဝမ်ယိန်းကျေးရွာအုပ်စုတို့အား နိုင်ငံတော်ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန် ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်မှစတင်၍ ရန်ပုံငွေခွင့်ပြုရရှိမှု အပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျွန်းလှမဲဆန္ဒနယ်မှ ဦးစိုးကျော်နိုင်၏ **ကျွန်းလှမြို့နှင့် ကန့်ဘလူမြို့အပါအဝင်ငါးမြို့နယ်များအတွင်းရှိ ကျေးရွာများမှ ပြည်သူများ လျှပ်စစ်မီးမရရှိမှုကြောင့် ကြုံတွေ့နေရသော အခက်အခဲများကို လျင်မြန်စွာဖြေရှင်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့ရှိ ကျေးရွာများသို့ ဖြန့်ဖြူးနေသည့် ဓာတ်အားလိုင်းစနစ်များသည် အကြမ်းဖက်သောင်းကျန်းသူများကြောင့် ဓာတ်အားပေးစက်ရုံအစိတ်အပိုင်းများနှင့် ဓာတ်အားခွဲရုံ (Switchyard) အတွင်းရှိဓာတ်အား လက်ခံ၊ ပို့လွှတ်ပစ္စည်းများ မီးလောင်ပျက်စီးခြင်းနှင့် စက်ရုံအောက်ဆုံးထပ်အတွင်း ရေဝင်ရောက်နစ်မြုပ်ခြင်းတို့ ဖြစ်ပေါ်ခဲ့သောကြောင့် ဓာတ်အားထုတ်လုပ်ပေးနိုင်ခြင်းမရှိတော့ပါကြောင်း။

ပျက်စီးဆုံးရှုံးမှုစာရင်းအရ လိုအပ်သောပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် ရန်ပုံငွေတောင်းခံဝယ်ယူရေးဆောင်ရွက်ပြီး အစားထိုးတပ်ဆင်စမ်းသပ်မောင်းနှင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ဓာတ်အားပေးစက်များပြန်လည်မောင်းနှင်ဓာတ်အားထုတ်လုပ်ချိန်တွင် ဓာတ်အားပေးစက်များကို သီးခြားမောင်းနှင်၍ ၃၃ ကေဗွီ သဖန်းဆိပ်–ကန့်ဘလူ ဓာတ်အားလိုင်းဖြင့် ကန့်ဘလူမြို့နှင့် ကျွန်းလှမြို့တို့သို့လည်းကောင်း၊ ၃၃ ကေဗွီ သဖန်းဆိပ်–လိပ်ဆင်းတောင် ဓာတ်အားလိုင်းဖြင့် စက်ရုံပတ်ဝန်းကျင်ရှိ ကျေးရွာများသို့လည်းကောင်း ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရေးစီမံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပြည်မဲဆန္ဒနယ်မှ ဦးမျိုး(ခ)ဦးမျိုးအောင်၏ **ပြည်မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စုများရှိ ခေတ်ကာလနှင့် ကိုက်ညီမှုမရှိသော လျှပ်စစ်ဓာတ်အားပေးလိုင်း၊ ကြေးကြိုးများအား (TWO COVER)ရှိသော ကြိုးသစ်များဖြင့် မည်သည့်အချိန်တွင်အသစ်လဲလှယ်တပ်ဆင်ပေးရန် အစီအစဉ်ရှိ မရှိမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က ပြည်မြို့နယ် ရပ်ကွက်/ ကျေးရွာအုပ်စုများအတွင်း တည်ဆောက်သွယ်တန်းထားသည့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများအနက် ၃၁ မိုင်မှာ သက်တမ်းကြာမြင့်ပြီး ကြိုးအရွယ်အစားသေးသည့်အတွက် မီးသုံးသူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ ဗို့အားကောင်းမွန်စေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် Insulated Wire(ကာဗာကြိုး)များဖြင့် အစားထိုးလဲလှယ်ခြင်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေတွင် ဘဏ္ဍာရေးနှစ်အလိုက် ထည့်သွင်းလျာထားပြီး နှစ်စဉ်ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ညောင်ပင်ကြီး–ဂန့်ဂေါ–ကလေး မဟာဓာတ်အားလိုင်းမှတစ်ဆင့် ကလေးဝ–မော်လိုက်အထိ ရရှိနေသောလျှပ်စစ်ဓာတ်အားများဖျက်ဆီးခံရ၍ပြတ်တောက်လျက်ရှိပါကြောင်း၊ ဓာတ်အားလိုင်း ပြုပြင်ရေးနှင့် မဟာဓာတ်အားလိုင်း ပြန်လည်တပ်ဆင်နိုင်ရေးကို ဦးစားပေးစီစဉ်ဆောင်ရွက်နိုင်ရေး ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က

**စာမျက်နှာ ၈ သို့ ◆**

◆ စာမျက်နှာ ၇ မှအဆက်

ကလေးဝမြို့နယ်အား ၂၃၀ ကေဗွီ ညောင်ပင်ကြီး-ချောင်းကူး ဓာတ်အားလိုင်းဖြင့်ချောင်းကူးဓာတ်အားခွဲရုံတွင်ဓာတ်အားလက်ခံပြီး ၎င်းဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီ ချောင်းကူး-ဂန့်ဂေါ-ကလေး-ကလေးဝဓာတ်အားလိုင်းဖြင့် ချိတ်ဆက်၍ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးထားခြင်းဖြစ်ပါကြောင်း။

အကြမ်းဖက်သမားများ၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တာ၀ါတိုင် ၁၆ တိုင် ၂၀၂၅ ခုနှစ် မတ်လတွင် ပြိုလဲခဲ့ပါကြောင်း၊ ဓာတ်အားလိုင်း ပြန်လည်ပြုပြင်နိုင်ရေးလုပ်ငန်းကို နယ်မြေအခြေအနေအပေါ်မူတည်၍ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေ၏ **တပ်ကုန်းမြို့နယ်အတွင်း လျှပ်စစ်ဓာတ်အားရရှိရန်ကျန်ရှိနေသော ကျေးရွာ ၂၄ ရွာကို 5 Year Plan ၏ လျာထားချက်အတိုင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်ခန့်နှင့် ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံအား ကရင်ချောင်းကျေးရွာတွင် တည်ဆောက်ခြင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်း ၆၂ ဒသမ ၉၈ မိုင် တည်ဆောက်ခြင်းနှင့် ၁၁/၀ ဒသမ ၄ကေဗွီ၄၁၆၀ ကေဗွီအေတည်ဆောက်ခြင်းလုပ်ငန်းများအား ရေတို၊ ရေရှည်အစီအမံများချမှတ်၍ ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအေးကျော်က တပ်ကုန်းမြို့နယ်အတွင်း မီးလင်းရန်ကျန်ရှိနေသော ကျေးရွာ ၂၄ ရွာရှိ အိမ်ခြေ ၅၈၀၀ ကျော် ဓာတ်အားရရှိရန်အတွက် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၉ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေအား ပြည်ထောင်စုရန်ပုံငွေဖြင့် ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်မှစတင်၍ တင်ပြတောင်းခံပြီး ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ဆောင်ရွက်ရန် ကျန်ရှိသည့် စိန်ပန်းပင်၊ စိန်ပန်းခိုင်၊ ဥသျှစ်ကုန်း၊ သဖန်းချောင်း၊ ကန့်နီ၊ ဇောင်းလျားကုန်း၊ လယ်ဇပင်၊ ဖက်သန်းတောင်နှင့်သံပုရာကုန်း ကျေးရွာများ ဓာတ်အားရရှိရေး ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၀ ဒသမ ၇၇ မိုင်နှင့် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာကိုးလုံး တည်ဆောက်ခြင်းလုပ်ငန်းအတွက် ကုန်ကျစရိတ်ငွေကျပ်၂၇၇၁ ဒသမ ၃၅၀ သန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ လက်ပံအိုင့်၊ ရွာသစ်၊ လွှပုံ၊ သာယာအေး၊ ညောင်ပင်သာလေး၊ ကျီးအင်းနှင့် မယ်ဇလီကျင်းကျေးရွာများ ဓာတ်အားရရှိရေး တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၅၀၄ ဒသမ ၁၀၀ သန်းအား ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်တွင်လည်းကောင်း၊ သဲချောင်း၊ ညောင်ပင်ကွင်း၊ ရွှေမောင်းဂွက်၊ ချောင်းဆုံ (တောင်+မြောက်)၊ ညောင်ပတ်၊ အောင်သပြေ၊ တုံးချိုးနှင့် ကံနှစ်ဆင့်ကျေးရွာများ ဓာတ်အားရရှိရေး တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေကျပ် ၂၈၁၅ ဒသမ ၇၄၀ သန်းအား ၂၀၂၉-၂၀၃၀ ဘဏ္ဍာနှစ်တွင်လည်းကောင်း နေပြည်တော်ကောင်စီ၏ ဘတ်ဂျက်ဖြင့် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေးအဋ္ဌမနေ့တွင် လွှတ်တော်သို့ အသိပေးတင်ပြခဲ့ပြီးဖြစ်သည့် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံနည်းပညာကော်မတီနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကော်မတီတို့တွင် ပါဝင်မည့် အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများနှင့် ကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ လွှတ်တော်၏ အတည်ပြုချက်ရယူသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ဒသမနေ့ကို ဇွန်လ ၁၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

မြဝတီ

# အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ အဖွင့်ပွဲစဉ် ယှဉ်ပြိုင်စဉ်။

နေပြည်တော် ဇွန် ၁၇

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၆ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် လားရှိုးမြို့ ပြည်ထောင်စုအားကစားကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားသမားများ၊ ဖိတ်ကြားထားသူများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့်တက်ရောက်လာကြသူများက အဖွင့်ပွဲစဉ်အဖြစ် လားရှိုးတပ်နယ်(က)အသင်းနှင့် လားရှိုးတပ်နယ်(ခ) အသင်းတို့၏ ယှဉ်ပြိုင်မှုများအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိတပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဇွန်လ ၂၂ ရက်ထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြန်မာ-ကမ္ဘောဒီးယား-ထိုင်း သုံးနိုင်ငံလေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပါက ပြည်ပခရီးသွားဝင်ရောက်မှုတိုးတက်လာမည်

ရန်ကုန် ဇွန် ၁၇

မြန်မာ-ကမ္ဘောဒီးယား-ထိုင်း သုံးနိုင်ငံလေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပါက မြန်မာနိုင်ငံသို့ ပြည်ပခရီးသွားဝင်ရောက်မှုတိုးတက်လာနိုင်ကြောင်း မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်ဆွေးနွေးမှုများအရ သိရသည်။



မြန်မာ၊ တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အမျိုးသားခရီးသွားလုပ်ငန်းတာဝန်ရှိသူများ၊ ကိုယ်စားလှယ်များ၊ နိုင်ငံတကာခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများပါဝင်တက်ရောက်ဆွေးနွေးကြသည့် မဲခေါင်ခရီးသွားလုပ်ငန်းဖိုရမ်ကို ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပလျက်ရှိသည်။

"မြန်မာနိုင်ငံ ခရီးသွားကဏ္ဍဖွံ့ဖြိုးဖို့ဆိုရင် ခရီးသွားဝင်ရောက်မှုများတဲ့ နိုင်ငံတွေနဲ့ တိုက်ရိုက်လေကြောင်းပြေးဆွဲမှုလိုပါတယ်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ ကမ္ဘောဒီးယားနိုင်ငံနဲ့ တိုက်ရိုက်ခရီးစဉ်သယ်ယူပို့ဆောင်နိုင်ဖို့ ကြိုးပမ်းနေတာရှိပါတယ်။ ကမ္ဘောဒီးယားနိုင်ငံရဲ့ အန်ကောဝပ်ဘုရားကျောင်းကို နှစ်စဉ် ခရီးသွားငါးသန်းနီးပါး ဝင်ရောက်နေတဲ့အတွက် အဲဒီကနေ မြန်မာနိုင်ငံကို တိုက်ရိုက်လေကြောင်းလိုင်းရှိမယ်ဆိုရင် မြန်မာနိုင်ငံရဲ့အသည်းနှလုံး ပုဂံအပါအဝင် အခြားခရီးသွားဒေသတွေကို ခရီးသွားတဖွဲ့ဖွဲ့ဝင်ရောက်လာမှာပါ။ အဲဒီအစီအစဉ်ကို မြန်မာ-ကမ္ဘောဒီးယား-ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မယ်ဆိုရင် မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းရေရှည်ဖွံ့ဖြိုးလာမှုကို အထောက်အပံ့ဖြစ်စေမှာပါ"ဟု မြန်မာနိုင်ငံခရီးသွားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက ပြောသည်။

မြန်မာ-ကမ္ဘောဒီးယား-ထိုင်း သုံးနိုင်ငံသည် နိုင်ငံချင်းဆက်စပ်တည်ရှိပြီး ယဉ်ကျေးမှုပိုင်းဆိုင်ရာဆက်နွှယ်မှုတို့ကြောင့် နိုင်ငံတကာခရီးသွားများ စိတ်ဝင်စားမှုများသည့် ခရီးစဉ်ဒေသများဖြစ်သည့်အတွက် ခရီးသွားကဏ္ဍရေရှည်ဖွံ့ဖြိုးမှုကို အထောက်အပံ့ဖြစ်စေရန် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့်ခရီးသွားအေဂျင်စီများက သုံးနိုင်ငံလေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲနိုင်ရေးကို မျှော်လင့်လျက်ရှိကြောင်း သိရသည်။ **ဓာတ်ပုံ - ခွဲမာန်**

**သစ္စာ(mna)**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) အပြီး လက်ရှိချန်ပီယံ ရော၀တီအသင်း ဂိုးကွာခြားချက်အသာဖြင့်ဦးဆောင်



နေပြည်တော် ဇွန် ၁၇

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကကြီးမှူး၍ Max Energy ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) ကို ဇွန်လ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပလျက်ရှိရာ လက်ရှိချန်ပီယံ ရော၀တီအသင်းက ဂိုးကွာခြားချက်အသာဖြင့် ထိပ်ဆုံးတွင် ဦးဆောင်နေသည်။

ပွဲစဉ် (၁)တွင် လက်ရှိချန်ပီယံ ရော၀တီအသင်းက သစ္စာအားမာန်အသင်းကို ၄ ဂိုး ဂိုးမရှိ၊ ဇွဲကပင်ယူနိုက်တက်အသင်းက ရန်ကုန်စီးတီးအသင်းကို ၃ ဂိုး ဂိုးမရှိ၊ ရန်ကုန်ယူနိုက်တက်အသင်းက ရတနာပုံအသင်းကို ၃ ဂိုး - ၁ ဂိုး၊ Young Lionesses အသင်းက မြဝတီအသင်းကို ၂ ဂိုး- ၁ ဂိုး၊ အား/ကာသိပ္ပံ (ISPE) အသင်းက ရှမ်းယူနိုက်တက်အသင်းကို ၄ ဂိုး - ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁)တွင် ရော၀တီ၊ အား/ကာသိပ္ပံ၊ ဇွဲကပင်ယူနိုက်တက်၊ ရန်ကုန်ယူနိုက်တက်နှင့် Young Lionesses အသင်းတို့ သုံးမှတ်စီရရှိပြီး ဂိုးကွာခြားချက်အသာဖြင့် ရော၀တီအသင်းက ထိပ်ဆုံးတွင် ဦးဆောင်နေကာ မြဝတီ၊ ရတနာပုံ၊ ရန်ကုန်စီးတီး၊ ရှမ်းယူနိုက်တက်နှင့် သစ္စာအားမာန်အသင်းတို့က အမှတ်မရသေးကြောင်းနှင့် ပွဲစဉ်(၂)ကို ဇွန်လ ၂၂ ရက်မှ ၂၄ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-ကိုစံ**

**ဓာတ်ပုံ-စံစိုးမြတ်**

# ပျဉ်းမနားမြို့၌ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်စာစောင်များငှားရမ်းပေး



ပျဉ်းမနား ဇွန် ၁၇

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများအရောက် လှည့်လည်ငှားရမ်းပေးလျက်ရှိရာ ဇွန်လ ၁၆ ရက် နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒက္ခိဏသီရိမြို့နယ် မဲဒီးကျေးရွာတို့သို့ သွားရောက်ငှားရမ်းပေးကြသည်။

စာအုပ်ငှားရမ်းဖတ်ရှုသူများ အဆင်ပြေစေရေးအတွက် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်၌ သုတ၊ ရသ စာအုပ်မျိုးစုံ ၂၀၀၀ ကျော် စီစဉ်ထားရှိပြီး စာအုပ်အသစ်များကိုလည်း စဉ်ဆက်မပြတ်လဲလှယ်ဖြည့်ဆည်းပေးလျက်ရှိကြောင်းနှင့် ယခုငှားရမ်းပေးခဲ့သောစာအုပ်များကို ရက်သတ္တတစ်ပတ်ပြည့်လျှင် ပြန်လည်အပ်နှံကာ စာအုပ်အသစ်များကို ထပ်မံငှားရမ်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများက ပြည်သူများ စာပေအလွယ်တကူ ဖတ်ရှုနိုင်စေရေးအတွက် ရွေ့လျားစာကြည့်တိုက် မော်တော်ယာဉ်ဖြင့် နေပြည်တော်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ရပ်ကွက်၊ ကျေးရွာများရှိစာဖတ်သူများလက်ဝယ်အရောက် လိုက်လံငှားရမ်းပေးခြင်းဖြစ်ပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင်လည်း သုတ၊ ရသစာအုပ်များကို မည်သူမဆိုအခမဲ့လာရောက်ငှားရမ်းဖတ်ရှုနိုင်ကြောင်း သိရသည်။

**ဟိန်းခန့်ဇော်(ပြန်/ဆက်)**

# ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် အသိပညာပေးဟောပြော

ဆင်ပေါင်ဝဲ ဇွန် ၁၇

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်၌ ဆင်ပေါင်ဝဲမြို့ အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇွန်လ ၁၆ ရက် မွန်းလွဲပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း ရတနာမော်ကွန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြိုးစန္ဒာသွယ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာအမျိုးသမီးများနေ့ဖြစ်ပေါ်လာပုံနောက်ခံသမိုင်းကြောင်းနှင့် လူမှုအဖွဲ့အစည်းအတွင်း အမျိုးသမီးများ၏အခန်းကဏ္ဍ၊ စွမ်းဆောင်ရည်မြှင့်တင်ပေးရန် လိုအပ်ချက်များကို အလေးထားပြောကြားပြီး မြို့နယ်ဥပဒေရုံး မြို့နယ်ဥပဒေအရာရှိဒေါ်နှင်းဝတ်ရည်က ကျောင်းသား၊ ကျောင်းသူများအား ဥပဒေအကြောင်းအရာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြောင်း သိရသည်။

ထို့နောက် မြို့မရဲစခန်း ဒုတိယရဲမှူးသူရဇော်က “လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာပေး” အကြောင်းအရာများကို ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်လင်းက ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေး၊ စာပေအသိပညာကြွယ်ဝရေးနှင့်ပတ်သက်၍ အသိပညာပေးဟောပြောကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော နံရံကပ်စာစောင်များအား ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခန့်ဝင်း(ဆင်ပေါင်ဝဲ)**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ ဆီထွက်သီးနှံ ကေ ၈၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး



မုံရွာ ဇွန် ၁၇

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနသည် ယခုမိုးသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံများအဖြစ် မြေပဲ၊ နှမ်းနှင့် နေကြာတို့ကို စုစုပေါင်းစိုက်ဧက ၈၅၀၀၀၀ ကျော်စိုက်ပျိုးရန် လျာထားကာ လက်ရှိအချိန်ထိ ဧကပေါင်း ၈၃၀၀၀ ကျော်စိုက်ပျိုးပြီးဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအပါအဝင် ခရိုင် ၁၄ ခရိုင်ရှိပြီး ယခုနှစ်မိုးရာသီတွင် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းရှိ ခရိုင်များ၌ ဆီထွက်သီးနှံအများဆုံး စိုက်ပျိုးမည်ဖြစ်ကာသတ်မှတ်ထားသည့်အတိုင်း လျာထားချက်ပြည့်မီစေရန် သက်ဆိုင်ရာတာဝန်ရှိသူများက တောင်သူများအား လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်လျက်ရှိသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးမြေပဲ ၃၇၄၄၈၃ ဧကလျာထားပြီး လက်ရှိမှာ ဧက ၅၆၉၉၀ စိုက်ပျိုးပြီးဖြစ်ပါတယ်။ စုစုပေါင်းအနေနဲ့ မိုးဆီထွက်သီးနှံ မြေပဲ၊ နှမ်း၊ နေကြာ စုစုပေါင်း စိုက်ဧက ၈၅၄၀၉၈ ဧကလျာထားပြီး လက်ရှိအချိန်အထိ ၈၃၄၁၈ ဧက စိုက်ပျိုးထားပြီးဖြစ်ပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဒေါ်စန်းစန်းမြင့်ကပြောသည်။

ယခုအခါ သက်ဆိုင်ရာ စိုက်ပျိုးရေးဦးစီးဌာနများမှ ဆီထွက်သီးနှံစိုက်ပျိုးမည့်တောင်သူများအား သတ်မှတ်အထွက်နှုန်းများ တိုးတက်ရရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိစေရန် ကူညီဆောင်ရွက်ကာ တစ်ဧကလျှင်သတ်မှတ်အပင်အရေအတွက် ပြည့်မီစေရန် စိုက်ပျိုးရေးနည်းပညာများနှင့် ပိုးမွှားကာကွယ်နှိမ်နင်းနည်းများကို ဖြန့်ဝေပေးလျက်ရှိသည်။

ပြည်တွင်း၌ စားသုံးဆီဖူလုံမှုကိုအထောက်အကူပြုစေရန်၊ ပြည်ပမှစားသုံးဆီတင်သွင်းမှုကို လျှော့ချနိုင်စေရန်နှင့် တောင်သူများဝင်ငွေတိုးပွားစေရန် စသည့်ရည်ရွယ်ချက်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှကြီးမှူး၍ နှစ်စဉ်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရာသီအလိုက် ဆီထွက်သီးနှံများကို လျာထားစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

## ပိုမိုအောင်မြင်ကြောင်း ခရီးကောင်း

❖ တရုတ်နှင့်မြန်မာ
ချစ်ကြည်စွာ တူယှဉ်တွဲလို့။
နှစ်ရှည်ကြာ အိမ်နီးချင်း
ဆွေရင်းတွေမို့။

❖ မြန်မာနှင့်တရုတ်
တရုတ်နှင့်တို့မြန်မာ
ကြည်သာစွာ နှစ်နိုင်ငံအရေး။
ငြိမ်းချမ်းစွာ တူယှဉ်တွဲလို့
ခိုင်မြဲတယ်လေး။

❖ ရေမြေတောတောင်
မြားမြောင်သည့် နယ်နိမိတ်။
ထိစပ်နေ စိတ်ဓာတ်ချင်း
ဆွေရင်းပုံရိပ်။

❖ လန်ချန်းမှ အစချီ
မြန်မာပြည် သံလွင်မြစ်။
မေတ္တာစေတနာ သယ်ကာပိုးလို့
ကောင်းကျိုးတွေဖြစ်။

❖ တိုးတက်လို့ ခေတ်မီမီ
ချစ်ကြည်စွာ ကုန်သွယ်ရေး။
ကုန်စည်ဖလှယ် စီးဆင်းမှု
ပြုကြမယ်လေး။

❖ ဆွေမျိုးပေါက်ဖော်
ရေးကကျော် ခေါ်စကား။
ယနေ့တိုင် ခိုင်ခိုင်မြဲလို့
ထူးကဲပေသား။

❖ နှစ်ပြည်ထောင် သမ္မတနှစ်ဦး
ထူးခြားလို့ ချစ်ကြည်စွာ
ကောင်းတဲ့စဉ်လာ။
သူ့အကျိုးကိုယ့်အကျိုးမျှတစွာ
ရွှင်ပြုံးစွာ လက်ချင်းယှက်။
ကဏ္ဍစုံ ပူးပေါင်းလို့
အောင်ကြောင်းတွေဆက်။

❖ တရုတ်-မြန်မာချစ်ကြည်ရေး
ဖော်ဆောင်ပေး ခရီးစဉ်။
အောင်မြင်ရာ အောင်မြင်ကြောင်း
ထပ်လောင်းလို့ပင်။
ကဏ္ဍပေါင်း စုံလင်
ယှဉ်တွဲမြင် ကြိုးစားပေး။
များပြည်သူ လွန်ကြည်နူးတယ်
ထူးခြားတယ်လေး။ ။

**မန္တလာကိုကိုဝင်း**

# လက်တွေ့အသုံးချဆေးနည်းတို (ဆေးမြီးတို) များ

**ဆရာကြီးရှင့်။ ကျွန်မရဲ့အမေက အသက် ၇၀ ကျော် လေဖြတ်ထားတာ ၁၀ နှစ်လောက်ရှိပါပြီ။ လမ်းကတော့ တွဲလျှောက်မှ လျှောက်နိုင်ပါတယ်။ အမေက အထူးသဖြင့် လမ်းမလျှောက်ချင်ပါဘူး။ တစ်ခါတစ်ရံ ထိုင်နေ၊ တစ်ခါတစ်ရံလှဲနေနဲ့ပဲ အချိန်ကုန်ပါတယ်။ လေဖြတ်ထားသူကို လမ်းလျှောက်မပေးရင် နောက်ထပ်တစ်ကြိမ် လေဖြတ်တတ်တယ်ဆိုတာ ဟုတ်ပါသလား။ အမေက အစပ်အလွန်ကြိုက်ပါတယ်။ လေဖြတ်ထားသူက အစပ်စားလို့တည့်ပါသလား။ သွေးပေါင်ကတော့ များသောအားဖြင့် ပုံမှန်ရှိပါတယ်။ အစားက တဖြည်းဖြည်းနည်းလာပါတယ်။ Ensure ဖျော်တိုက်ရင်လည်း အမေက မကြိုက်ပါဘူး။ လေဖြတ်ထားတဲ့သူအတွက် ဘယ်လိုအစားအသောက်မျိုးတွေ ကျွေးသင့်တယ်ဆိုတာ သိလိုပါတယ်။**

လေဖြတ်ထားသူတွေက တွဲပြီးလမ်းလျှောက်ရတာမို့ ကြာတော့ လမ်းမလျှောက်ချင်ဘူးဖြစ်လာတတ်ပါတယ်။ တစ်ခါတစ်ရံ တွဲပေးသူတွေက ပုံမှန်မဟုတ်ဘဲ မြန်မြန်လျှောက်ခိုင်းတာကြောင့် မောပြီး မလိုက်နိုင်ဘဲ မလျှောက်ချင်တော့တာလည်း ရှိတတ်ပါတယ်။ လေဖြတ်ထားသူတွေက လမ်းမလျှောက်ဘဲထားရင် တဖြည်းဖြည်း အာရုံကြောတွေထိုင်းမှိုင်းတာ၊ အစာမခြေဘဲ အဆီတိုးလာတာနဲ့ နောက်တစ်ကြိမ်ထပ်ပြီး လေဖြတ်တာလည်းရှိဖူးပါတယ်။ လူတိုင်းတော့မဟုတ်ပါဘူး။ ဖြစ်နိုင်ရင် နေ့စဉ် တစ်နာရီလောက်လမ်းတွဲလျှောက်ပေးရင် အကောင်းဆုံးပါပဲ။ လေဖြတ်ထားသူတွေအပေါ် စိတ်ရှည်ဖို့၊ သူ့အလိုကို သိဖို့ အလွန်အရေးကြီးပါတယ်။ အစားအသောက်အနေနဲ့ အဆီ၊ အငန်၊ အချိုလွန်ကဲတာနဲ့ အစပ်လွန်ကဲတာတွေ မစားမိဖို့လိုပါတယ်။ သွေးတိုးစေတဲ့ ငန်တဲ့အစာတွေကို အဓိကရှောင်ရပါမယ်။ သွေးတိုးနဲ့ ဆီးချိုကြောင့် လေဖြတ်တာများလို့ သွေးတိုး၊ ဆီးချိုကို အမြဲစောင့်ကြည့်စစ်ဆေးနေဖို့လိုပါတယ်။ အစပ်ကိုလည်း ထိုက်သင့်သလောက်စားနိုင်ပါတယ်။ အချဉ်ကိုလည်း နေ့စဉ်သင့်တင့်ရုံစားသင့်ပါတယ်။ အသားတွေစားရင် အနီရောင်အသားနဲ့ ဝမ်းတွင်းသားတွေကို ရှောင်ကြဉ်သင့်ပါတယ်။ အစာကို ပူပူနွေးနွေးကျွေးရင် အစာကြေစေပါတယ်။ ငါးများများကျွေးပေးရင် လေဖြတ်ထားသူတွေအတွက် အာရုံကြောတွေ ပိုကောင်းလာစေနိုင်ပါတယ်။ လေကောင်းလေသန့်ရတဲ့နေရာမှာထားပေးရင် အသက်ရှူဝပြီး အာရုံကြောတွေလည်း လန်းဆန်းစေနိုင်ပါတယ်။ လေဖြတ်ထားသူတွေကို အလုံပိတ်လှောင်ထားတဲ့ အခန်းတွေမှာ ထားရင် ပြန်မကောင်းနိုင်ပါဘူး။ လေဝင်လေထွက်ကောင်းပြီး နေရောင်ခြည်ရတဲ့အခန်းမှာထားရင် ပျောက်ကင်းစေနိုင်ပါတယ်။ အထူးသဖြင့် နံနက်ခင်းနေရောင်ခြည်ရအောင် လမ်းတွဲလျှောက်တာဖြစ်ဖြစ်၊ ဝိုးလ်ချဲပေါ်ထိုင်တာဖြစ်ဖြစ် နံနက် ၇ နာရီကနေ ၈ နာရီအတွင်း နေရောင်ခြည်ပြပေးပါ။ နေရောင်ခြည်က အရိုးအဆစ်တွေအားကောင်းစေပြီး လေဖြတ်ထားသူတွေကို ပြန်ကောင်းစေနိုင်ပါတယ်။ အသင့်စားအစားအသောက်တွေနဲ့ အာဟာရမှုန့်တွေထက် သဘာဝအတိုင်း ဆန်မှုန့်၊ ပဲမှုန့်တွေကို ငါးနဲ့ရောကျွေးပါ။ မုန့်ဟင်းခါးဟင်းရည်ချက်ကျွေးရင်လည်း အာဟာရဖြစ်စေပါတယ်။ လေဖြတ်ထားသူတွေအတွက် ပဲရာဇာခေါ် ပဲနီလေးက အနောက်တိုင်းအာဟာရမှုန့်တွေနည်းတူ အားရှိစေပါတယ်။ ပဲရာဇာလက်တစ်ဆုပ်၊ ဆန်လက်တစ်ဆုပ် ရောပြုတ်ပြီး နံနက်စောစောကျွေးပေးရင် လေဖြတ်ထားသူတွေအတွက် အားရှိပြီး အကြောအခြင်တွေလည်း သန်စွမ်းစေနိုင်ပါတယ်။ ညအိပ်မပျော်ရင် ရှောက်ရည်သုံးဇွန်း၊ သဘာဝပျားရည်တစ်ဇွန်း ရောစပ်တိုက်ကျွေးပေးပါ။ လေဖြတ်ထားသူတွေမှာ သွေးတိုးရှိနေရင် ခွေးတောက်၊ တမာ၊ ကြောင်လျှာ၊ ကြက်ဟင်းခါး စတဲ့အခါးတွေကို သတိထားကျွေးရပါမယ်။ သွေးတိုးတတ်ပါတယ်။ တချို့လေဖြတ်ထားသူတွေကို လေဆတ်တယ်ဆိုပြီး အခါးတွေကျွေးတာ မှန်ကန်မှုမရှိပါဘူး။ လေဖြတ်ထားသူတွေကို နေ့စဉ်အစာစားပြီးတိုင်း သွေးပေါင်ချိန်ပေးရင် အကောင်းဆုံးပါ။ ရဲယိုသီး၊ ရဲယိုရွက်တွေက လေဖြတ်ထားသူတွေ အကြောအဆစ်ပြန်ကောင်းဖို့ အလွန်အကျိုးပြုပါတယ်။ ရဲယိုရွက်နဲ့ ငါးခူချက်စားတာ၊ ရဲယိုသီးဖျော်ရည်လုပ်သောက်တာ၊ တောခလေ့အတိုင်း ရဲယိုသီးအမှည့်နဲ့ ထန်းလျက်ရောခေါက်စားတာက လေဖြတ်သူအတွက် အလွန်အကျိုးပြုပါတယ်။ မစားချင်မသောက်ချင်ဖြစ်ရင်လည်း စားချင်သောက်ချင်စိတ်ဖြစ်ပေါ်စေတဲ့ လိုင်စင်းဓာတ်က ရဲယိုသီးမှာပါတယ်လို့ သိရပါတယ်။ ဒါကြောင့် လေဖြတ်ထားသူတွေကို သဘာဝအသား၊ ငါး၊ အသီးအနှံတွေကို သူတို့စားနိုင်အောင်၊ ပျော့ပျော့ပျောင်းပျောင်းဖြစ်အောင် ပြုလုပ်ကျွေးမွေးခြင်းက ပိုပြီးအကျိုးရှိစေပါတယ်။ လေဖြတ်ထားသူတွေအတွက် အရေးကြီးတာက စိတ်ဓာတ်ကြံ့ခိုင်မှုပါပဲ။ သေချာဂရုစိုက်ပေးနေမယ်ဆိုရင် သက်တမ်းစေ့နေနိုင်ပါတယ်။

**ဆရာကြီးရှင့်။ ကျွန်မရဲ့အဖေက အသက် ၅၀ ကျော် လေဖြတ်ထားတာ တစ်နှစ်ကျော်ပါပြီ။ ဘယ်ဘက်အခြမ်းလေဖြတ်ထားတာပါ။ CT ဓာတ်မှန်ရိုက်တော့ ဦးနှောက်ထဲမှာ သွေးခဲလေးတစ်ခုတွေ့ပါတယ်။ သွေးခဲပျော်ဆေးသွင်းဖို့ ဆေးရုံတက်ကုသခဲ့ပါတယ်။ ဆေးရုံကဆင်းပြီးတဲ့နောက် လေ့ကျင့်ခန်းတွေပြုလုပ်လို့ နှစ်လလောက်ကြာတဲ့အခါ လမ်းပြန်လျှောက်နိုင်ပါတယ်။ ပထမတော့ လူနဲ့တွဲပြီးလျှောက်ပါတယ်။ နောက်တော့ တုတ်အကူနဲ့လျှောက်ပါတယ်။ ချို့ယွင်းချက်ရှိနေတာက ဘယ်ဘက်လက်လေဖြတ်တုန်းက ဆွဲထူမိလို့လားမသိဘူး ပခုံးဆစ်လျှောနေပါတယ်။ လက်နှစ်ဖက်ချထားရင် ဘယ်ဘက်လက်က ညာဘက်လက်ထက် ၁ လက်မခွဲလောက် ပိုရှည်နေပါတယ်။ အဖေက လေ့ကျင့်ခန်းလည်းလုပ်ပါတယ်။ ဒါပေမဲ့ ဘယ်ဘက်က ပခုံးဆစ်လျှောတာက ပြန်တက်မလာပါဘူး။ အဖေ့ရဲ့ အဆစ်လျှောနေတဲ့လက် ပြန်ကောင်းအောင် ဘယ်လိုလုပ်ရမယ်၊ ဘယ်လိုကုသရမယ်ဆိုတာ သိလိုပါတယ်။ ပြန်ကောင်းနိုင်သေးလားဆိုတာလည်း သိလိုပါတယ်။**

လေဖြတ်ထားတဲ့သူတွေ အသိစိတ်မရှိ၊ မလှုပ်ရှားနိုင်တဲ့အချိန်မှာ ထူပေး၊ တွဲပေးရင် သူတို့မလှုပ်ရှားနိုင်တဲ့လက်ကို ဆွဲထူမိတတ်ပါတယ်။ အဲဒီအခါ ဦးနှောက်နဲ့အဆက်အသွယ်မရှိတဲ့လက်က ပြန်တောင့်မထားတဲ့အတွက် ဆွဲတဲ့အကြိမ်များတဲ့အခါ အဆစ်အောက်ကို လျှောသွားတတ်ပါတယ်။ တချို့ဆိုရင် တအားဆွဲလို့ အဆစ်ပြုတ်သွားတာမျိုးရှိပါတယ်။ အဆစ်ပြုတ်သွားလို့ တွဲလောင်းကျသွားတဲ့လက်ဆိုရင် ကုသလို့မရနိုင်တော့ပါဘူး။ အဲဒီလက်တွေရဲ့လက်ဖျားက အတွင်းကို ကုပ်သွားတတ်ပါတယ်။ ဒါကြောင့် လေဖြတ်ထားတဲ့သူတွေကို ဖေးကူတွဲထူတဲ့အခါမှာ သူတို့လေဖြတ်ထားတဲ့ဘက်အခြမ်းက မဆွဲဖို့၊ မထူဖို့ အရေးကြီးပါတယ်။ ဘယ်ဘက်ခြမ်းလေဖြတ်တယ်ဆိုရင် ဘယ်လက်၊ ညာဘက်ခြမ်းလေဖြတ်တယ်ဆိုရင် ညာလက်ကို လက်သိုင်းပစ္စည်း ဒါမှမဟုတ် အဝတ်ပိုင်းနဲ့ လက်ကိုကွေးပြီး လည်ပင်းမှာသိုင်းပေးထားရပါမယ်။ ပွေ့ချီတဲ့အခါ လေမဖြတ်တဲ့အခြမ်း၊ ကောင်းတဲ့ဘက်အခြမ်းကိုသာ တွဲထူဖို့အသုံးပြုရပါမယ်။ လေဖြတ်ထားတဲ့သူတွေကို လမ်းတွဲလျှောက်တဲ့အချိန်၊ တုတ်ထောက်လျှောက်တဲ့အချိန်ထိ လေဖြတ်ထားတဲ့လက်ကို တွဲလောင်းချမထားဘဲ သိုင်းပေးထားရပါမယ်။ နောက်တဖြည်းဖြည်း လေ့ကျင့်ခန်းလုပ်လို့ ပြန်ကောင်းလာတဲ့အခါမှ လက်သိုင်းထားတာကို ဖြုတ်ရပါမယ်။ ပြန်ကောင်းနိုင်တဲ့အချိန်က အပြည့်အဝဆိုရင် တစ်နှစ်ကနေ တစ်နှစ်ခွဲခန့်အထိ ကြာမြင့်တတ်ပါတယ်။ စိတ်ရှည်ရှည်ထားရပါမယ်။

လေဖြတ်ပြီး လမ်းပြန်လျှောက်နိုင်ပေမယ့် ပခုံးဆစ်လျှောနေတဲ့သူတွေကို ပခုံးဆစ်ပြန်တက်အောင် ပြုလုပ်ပေးနိုင်တဲ့ လေ့ကျင့်ခန်းငါးမျိုးရှိပါတယ်။

၁။ လျှောနေတဲ့ ချိုင်းအောက်ကနေ အလျား ၂ ပေခွဲခန့်ရှိတဲ့ မျက်နှာသုတ်ပဝါ ဒါမှမဟုတ် ပိတ်စကိုလိပ်ပြီး ချိုင်းအောက်ကလျှိုထည့်ပြီး အစနှစ်စကို အညီအမျှစုကိုင်ပြီး အောက်ကိုလျှောနေတဲ့ချိုင်းကို အပေါ်ကို ဆွဲမတင်ပေးပါ။ ဆွဲလိုက်ချလိုက် ချိန်ခွင်ကြိုးသဖွယ် အပေါ်ပင့်တင်ခြင်းကို အကြိမ် ၂၀ ပြုလုပ်ပေးပါ။

၂။ လျှောနေတဲ့လက်က ဘယ်လက်ဆိုရင်ကွေးပြီး လက်ဖဝါးကို ညာဘက်ပခုံးမှာတင် လက်တစ်ဖက်က ထိန်းကိုင်ပေးထားပြီး ပြုပြင်ပေးသူက လျှောနေတဲ့လက်၊ တံတောင်ဆစ်ကို နောက်ကသိုင်းဖက်ပြီး အထက်ကိုဆွဲတင်ပေးပါ။

၃။ လျှောနေတဲ့ပခုံးဆစ်ကို ရနိုင်သမျှ လက်ကို မြှောက်တင်ပြီး ကျန်လက်တစ်ဖက်နဲ့ ချိုင်းအောက်ကနေ အထက်ကိုပင့်တင်ပေးပါ။ လက်လျှောသူရဲ့ ချိုင်းအောက်အခွက်ထဲကို လက်သီးဆုပ်ထည့်ပြီး ပင့်တင်ပေးရင်လည်းရပါတယ်။ အကြိမ် ၂၀ ပြုလုပ်ပေးပါ။

၄။ လျှောနေတဲ့လက်က ကုပ်နေရင် ဆန့်ပေးပြီး ပခုံးဆစ်နဲ့ ထိအောင်လုပ်ပေးပါ။ အဲဒီနောက် ပခုံးဆစ်မှာ လက်ကိုတင်ထားပြီး တံတောင်ဆစ်ကကိုင်ပြီး လက်ကို စက်ဝိုင်းပတ် ရှေ့နောက် ၁၀ ကြိမ်စီ စုစုပေါင်း အကြိမ် ၂၀ လှည့်ပေးပါ။

၅။ လက်ဖဝါးကုပ်နေရင် ဆန့်ပေးပါ။ ပြီးရင် အပေါ်မြှောက်ပြီး ဦးခေါင်းပေါ် လက်ကိုကျော်ပြီး တင်ပေးပါ။ လက်ဖျားကို တစ်ဖက်နားရွက်နဲ့ထိအောင် ခေါင်းကျော်ပြီး ဖြည်းညင်းစွာဆွဲထိပေးပါ။ နားရွက်နဲ့ထိတဲ့အထိ ချက်ချင်းမရရင်လည်း နောက်ပိုင်းမှာ လေ့ကျင့်ရင်းရလာပါလိမ့်မယ်။

အထက်ပါ လေ့ကျင့်ခန်းတွေအပြင် တိုင်းရင်းဆေးစည်းပေးတဲ့နည်းနဲ့လည်း လျှောနေတဲ့ပခုံးဆစ်ပြန်တက်အောင် ပြုလုပ်နိုင်ပါတယ်။ ပခုံးဆစ်ဆေးစည်းရာမှာလည်း ဆေးအပူတွေ မစည်းသင့်ပါဘူး။ နွေးတဲ့ဆေးတွေကိုသာ အသုံးပြုရပါမယ်။ များသောအားဖြင့် အအေးနဲ့အနွေးဓာတ်ပေးနိုင်တဲ့ ဆေးအမယ်တွေဖြစ်တဲ့ စန္ဒကူးနီ၊ နံ့သာနီ၊ ကရမက်၊ တောင်တန်ကတိုး၊ တောင်တန်ကြီး စသည်တို့ကို တောရှောက်မြစ်၊ ဝံအူမြစ်၊ သစ်ကြံပိုး စသည်တို့နဲ့တွဲဖက်ပြီး အမှုန့်ကြိတ်ကာ စေးပိုင်နေအောင် ရေနွေးနဲ့ဖျော် အအေးခံပြီးနောက် ပခုံးဆစ်ပေါ်မှာအုံ၍ ဂွမ်းအုပ်ပြီးစည်းပေးရပါမယ်။ ဆေးစည်းတဲ့အခါ ပခုံးကိုသိုင်းပြီး စည်းပေးရပါမယ်။ ဆေးစည်းထားရမယ့်အချိန်က သုံးနာရီကနေ ငါးနာရီအထိဖြစ်ပါတယ်။ ယားလာရင် စည်းထားတဲ့ဆေးကို ဖြေပေးရပါမယ်။ ဆေးကို နေ့စဉ် ၁၄ ရက်အထိစည်းပါ။ အဲဒီနောက် တစ်ပတ်လောက်အနားပေးပါ။ နောက်ပိုင်းမှာ လေ့ကျင့်ခန်းလုပ်ပြီး သုံးရက်တစ်ကြိမ် ဆေးစည်းပေးရပါမယ်။ ပခုံးဆစ်လျှောတဲ့အတွက် လေ့ကျင့်ခန်းလုပ်တာ၊ ဆေးစည်းတာကို လအတန်ကြာအထိ စိတ်ရှည်ရှည်ပြုလုပ်ပေးဖို့လိုပါတယ်။

**ကြည်လွင်မြင့်(မုဒြာ)**

---

**ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ**

၁၈-၆-၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၈၈၀ | ၄၀၅၅ | ၄၀၀၀ | ၃၈၉၅ | ၄၀၅၅ | ၄၀၇၀ | ၄၁၁၀ | ၃၉၇၅ | ၄၁၁၀ | ၄၄၁၀ | ၃၉၉၅ | ၄၁၂၅ | ၄၀၉၀ | ၄၀၄၅ | ၄၀၅၅ | ၄၂၇၅ |
| 95 Ron | ၃၉၁၅ | ၄၀၉၀ | ၄၀၃၅ | ၃၉၃၅ | ၄၀၉၀ | ၄၁၀၅ | ၄၁၄၅ | ၄၀၁၀ | ၄၁၄၅ | ၄၄၄၅ | ၄၀၃၀ | ၄၂၁၀ | ၄၁၃၀ | ၄၀၈၅ | ၄၀၉၀ | ၄၃၁၀ |
| HSD (500 ppm) | ၃၉၉၅ | ၄၁၆၀ | ၄၁၀၅ | ၄၀၁၀ | ၄၁၆၀ | ၄၁၇၅ | ၄၂၁၅ | ၄၀၈၀ | - | ၄၅၀၀ | ၄၁၀၀ | ၄၄၉၀ | ၄၁၉၅ | ၄၁၅၀ | ၄၁၆၀ | ၄၃၇၀ |
| HSD (50 ppm) | ၄၈၀၀ | ၄၉၇၀ | ၄၉၁၅ | ၄၈၁၅ | ၄၉၇၅ | ၄၉၈၅ | ၅၀၃၀ | ၄၈၉၀ | ၅၀၃၀ | ၅၃၂၅ | ၄၉၁၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၆၅ | ၄၉၇၀ | ၅၁၉၀ |
| HSD (10 ppm) | ၄၈၀၀ | ၄၉၇၀ | ၄၉၁၅ | ၄၈၁၅ | ၄၉၇၅ | ၄၉၈၅ | ၅၀၃၀ | ၄၈၉၀ | | ၅၃၂၅ | ၄၉၁၅ | ၅၀၉၅ | ၅၀၁၀ | ၄၉၆၅ | ၄၉၇၀ | ၅၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၆၇၀ | ၃၇၇၈ |
| 95 Ron | ၃၇၀၅ | ၃၈၁၃ |
| HSD (500 ppm) | ၃၇၉၂ | ၃၈၉၈ |
| HSD (50 ppm) | ၄၅၆၀ | ၄၆၈၁ |
| HSD (10 ppm) | ၄၅၆၀ | ၄၆၈၁ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရင်းနှီးပွင့်လင်း ရင်ချင်းအပ်ကာ ဖလှယ်ဆွေးနွေးနှစ်ပြည်ထောင်အရေးအတွက်

ကေဇက်ဟိန်း(PPIB)

လှမ်းတိုင်းတင့်နေ ပန်းဝေသည့်ပမာ နိုင်ငံတော်သမ္မတကြီး၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်မှာ အစစအရာရာ အဆင်ပြေချောမွေ့နေပါသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ရောက်ရှိချင်းပင် တည်းခိုရာ ကျောက်ယို့ထိုင် နိုင်ငံတော်ဧည့်ဂေဟာမှတစ်ဆင့် ပေကျင်းမြို့ရှိ အာကာသမြို့တော် ( Aerospace City) သို့သွားရောက်ခဲ့ပါသေးသည်။ ဤနေရာတွင် တရုတ်နိုင်ငံ၏ အာကာသအတွင်းသို့ အာကာသယာဉ်များ လွှတ်တင်နိုင်ခဲ့မှုသမိုင်းကြောင်းနှင့် မြေပြင်သို့အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့မှုများ၊ အာကာသစခန်းတည်ဆောက်နိုင်ခဲ့မှုများ၊ လပေါ်သို့အောင်မြင်စွာဆင်းသက်နိုင်ခဲ့မှု၊ ပစ္စည်းများ သယ်ယူပို့ဆောင်နိုင်ခဲ့မှုများနှင့် အာကာသယာဉ်များ၏ စွမ်းဆောင်ရည်များ စသည့်တရုတ်နိုင်ငံ၏ အာကာသစွမ်းရည်ပိုင်ဆိုင်မှုကို အနီးကပ်လေ့လာခဲ့သည်။ နိုင်ငံတော်အကြီးအကဲအနေဖြင့် မိမိနိုင်ငံမျိုးဆက်သစ်လူငယ်များအတွက် ရည်စူးနေသည်ကို စာရေးသူအနေဖြင့် ခံစားမိခဲ့ပါသေးသည်။

ခရီးစဉ်၏ ယနေ့ဒုတိယမြောက်နေ့တွင်လည်း နိုင်ငံတော်အကြီးအကဲအနေဖြင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E.Mr.Xi Jinping နှင့် တွေ့ဆုံပေဦးမည်။ နိုင်ငံတော်သမ္မတဦးဆောင်သောအဆင့်မြင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တည်းခိုရာနေရာမှ တရုတ်ပြည်သူ့သမ္မတ H.E.Mr.Xi Jinping နှင့် ဂုဏ်ပြုတပ်ဖွဲ့ဝင်များ စောင့်ဆိုင်းကြိုဆိုနေသည့် The Great Hall of the People သို့ အထူးယာဉ်တန်းဖြင့် ထွက်ခွာလာခဲ့လေ၏။ The Great Hall of the People သို့ ရောက်သည်နှင့် နိုင်ငံတော်အကြီးအကဲအား ခရီးဦးကြိုပြုပုံကို ခမ်းနားစွာတွေ့မြင်ရသည်။ ထို့အတူ နှစ်နိုင်ငံအလံနောက်ခံထားလျက် နိုင်ငံတော်အကြီးအကဲနှစ်ဦး၏ ရင်းနှီးနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပုံများသည်လည်း နှစ်နိုင်ငံချစ်ကြည်ရေး၏ (၇၆)နှစ်ကြာရှည်သည့်ခရီးကို ဖော်ညွှန်းကာ သက်သေပြနေသည့်အလားပင်။ မာယာပဥ္စလက်ရောယှက်နေသည့် ယနေ့ ကမ္ဘာ့ဇာတ်ခုံအတွက် ဒေသတွင်းရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများ ပိုမိုအစွန့်ရှည်ခိုင်မြဲနေဖို့လိုအပ်သည်။ သို့မှသာ နှစ်နိုင်ငံအမျိုးသားအကျိုးစီးပွားတို့ တည်ငြိမ်အေးချမ်းပြီး နှစ်ပြည်ထောင်မိသားစုအသိုက်အမြုံကို တည်တံ့စေမည်လည်းဖြစ်သည်။ ဤသည်ကား စာရေးသူ၏ ကိုယ်ပိုင်အတွေးပင်ဖြစ်၏။

**နှစ်နိုင်ငံအကြီးအကဲနှစ်ဦး၏**
**နှစ်ပြည်ထောင်အရေး**
**ရင်းနှီးနွေးထွေးစွာဆွေးနွေးခြင်း**

နိုင်ငံတော်အကြီးအကဲနှစ်ဦးအပြန်အလှန်တွေ့ဆုံဆွေးနွေးရာ၌ နှစ်ပြည်ထောင်ပြည်သူများအတွက်အကျိုးကျေးဇူးများစွာပိုင်ဆိုင်ခဲ့ရကြောင်း ကနဦးစကားလက်ဆောင်ပါးလိုပါသည်။

**“မြန်မာနိုင်ငံ အစိုးရသစ်အနေဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် တည်ငြိမ်အေးချမ်းပြီး နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ထောက်ခံပါကြောင်း”**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇွန်လ ၁၆ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E.Mr.Xi Jinping က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E.Mr.Xi Jinping က ဦးဆောင်ဆွေးနွေးမှုတွင် စတင်ပြောခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်မှု အဟုန်မြင့်မားနေသည့် အိမ်နီးချင်းနိုင်ငံ၏ မိမိနိုင်ငံတော်နှင့် မိမိနိုင်ငံအစိုးရသစ်ကို ခရီးဦးကြိုပြုခဲ့သည့်စကားသည် လွန်စွာနက်ရှိုင်းပြီး အဓိပ္ပာယ်များစွာ သက်ဝင်ခဲ့၏။

နိုင်ငံတိုင်းသည် ဖွံ့ဖြိုးတိုးတက်မှုကို ခုံမင်နှစ်သက်ကြသည်။ မိမိတို့နိုင်ငံသည်လည်း ထိုနည်းအတိုင်းပင်။ လက်ရှိနိုင်ငံတော်သမ္မတဦးမင်းအောင်လှိုင်ဦးဆောင်သော ပြည်သူကရွေးကောက်တင်မြှောက်သော အစိုးရသစ်သည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးအတွက် ဖွံ့ဖြိုးတိုးတက်ရေးကို သန္နိဋ္ဌာန်စိတ်ထား၍ ကြိုးစားဆောင်ရွက်နေသည်ကို မိဘပြည်သူများ အသိပင်ဖြစ်သည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွင် စာရေးသူတို့နိုင်ငံ၏ ပကတိလိုအပ်ချက်မှာ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ ဤသို့ ဆောင်ရွက်နေမှုများကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ H.E.Mr. Xi Jinping အနေဖြင့် အားပေးထောက်ခံနေသည်ကို ဖွင့်ဟသွား၏။ **“နိုင်ငံနှင့်ကိုက်ညီသည့် နိုင်ငံရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ထောက်ခံပါကြောင်း”** ဆိုသည့်စကား

သည်အစိုးရသစ်တစ်ရပ်အား ရွေးကောက်တင်မြှောက်ခဲ့သည့် ဒီမိုကရေစီစနစ်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုပေါ်ပေါက်ရေး စသည့် ပြည်ထောင်စုစနစ်၊ အစိုးရစနစ်နှင့် နိုင်ငံရေးစနစ်များကို ကြိုဆိုလက်ခံကြောင်း ကမ္ဘာသိပြောကြားခဲ့သည်ဟု ဆိုရမည်။

ထို့ပြင် **“ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များ”** ဆိုသည်ကိုလည်း ထောက်ခံအားပေးခဲ့သည်။ မိမိတို့နိုင်ငံတော်သမ္မတကြီး၏စီးပွားရေးဆိုင်ရာမူဝါဒများချမှတ်ဆောင်ရွက်ထားမှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကမဏ္ဍိုင်ဖြစ်သော ပညာရည်မြင့်မားရေးဆောင်ရွက်မှုစသည့် ကဏ္ဍစုံဆောင်ရွက်မှုများပါဝင်နေသည်ကို စာဖတ်သူတို့ တွေးမြင်တတ်ရမည်ဖြစ်သည်။ ပို၍အတွေးချဲ့မှု ပိုမိုကျယ်ပြန့်စွာတွေ့မြင်ရမည်ဖြစ်သည်။ ပညာဉာဏ်ဖြင့် တွေးဆနိုင်ရပေမည်။

**“မိမိတို့နှစ်ဦး၏တွေ့ဆုံဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံနှင့် ပြည်သူများအတွက် ကောင်းကျိုးများကို ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အလားအလာကောင်းများစွာကို ဖော်ဆောင်ပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း”** ဟုအဖွင့်စကားကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E.Mr.Xi Jinping မှဆိုခဲ့သည်။ ယင်းတို့၏ထောက်ခံမှုနှင့်အတူ မိမိတို့နိုင်ငံအတွက် ကူညီနိုင်မည့် အခွင့်အလမ်းများအတွက် စကားစဖွင့်ခဲ့ပါသည်။

မိမိတို့နိုင်ငံတော်သမ္မတ၏ ပြန်လည်ဆွေးနွေးမှုများအနက် အဓိကကျသည့် ဆွေးနွေးမှုများကို ဆက်လက်လေ့လာကြည့်ကြပါမည်။

**“အဓိကရည်ရွယ်ချက်အနေဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နှစ်နိုင်ငံဘက်ပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ မြန်မာနိုင်ငံထာဝရငြိမ်းချမ်းရေးရရှိရန် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံတွင် တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးတို့ပင်ဖြစ်ကြောင်း”**

ယခုခရီးစဉ်အတွက် ကြိုဆိုဝမ်းမြောက်ကြောင်း စကားဆုံးသည်နှင့် နိုင်ငံတော်အကြီးအကဲက နိုင်ငံအတွက် လိုရင်းကို သေသပ်လှပစွာစတင်ပြောကြားခဲ့သည်။ မိမိတို့နိုင်ငံသည် နိုင်ငံတော်၏ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလျှောက်လှမ်းလျက်ရှိသည်။ တစ်ဖက်တွင်လည်း ပကတိလိုအပ်ချက်ဖြစ်သည့် ထာဝရငြိမ်းချမ်းရေးသည်လည်း မရှိမဖြစ်လိုအပ်သည့် အကြောင်းတရားတစ်ခုပင်ဖြစ်သည်။ နှစ်နိုင်ငံဘက်ပေါင်းစုံပူးပေါင်းထား၍ အပြုံးကိုယ်စီက နှစ်ပြည်ထောင်အတွက်ပကတိလိုအပ်ချက်နှင့်ကောင်းကျိုးရလဒ်များကို ကြိုဆိုပုံဖော်ထားသလိုပင်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် နှစ်နိုင်ငံဘုံအကျိုးစီးပွားဖော်ဆောင်ပေးရန်ကိစ္စရပ်များ၊ နှစ်နိုင်ငံ၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ခိုင်မာစွာထိန်းသိမ်းထားမှုများ၊ အပြန်အလှန်ကူညီပံ့ပိုးသွားနိုင်ရေးကိစ္စရပ်များအပြင် တရုတ်နိုင်ငံသမ္မတကြီးဖော်ဆောင်လျက်ရှိသည့် ကမ္ဘာလုံးဆိုင်ရာအစီအမံများဖြစ်သော GGI,GSI,GDI, GCI များကိုလည်း ထောက်ခံကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ စာရေးသူပိုမိုစိတ်ဝင်စားသည်မှာ တရုတ်နိုင်ငံမှဦးစီးဆောင်ရွက်နေသည့် ရပ်ဝန်းနှင့်ပိုးလမ်းမစီမံကိန်း (Belt and Road Initiative –BRI) ပင်ဖြစ်သည်။

ဤစီမံကိန်းသည် နှစ်နိုင်ငံအကျိုးအတွက် ပကတိအရေးပါသလို နှစ်နိုင်ငံမြေပထဝီပိုင်ဆိုင်မှု၏ အချက်အချာကျမှုသည်လည်း များစွာအရေးပါသည်။ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံဟု ဆိုရပေမည်။ အဆိုပါစီးပွားရေးစင်္ကြံ ပြည့်စုံလုံခြုံမှုသည် နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးကို ရာနှုန်းပြည့်ကောင်းမွန်စွာ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇွန်လ ၁၆ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Mr. Li Qiang က ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ဆောင်ရွက်မှုမြှင့်တင်ရေးကတစ်ဆင့် နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးအထိ စကားစကိုကမ်းနိုင်ခဲ့သည်။ ပြီးပြည့်စုံသော ထာဝရငြိမ်းချမ်းမှုမှတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်မှုများကို ယခင်ကထက် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်သွားမည်ဟု ရင်းနှီးပွင့်လင်းစွာပြောဆိုဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို အခြေခံတည်ဆောက်နိုင်ဖို့ အရေးကြီးသည်။ ဤသည်နှင့်စပ်လျဉ်း၍ မိမိတို့နိုင်ငံအကြီး အကဲမှ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြစ်သည့် NCA ဆောင်ရွက်ချက်များကို အလျဉ်းသင့်ဆိုသလို ဆွေးနွေးလိုက်သည်။ တစ်ဆက်တည်းမှာပင် နှစ်နိုင်ငံနယ်စပ်များကို ခြေကုပ်ယူပြီး ပြုလုပ်နေကြသည့် အွန်လိုင်းလိမ်လည်မှုနှင့်မူးယစ်

စာမျက်နှာ ၁၂ သို့ ⊃

➲ စာမျက်နှာ ၁၁ မှအဆက်
ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းစဉ်များကိုဆက်စပ်ကာချပြလိုက်သည်။


ထိုမှတစ်ဆင့် နှစ်နိုင်ငံကုန်သွယ်မှုလမ်းကြောင်းများနှင့် နယ်စပ်ကုန်သွယ်ရေးဂိတ်များ၏ အချက်အချာကျမှုနှင့် လုံခြုံမှုကို ဆင့်ကဲဆွေးနွေးသွားသည်။ ယင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အလေးထားပူးပေါင်းဆောင်ရွက်သွားကြဖို့ ထည့်သွင်းဆွေးနွေးခဲ့၏။ ပါးနပ်လွန်းသည်။ စကားကြွယ်လှသည်။ ဤစကားများကို နားထောင်ရင်း စာရေးသူတို့နိုင်ငံအတွင်းရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် ဝမ်းသာပီတိဖြစ်မိသည်။ ငြိမ်းချမ်းရေးလမ်းစဉ်အပေါ် ဆန္ဒမရှိသော လက်နက်ကိုင်အဖွဲ့အစည်းများကား ပယောဂမှန်လျှင် တုန်ဆင်းသည့် ပမာဖြစ်ကြရမည်ကိုလည်း အတွေးနယ်ချဲ့မိပါသေး၏။ မင်းတို့စကား ဆိုခဲ့စေမြဲစေ ပမာအရ မိမိတို့နိုင်ငံ၏ငြိမ်းချမ်းရေးရောင်ခြည်သည် ပိုမိုပီပြင်လာပါတော့မည်။ တွေးရင်းပီတိဖြစ်မိ၏။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E.Mr.Xi Jinping အနေဖြင့်လည်း နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး၊ မိမိတို့နိုင်ငံသို့ ဉာဏ်ရည်တုနည်းပညာ(AI) အကူအညီများကူညီပေးရေး၊ နှစ်နိုင်ငံအကျိုးစီးပွားပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေး စသည့်အချက်များကို ပြန်လည်ပြောကြားခဲ့သည်။ အဓိက ပြန်လည်ပြောကြားခဲ့သည့် အချက်လေးချက်ရှိ၏။ ဤသည်ကား **"နှစ်နိုင်ငံအကြားမဟာဗျူဟာမြောက် ယုံကြည်မှုခိုင်မာစေရေး၊ အကျိုးစီးပွားပေါင်းစည်းမှု ပိုမိုနက်ရှိုင်းစေရေး၊ လုံခြုံရေးအရခိုင်မာမှုနှင့် တရားဥပဒေစိုးမိုးမှုရှိစေရေး၊ ပြည်သူများအကြား စိတ်နှလုံးနီးစပ်စေရေး"**တို့ပင်ဖြစ်သည်။

**"တရုတ်နိုင်ငံအနေဖြင့် တရုတ်ပိုင်နယ်မြေကို အသုံးပြု၍ မြန်မာနိုင်ငံတည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်လုပ်ဆောင်နေမှုများကို လုံးဝခွင့်ပြုသွားမည်မဟုတ်ကြောင်း"** ဤစကားသည် ယခင်ခရီးစဉ်၌လည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E.Mr.Xi Jinping မှ ပြောခဲ့ဖူး၍ စာရေးသူမှတ်မိနေသည်။ နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးရရှိရေးမှသည် အမိမြန်မာနိုင်ငံတော်၏ ဘက်စုံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထိ အကျိုးရလဒ်များရရှိခဲ့ပေပြီ။ လက်တွေ့အကောင်အထည်ပေါ်လာမည့်နေ့ရက်တို့ကို နိုင်ငံသူနိုင်ငံသားများစောင့်ကြိုလိမ့်မည်ဟုလည်း ယုံကြည်မိပါသည်။

မိမိတို့နိုင်ငံအကြီးအကဲအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H.E. Mr. Xi Jinping ဆွေးနွေးခဲ့သည့်အချက်များအပေါ် ကြိုဆိုထောက်ခံခဲ့ပြီး နိုင်ငံသူနိုင်ငံသားတို့အတွက် အပိုဆုတစ်ခုတောင်းခဲ့သည့်အလားပင်။ ဤသည်ကား အခြားမဟုတ်ပေ။ တရုတ်နိုင်ငံရှိ မြတ်ဗုဒ္ဓ၏စွယ်တော်အား မြန်မာနိုင်ငံသို့ ကြွချီစေလိုကြောင်း ဓမ္မစကားဆိုခဲ့ခြင်းပင်။ နိုင်ငံ့အရေးဆိုနေရင်းပင် နိုင်ငံသူနိုင်ငံသားများအတွက် ဓမ္မအရေးကိုလည်း ဆိုခဲ့သေးသည်။ မိမိတို့နိုင်ငံသူ နိုင်ငံသားတို့ ဖူးမြော်ခွင့်ရရှိကြလိမ့်ဦးမည်ဟုလည်း စာရေးသူယုံကြည်နေပါသည်။

ဆွေးနွေးပွဲအပြီးတွင် လက်ခုပ်သံများ သောင်းသောင်းဖြခဲ့သည်။ ဆက်လက်၍ အမိနိုင်ငံတော်၏ ကဏ္ဍစုံအတွက် သဘောတူစာချုပ်နှင့်စာချွန်လွှာ(၁၈)ခုအား သက်ဆိုင်ရာတာဝန်ရှိသူများက နှစ်နိုင်ငံအကြီးအကဲများ ရှေ့တွင် လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။ ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ H. E. Mr. Xi Jinping မှ နိုင်ငံတော်အကြီးအကဲ ဦးဆောင်သည့် အဆင့်မြင့်မြန်မာကိုယ်စားလှယ်အဖွဲ့အား အထူးဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့၏။ မင်္ဂလာရှိသော ရက်မြတ်အချိန်အခါဟုပင် သီချင်းလေးထဲကအတိုင်း ဆိုရပေမည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဇွန်လ ၁၆ ရက်က တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress – NPC) ဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**Tiananmen Square(ထျန်းအန်းမန်)ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ခရီးဆက်ခဲ့ပြီ**

နိုင်ငံတော်သမ္မတ **ဦးဆောင်သည့် မြန်မာအဆင့်မြင့် ကိုယ်စားလှယ်အဖွဲ့သည် Tiananmen Square(ထျန်းအန်းမန်)ရှိ သူရဲကောင်းစစ်သည်ဗိမာန်သို့ ရောက်ရှိခဲ့ကြ၏။ Tiananmen Square (ထျန်းအန်းမန်)**ရင်ပြင်မှာ သမိုင်းဝင်နေရာတစ်ခုဖြစ်သည်။ ၁၉၄၉ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ဥက္ကဋ္ဌ မော်စီတုန်းမှ အဆိုပါရင်ပြင်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ထူထောင်ကြောင်း ကြေညာကာ ပေကျင်းမြို့ကို မြို့တော်အဖြစ်သတ်မှတ်ခဲ့သည့် နေရာတစ်ခုဖြစ်၏။ စာဖတ်သူတို့ သိစေခြင်းငှာ မျှဝေပေးခြင်းပင်။

**တရုတ်နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများက ကြိုဆိုနှုတ်ဆက်ကြပြီး တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA)မှ စစ်တီးဝိုင်းအဖွဲ့က နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်ကာ ကြိုဆိုခဲ့၏။ ထို့နောက် နိုင်ငံတော်သမ္မတသည် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် (PLA) မှ စစ်တီးဝိုင်းအဖွဲ့၏ တီးမှုတ်မှုနှင့်အတူ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုကြသည်။ နိုင်ငံတော်အကြီးအကဲအပါအဝင် စာရေးသူတို့အားလုံး ဤမြေတွင် ခြေစုံရပ်ရင်း ငြိမ်သက်ခြင်းများနှင့်အတူ ဂုဏ်ယူဖွယ်၊ ဝမ်းနည်းဖွယ်ခံစားချက်တို့ အမှတ်မထင်ခံစားခဲ့ရသေးသည်။ ဂုဏ်ယူလေးမြတ်မှုများနှင့်အတူ Tiananmen Square (ထျန်းအန်းမန်)မှ** ပြန်လည်ထွက်ခွာခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲနှင့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် (National People's Congress – NPC) ဥက္ကဋ္ဌ မစ္စတာကျောက်လဲ့ကျိ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဝန်ကြီးချုပ် H.E. Mr. Li Qiang တို့နှင့် ဆင့်ကဲတွေ့ဆုံကာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနက်ရှိုင်းစေရေးဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြ၏။

ထို့ပြင် နယ်စပ်ကုန်သွယ်ရေးဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် နယ်စပ်ကုန်သွယ်မှုကို တရားဥပဒေစိုးမိုးမှုနှင့် အညီ စနစ်တကျစီမံခန့်ခွဲနိုင်ရေးအတွက် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး စသည့်ကဏ္ဍစုံအကျိုးတူကိစ္စရပ်များကို ပြည့်စုံစွာအသီးသီးဆွေးနွေးနိုင်ခဲ့ပါသည်။ မိမိနိုင်ငံကောင်းကျိုးအတွက် မျှော်ရည်ကာ တာဝန်ရှိသူတိုင်းနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများကို မှန်းဆကြည့်သော် နိုင်ငံ့အကြီးအကဲ၏ရင်တွင်းမှ စိတ်ရင်းစေတနာကို မှန်းဆမြင်နိုင်မည်ဖြစ်ပါသည်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇွန်လ ၁၆ ရက်က Tiananmen Square ရှိ သူရဲကောင်းစစ်သည်ဗိမာန်၌ လွမ်းသူ့ပန်းခွေချအလေးပြုစဉ်။

နိုင်ငံတော်အကြီးအကဲသည် ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများနှင့်တွေ့ဆုံခဲ့သေး၏။ တွေ့ဆုံရာတွင် လက်ရှိခရီးစဉ်၏ အောင်မြင်မှုအခြေအနေများ၊ နိုင်ငံတော်အစိုးရ၏ ပကတိဆောင်ရွက်နေမှုများ၊ တရုတ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုများအပေါ် အားကျအတုယူလိုမှုများ၊ မိမိနိုင်ငံသမိုင်းကြောင်းကို မှန်ကန်စွာသိရှိလိုမှုများ၊ ပညာရည်မြင့်မားရေးနှင့် မိသားစုစိတ်ဓာတ်ဖြင့် နေထိုင်သွားကြရန် လိုအပ်မှုများ စသည်တို့ကိုလည်း တွေ့ဆုံစဉ် မှာကြားခဲ့သေးသည်။

အဝေးရောက်နေသည့် သားသမီးများရှိရာသို့ အလည်အပတ်လာသည့် မိဘသည် ရောက်ရှိခိုက်သွန်သင်ဆုံးမမှုများစွာနှင့် သားသမီးတို့အတွက် ဖြည့်ဆည်းသင့်သည်ကို ဖြည့်ဆည်းပေးခြင်းကား မိဘနှင့်သားသမီး သဘာဝပင်ဖြစ်သည်။ ထိုနည်းပင်။ ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုဝင်များ၊ ပညာတော်သင် သင်တန်းသားများသို့လည်း လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းဖြင့် မိဘနှင့်သားသမီး သဘာဝကို ပုံဖော်ညွှန်းသွားနိုင်ခဲ့သေး၏။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဇွန်လ ၁၆ ရက်က ပေကျင်းမြို့ရှိ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ ဝန်ထမ်းမိသားစုများနှင့် ပညာတော်သင်ကြားလျက်ရှိသည့် မြန်မာနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက် သင်တန်းသား၊ သင်တန်းသူများအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

မိုင်တွေမည်မျှဝေးပါစေ လှမ်း၍သာ ရောက်ခဲ့ပါသည်။ ရောက်ရှိခိုက်လည်း နှစ်နိုင်ငံအကြီးအကဲနှစ်ဦး တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပုံဖော်ထုဆစ်လျက် နှစ်ပြည်ထောင်ကောင်းကျိုးအတွက် ရင်းနှီးပွင့်လင်း ရင်ချင်းအပ်ကာ ဖလှယ်ဆွေးနွေးနိုင်ခဲ့ပါကြောင်း ကမ္ဘည်းစာတင်ရင်း ပေကျင်းမြေမှ အမိမြေသို့ လှမ်း၍သာ သတင်းစကားပါးလိုက်ရပါတော့သည်။ ။

# ကမ္ဘဖလ

**တင့်တယ်**



**ယမန်နေ့မှအဆက်**

ဦးဒေါနကား ကုန်သည်လုပ်ငန်းတွင် များစွာ လာဘ်မြင်သူဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်တို့အား အတွင်းကျိတ်ခေါ်၍ တိုင်ပင်ရာတွင် ဦးဒေါနက "တို့နိုင်ငံလွတ်လပ်ရေးရရင် သွင်းကုန်၊ ထုတ်ကုန်တွေကို နိုင်ငံခြားသားတွေထက် တို့ဗမာတွေက ပိုပြီးတော့ လုပ်ဖို့ကိုင်ဖို့ အခွင့်အရေးတွေ ပိုလာလိမ့်မယ်ထင်တယ်။ အဲဒီတော့ တို့မှာ လက်ရှိသစ်လုပ်ငန်းနဲ့ သတ္တုလုပ်ငန်းက ပိုနေတဲ့ငွေတွေကို ဘဏ်တိုးချထားတာထက် ရန်ကုန်မှာ အခြေတစ်ခုခုသွားစိုက်ပြီးတော့ အလုပ်လုပ်ရင် ကောင်းလိမ့်မယ်ထင်တယ်။ ပြီးတော့တစ်ခါ ယခုစစ်ပြီးခေတ် အစိုးရတွေဟာ ဘယ်နိုင်ငံမှာမဆို ဆိုရှယ်လစ်ဆန်တဲ့ အစိုးရတွေများနေလေတော့ တို့နိုင်ငံမှာလည်း အနေးနဲ့အမြန် ဆိုသလို ဆိုရှယ်လစ်ဆန်တဲ့စနစ်တွေကို သုံးလာလိမ့်မယ်ထင်တယ်။ ဆိုရှယ်လစ်စနစ်ဆန်ဆန်ဖြစ်လာရင် နိုင်ငံရဲ့ သွင်းကုန်ထုတ်ကုန်တွေကို အစိုးရက ကြီးကြပ်လာလိမ့်မယ်။ ဒီတော့ နိုင်ငံက အထွက်ဆုံးဖြစ်တဲ့ ဆန်စပါးကို အစိုးရကကိုင်တွယ်လာလိမ့်မယ်။ အစိုးရကကိုင်ရင် တို့ကကိုယ်စားလှယ်လုပ်ရရင် ကောင်းမယ်။ ပြီးတော့လည်း အခု တို့လုပ်နေတဲ့ သတ္တုတွင်းလုပ်ငန်းနဲ့ သစ်လုပ်ငန်းကို ဒီကနေပြီးတော့ ရန်ကုန်က ကုမ္ပဏီကြီးတွေရဲ့ လက်ဝေစာခံနေမယ့်အစား နိုင်ငံခြားနဲ့တိုက်ရိုက်ဆက်သွယ်နိုင်အောင် အခုကတည်းက ရန်ကုန်မှာ တို့တစ်နေရာအခြေစိုက်ထားရင် ကောင်းမယ်။ နိုင်ငံလွတ်လပ်ရေးရတယ်ဆိုရင် တို့လုပ်ငန်းကို တိုးချဲ့နိုင်တဲ့အကွက်တွေ ပေါ်လာလိမ့်မယ်။ ဘယ့်နှယ်သဘောရကြသတုံး"ဟု မေး၏။ ကျွန်ုပ်တို့အတွက် ထုတ်နိုင်သော ငွေရင်းကိုလည်း စိစစ်ကြည့်ကြ၏။ နောက်ဆုံး၌ ရန်ကုန်တွင် ကျွန်ုပ်သွားနေ၍ ကုမ္ပဏီလီမိတက်တစ်ခုဖွင့်ကာ အခြေပျိုး၍ ထားရန်၊ ဆန်စပါးကို နိုင်ငံအစိုးရက ကြီးကြပ်လုပ်ကိုင်သောအခါမျိုး ပေါ်ပေါက်လာပါက ကိုယ်စားလှယ်အဖြစ်ကိုရဖို့ ကြိုးစားရန် စသည်တို့ကို အသေးစိတ်စီစဉ်ကာ ကျွန်ုပ်အား ရန်ကုန်သို့ စေလွှတ်လိုက်ပေတော့သည်။

ကျွန်ုပ်၏အဖို့၌ ဤသို့ ဦးလေး ဦးဒေါနကိုယ်တိုင်က ယုံယုံမှတ်မှတ်စေလွှတ်ခြင်းကို ခံရသည်တွင် များစွာဝမ်းသာမိ၏။ သို့ရာတွင် အမှီနှင့် ဝေးကွာသော နေရာသို့ သွားရောက်နေထိုင်ရမည်ဖြစ်သောကြောင့် ဝမ်းသာသလောက် စိတ်ကမပါပေ။ ကျွန်ုပ် ရပ်ဝေးသို့ ရောက်နေခိုက်တွင် အမှီအား အိမ်ထောင်ရက်သားချထားလိုက်ပါက ကျွန်ုပ်အဖို့တွင် မျှော်လင့်ချက်ကြီး ပျက်စီးရဦးမည်ကိုစိုးမိ၏။ သို့ရာတွင် ကိုမြဖေဆုံးပြီးကတည်းက အမှီခမျာမှာ မိမိအား ကံကြမ္မာသရော်လိုက်ပုံကို ရှက်နေဟန်ဖြင့် ရိုးရိုးကုပ်ကုပ် ခပ်မြုပ်မြုပ်ကလေးနေတော့လျက် အသက်အရွယ်မှာလည်း သုံးဆယ်သို့ နီးလေပြီဖြစ်ရာ အိမ်ထောင်မှုပြုမည့်ကိစ္စကို စိတ်မကူးတော့သလိုပင်ရှိနေသောကြောင့် ကျွန်ုပ်တွင် အနည်းငယ် စိတ်ချရမလိုလိုရှိမိ၏။ ထို့ပြင် ဒေါ်ကျော့ရင် အနိစ္စရောက်သည်မှာ တစ်လမျှပင် မကြာသေးသောကြောင့် ချက်ချင်းကြီး မင်္ဂလာကိစ္စကိုဆောင်ရွက်ဖို့ မလွယ်သေးသည်ကိုလည်း သတိထားမိ၏။ တစ်ဖန် ဒေါ်ကျော့ရင် မရှိသည့်နောက် တစ်အိမ်ထောင်လုံးကို အမှီတစ်ယောက်တည်း သိမ်းကျုံး၍ ဦးစီးနေရပေရာ ဦးဒေါနမှာ သမီးအား နေရာချထားလိုက်ပါက အိမ်ထောင်ကြီးတစ်ခုလုံး ဖရိုဖရဲကျန်ရစ်မည်စိုးဟန်လည်းရ၏။ သို့ဖြစ်၍ ကျွန်ုပ်သည် ရန်ကုန်၌ အခြေစိုက်၍ လုပ်ငန်းချဲ့ထွင်ရန် ရောက်လာခဲ့ပြန်ပေသည်။

ရန်ကုန်၌ အလုပ်တိုက်ဖွင့်ရန် တိုက်ငှားခြင်း၊ သွင်းကုန်ထုတ်ကုန်များ၏ကိစ္စကိုစူးစမ်းခြင်း စသည်တို့ဖြင့် အလုပ်များ၍ နေရာမှ ကျွန်ုပ်သည် ဆန်စပါးကိစ္စဘက်သို့ ဆက်၍လိုက်မိသောအခါတွင် ငယ်ချစ်ခင် အသန့်ကို အပြေးအလွှား သတိရမိလေတော့သည်။

အသန့်နှင့် ကျွန်ုပ်တို့ကွဲကွာခဲ့ရသည်မှာ ဆယ့်သုံးနှစ် ဆယ့်လေးနှစ်မျှရှိပေပြီ။ အသန့်မင်္ဂလာမဆောင်မီ ညဦး၌ ကျွန်ုပ်ထံသို့ ရောက်လာ၍ သူ့မေတ္တာကို တစ်စွန်းတစ်စ ဖွင့်ဟသွားသည့်နောက်၌ အသန့်နှင့် ကျွန်ုပ်တို့မှာ လုံးဝအဆက်အသွယ်ကင်းပြတ်သွားခဲ့၏။ အသန့်၏မိဘများဖြစ်ကြသော ကျွန်ုပ်၏ ကျေးဇူးရှင်များထံမှ တစ်ဆင့်သာလျှင် အသန့်ကို ရန်ကုန်၌ မာကြောင်းသာကြောင်းကို ကျွန်ုပ်သိရပေသည်။ ကျွန်ုပ်၏ ကျေးဇူးရှင်အထည်သည် ဇနီးမောင်နှံတို့မှာ စစ်ကြီးဖြစ်စကပင် ပြေးရင်းလွှားရင်း ပျက်စီးကြရပေသည်။ ယခင်က စကားစပ်မရှိ၍ မဆိုခဲ့ရ၊ ယခုဖော်ပြရ၏။ အသန့်ကား ကျွန်ုပ်အား အကြီးအကျယ်စိတ်နာသွားသယောင်ရှိ၏။ သူ့မိဘများမရှိသည့်နောက် ကျွန်ုပ်မှာ အသန့်၏သတင်းကို လုံးဝမရတော့ဘဲ အဆက်ပြတ်၍သွား၏။

အသန့်ကို ကျွန်ုပ် အမြဲမဟုတ်သော်လည်း တစ်ခါတစ်ခါ၌ အသန့် မည်ကဲ့သို့ နေပေလိမ့်မည်နည်းဟု တွေးတောကြည့်မိ၏။ သို့သော် မီးဝေးချိပ်ပမာ ဓမ္မတာအတိုင်း "ရပ်ဝေးက မေ့တတ်သည်၊ မတတ်သေးက စေ့စပ်သည်"ဟု ဆိုရိုးရှိပေရာ ကျွန်ုပ်မှာ အသန့်အား တစ်ခါတစ်ခါမျှသာ တွေးမိသည့်အပြင် ကျွန်ုပ်၏ ဘဝလမ်းစဉ်ကို ခုတ်ထွင်ရှင်းလင်းနေရသည်လည်းဖြစ်သောကြောင့် အမေ့မေ့အလျော့လျော့ပင် ရှိမိပေသည်။ ယခုကဲ့သို့ ရန်ကုန်မြို့တွင် ကျွန်ုပ်ရောက်၍နေကာ ဆန်စပါးကိစ္စကို လိုက်စပြုသောအခါ၌ကား ဆန်စက်သုံးလုံးပိုင်သော အသန့်၏ ယောက္ခမကြီးများအကြောင်းကို သွား၍စဉ်းစားမိကာ အသန့်ကို တွေ့ချင်သောစိတ်များ တဖွားဖွား ပေါ်ပေါက်လာရပြန်ပေသည်။ ငယ်ကချစ် အနှစ်တစ်ရာ မမေ့သာပါပေ။

သို့သော် ကျွန်ုပ်မှာ ဖွင့်စအလုပ်တိုက်ကို တစ်ဦးတည်း ဦးစီးနေခိုက်ဖြစ်လေရာ နိုင်ငံခြားကုမ္ပဏီကြီးများနှင့် ဆက်သွယ်ခြင်း၊ ဆန်စပါးပွဲစားများနှင့် ဆက်သွယ်စေ့စပ်ခြင်း၊ အလုပ်တိုက်အတွက် အသုံးပစ္စည်းဝယ်ခြမ်းခြင်း၊ စာရေးစာချီများ ရွေးချယ်ငှားရမ်းခြင်း စသည်တို့ဖြင့် လုံးချာလိုက်နေရသည့်အပြင် ဦးလေး ဦးဒေါနထံသို့လည်း ခုနစ်ရက်တစ်ပတ်တိုင်း အစီရင်ခံစာများပို့၍ နေရပြန်သောကြောင့် အလုပ်နှင့် ဂျင်ဂျင်လည်လျက် အသန့်တို့၏ သတင်းကိုသာနာရပြီး အသန့်တို့ထံသို့ကား ကိုယ်တိုင်ကိုယ်ကျမသွားနိုင်အားဘဲရှိခဲ့ပေသည်။

အသန့်၏ ယောက္ခမများသည် စစ်အတွင်းက ဗုံးဒဏ်မိသဖြင့် ပျက်စီးကြရသည်ဟု သိရ၏။ အသန့်နှင့် အသန့်၏ခင်ပွန်း ဦးစိန်မောင်တို့သည် ခနောင်တိုရှိ မိမိတို့ပိုင် စက်ဝင်းကြီးအတွင်းက တိုက်အိမ်တွင် နေထိုင်လျက်ရှိကြသည်ကိုလည်း သိရ၏။ အသန့်တွင် သားသမီးမထွန်းကားသေးကြောင်းကိုလည်း သိရ၏။ အသန့်တို့ထံသို့ သွားမည်ဟု အားခဲတိုင်း အလုပ်အမျိုးမျိုးပေါ်လာသောကြောင့် သွားပဲမသွားဖြစ်နိုင်ခဲ့အောင်ရှိရ၏။

တစ်နေ့၌ ညနေပိုင်းအလုပ်အနည်းငယ်ပါးသဖြင့် အလုပ်တိုက်ပိတ်ချိန်တွင် အသန့်ရှိရာသို့ မသွားဖြစ်လျှင် သွားဖြစ်အောင် သွားတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်၏။ ထို့ကြောင့် အလုပ်တိုက်ကို တိုက်စောင့်ဒရဝမ်က သော့ခတ်၍ ပိတ်အပြီးတွင် ကျွန်ုပ်လည်း အလုပ်တိုက်အပေါ်ထပ်ရှိ ကျွန်ုပ်နေထိုင်ရာအခန်းသို့တက်ကာ အဝတ်အစားလဲပြီးလျှင် လှေကားမှဆင်းလာခဲ့၏။

လှေကားမှဆင်း၍ တိုက်ပြင်ဘက်သို့ ရောက်သည့်ခဏ၌ ကျွန်ုပ်၏ အလုပ်တိုက်ရှေ့တွင် လန်ချားတစ်စင်းထိုး၍ ဆိုက်ကာ လန်ချားပေါ်မှ ပိန်ပိန်ပါးပါး အသားဖြူဖြူအမျိုးသမီးတစ်ဦး ဇင်းမယ်လုံချည်ကို ဝတ်လျက် ဆင်းလာသည်ကို မြင်ရလေရာ ကျွန်ုပ်လည်း အမှတ်မထင်ကြည့်ပြီးနောက် အသန့်တို့ရှိရာ ခနောင်တိုဘက်သို့ နေမဝင်ခင်ရောက်လိုသောဇောဖြင့် ခြေလှမ်းပြင်လိုက်ရ၏။ သို့ပြင်၍ ခြေလှမ်း လှမ်းစပြုသည့်အခိုက်အတန့်တွင် "တစ်ဆိတ်ရှင်" ဟု နောက်က ပြောလိုက်သောအသံကို ကြားရသောကြောင့် လှည့်၍ကြည့်လိုက်ရာ မျက်မှန်နှင့် ပိန်ပိန်ပါးပါးအမျိုးသမီးသည် ကျွန်ုပ်ဆီသို့ လျှောက်လာသည်ကိုတွေ့ရသဖြင့် ကိုယ်ရှိန်သတ်၍ ရပ်နေလိုက်ရသည်၌ ထိုအမျိုးသမီးက "ရှင် ... ဒီတိုက်မှာ နေပါသလားရှင် ..." ဟု ကျွန်ုပ်အား မေးလိုက်၏။ ကျွန်ုပ်လည်း "ဟုတ်ကဲ့ ... ဘာကိစ္စရှိလို့ပါလဲခင်ဗျာ ..." ဟု ဆိုလိုက်ကာရှိသေး ထိုအမျိုးသမီးမှာ တစ်ကိုယ်လုံး သိသိသာသာ တုန်တုန်ယင်ယင်ဖြစ်လာပြီးလျှင် "အစ်ကိုကံကောင်း အသန့်လေ ... အသန့်ကို မမှတ်မိတော့ဘူးလား"ဟု ငိုသံပါကြီးနှင့် ပြောလိုက်သဖြင့် ကျွန်ုပ်တွင် "ဟိုက် ..." ခနဲ ပါးစပ်ကယောင်၍ ဆိုမိလျက် မှင်သက်မိသူပမာ အံ့ဩခြင်းပြင်းစွာဖြစ်၍နေ၏။

**ဆက်လက်ဖော်ပြပါမည်။**

---

# သထုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကျင်းပ



သထုံ ဇွန် ၁၇

မွန်ပြည်နယ် သထုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ သထုံမြို့ ဘင်လှိုင်ရပ်ကွက်ရှိ ပရိုကိုးအခြေခံပညာမူလတန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းများ ဆောင်ရွက်သည်။

ရှေးဦးစွာ ပရိုကိုးအခြေခံပညာမူလတန်းကျောင်း တာဝန်ခံ ဒေါ်ခင်လှဝေက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ကျောင်းစာအပြင် ပြင်ပဗဟုသုတတိုးပွားစေရန် စာအုပ်စာပေများ လေ့လာဖတ်ရှုကြရေး အသိပညာပေးဟောပြောဆွေးနွေးကြပြီး ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ လူကုန်ကူးမှုအန္တရာယ်သတိပြုကာကွယ်ရေး အသိပညာပေးနံရံကပ်စာစောင်တို့ကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**ချမ်းမြေ့**

# ရန်ကုန်မြို့ရှိ ဝန်ကြီးဌာနအောက်ဌာနများမှဝန်ထမ်းများနှင့် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းတွေ့ဆုံ

ရန်ကုန် ဇွန် ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ဝန်ကြီးဌာနအောက်ဌာနများဖြစ်သည့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏နား၊ မျက်စိသဖွယ်ဆောင်ရွက်ပြီး နိုင်ငံတော်ကဆောင်ရွက်နေသည်များကို ပြည်သူများသိရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ မိမိတို့ ဖော်ပြသည့်သတင်းများသည် အထောက်အထားခိုင်လုံသောဖော်ပြချက်များ ဖြစ်ရန်လိုပါကြောင်း၊ သာမန်ရုံးဌာနတစ်ခုလိုဆောင်ရွက်၍မရဘဲ မီဒီယာအဖွဲ့အစည်းများ၊ စာပေ၊ အနုပညာရှင်များနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံပိုင်မီဒီယာအဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ နိုင်ငံတော်၏အကျိုးစီးပွား၊ နိုင်ငံတော်အစိုးရ၏ မျှော်မှန်းချက်များကို ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အားလုံးက မိသားစုစိတ်ဓာတ်ဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ပါက အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။



နံနက်ပိုင်းကလည်း ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးနှင့် ကောင်စီဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက နည်းပညာခေတ်တွင် သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိစေရန်နှင့် သတင်းတု၊ သတင်းမှားများကို ချေဖျက်ရန် ဝိုင်းဝန်းပြီးဆောင်ရွက်ကြရေး၊ မကြာခင် မီဒီယာဥပဒေရေးဆွဲရန်ရှိသဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအနေဖြင့် ဝိုင်းဝန်းအကြံပြုကြပါရန်နှင့်မီဒီယာအလုပ်ရုံဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများကိုလည်း ကျင်းပသွားရန် အစီအစဉ်ရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက သတင်းမီဒီယာကောင်စီ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် နည်းပညာတက္ကသိုလ်(မန္တလေး)၊ မန္တလေးနည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(စစ်ကိုင်း)တို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇွန် ၁၇

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဇွန်လ ၁၆ ရက်နှင့် ယနေ့တို့တွင် မန္တလေးတိုင်းဒေသကြီးရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်(မန္တလေး)နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ နည်းပညာတက္ကသိုလ်(စစ်ကိုင်း)တို့သို့သွားရောက်ကာ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ထိခိုက်ခဲ့သောအဆောက်အအုံများ ပြင်ဆင်ပြီးစီးမှု၊ တက္ကသိုလ်များတွင် သင်ကြားသင်ယူဆောင်ရွက်နေမှု၊ Lab ခန်းများ၊ ကွန်ပျူတာခန်းများ၊ အလုပ်ရုံ၊ စာကြည့်တိုက်နှင့် ICT အသုံးပြု၍ သင်ကြားသင်ယူမှုများ အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် Data Center ပြုပြင်ထိန်းသိမ်းထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည်ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံရာ ပါမောက္ခချုပ်များက ကျောင်းဆိုင်ရာကိစ္စရပ်များတင်ပြချက်များအပေါ် လိုအပ်သည်များမှာကြား၍ တက္ကသိုလ်ဥပဓိရုပ်ကောင်းမွန်ရေး၊ ကျောင်းဝင်းအတွင်း သန့်ရှင်းသာယာလှပရေး၊ သင်ကြားသင်ယူမှုကောင်းမွန်သောပတ်ဝန်းကျင်ဖြစ်စေရေးအလေးထားဆောင်ရွက်ရန်၊ ဘောလုံးကွင်း၊ အားကစားရုံနှင့် ကန်တင်းတို့ကို အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြဝတီ

## (၁၇-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၆~၃၆၆၉ | ၅၅၇.၉~၅၅၈.၇ | ၁၂၅.၅~၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏ | ၁၂,၁၀၁,၆၃၁.၇၆ | ၅၈၈,၀၀၀.၀၀ | ၅၉,၉၄၇,၃၄၂.၉၅ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်းရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်းရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ထုပ်ပိုးမှုပစ္စည်း၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ မျိုးစေ့၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ စက္ကူ၊ ဓာတ်မြေဩဇာတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁.၁၄ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၁၇ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၇-၆-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆ . ၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၀၀၀,၀၀၀)ကျပ်**ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တာမွေမြို့နယ်ရှိအလုပ်သမားဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုနှင့် မင်္ဂလာဒုံစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံတို့သို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၁၇

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး ပြင်ပလူနာဌာန၌ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဆေးရုံအတွင်းရှိ ဆေးဝါးသိုလှောင်ရုံနှင့်ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများထားရှိမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ စနစ်တကျရှိစေရေးနှင့် ပိုမိုထိရောက်စေရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားရန် မှာကြားသည်။

ယမန်နေ့ကလည်း ပြည်ထောင်စုဝန်ကြီးသည် မင်္ဂလာဒုံစက်မှုဇုန်ရှိ Myanmar Postraion Co.,Ltd. အထည်ချုပ်စက်ရုံနှင့် SMK Mingalardon Co.,Ltd. အထည်ချုပ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး အထည်ချုပ်စက်ရုံများတွင် ရွေ့လျားဆေးကုသရေးအဖွဲ့ဖြင့် လုပ်ငန်းခွင်အရောက် ကွင်းဆင်းဆေးကုသပေးနေမှုအား လိုက်လံကြည့်ရှုအားပေးကြောင်း သိရသည်။



မြဝတီ

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးနေ့ဝမနေ့သို့ လာရောက်လေ့လာသည့် ရာမညနိကာယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏပါလအား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဖူးမြော်တွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီသည် တတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေးနေ့ဝမနေ့ အစည်းအဝေး ကျင်းပနေမှုကို လာရောက်လေ့လာသည့် မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ ရာမည နိကာယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဉာဏပါလဦးဆောင်သော ရှစ်ဦးပါအဖွဲ့ အားယနေ့နံနက်ပိုင်းတွင်ပြည်သူ့လွှတ်တော် ဆောင်ဧည့်ခန်းမ၌ ဖူးမြော်တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဥပဒေပြုရေးလုပ်ငန်းသည် လွှတ်တော်၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ လွှတ်တော် အနေဖြင့် ပြည်သူများကို ဥပဒေ၏အကာ အကွယ်အောက်တွင် အေးချမ်းလုံခြုံစွာ နေထိုင်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ပေး လျက်ရှိပါကြောင်း၊ မိမိတို့လွှတ်တော် ကိုယ်စားလှယ်များအနေဖြင့် ပြည်သူများက ၎င်းတို့၏သဘောထားဆန္ဒနှင့်အညီ ရွေးချယ် တင်မြှောက်လိုက်သည့်သူများဖြစ်သည့် အတွက် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ လူမှု စီးပွားဘဝဖွံ့ဖြိုးစေရေးဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ ယခုရက်ပိုင်း လွှတ်တော် အစည်းအဝေးများတွင်လည်း တောင်သူ လယ်သမားများ၏ အကျိုးစီးပွားဖြစ်ထွန်း စေရေးနှင့်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကဲ့သို့ သော ပြည်သူများကိုတိုက်ရိုက်အကျိုး ဖြစ်ထွန်းစေမည့်ကိစ္စရပ်များကို လွှတ်တော် မှတစ်ဆင့် ဝန်ကြီးဌာနများသို့ မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းဖြင့် ပြည်သူကိုကိုယ်စားပြုသည့်ဆောင်ရွက် ချက်များကို အပြည့်အဝအကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် မဲဆန္ဒနယ်အလိုက် လွှတ်တော် ကိုယ်စားလှယ်ရုံးများဖွင့်လှစ်ထားရှိ၍ ရပ်ရွာ ဒေသအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရေး အတွက် အနီးကပ်ဆက်သွယ်ဆောင်ရွက်နိုင် ပါကြောင်း၊ ဒေသဆိုင်ရာလိုအပ်ချက်များနှင့် ဘာသာရေး၊ သာသနာရေးဆိုင်ရာကိစ္စရပ် များရှိပါကလည်း ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှတစ်ဆင့် မိန့်ကြား ဆောင်ရွက်နိုင်ပါကြောင်း လျှောက်ထားပြီး ယခုလိုလွှတ်တော်သို့ စိတ်ပါဝင်စားစွာ လာရောက်လေ့လာသည့်အတွက်လည်း အထူးဝမ်းမြောက်ပါကြောင်းနှင့် လာရောက် လေ့လာလိုသည့် လူ၊ ပုဂ္ဂိုလ်အဖွဲ့အစည်း များကိုလည်း ဖိတ်ခေါ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုကဲ့သို့ လွှတ်တော်လေ့လာ ရေးခရီးစဉ်များ လာရောက်နိုင်ရေး အတွက်လည်း လွှတ်တော်မှဖိတ်ကြား ဆောင်ရွက်ခြင်းနှင့်လွှတ်တော် Website များတည်ထောင်ဖွင့်လှစ်ခြင်းအပြင် အခြား Social Media များမှလည်း လွှတ်တော် အကြောင်းကို ပိုမိုသိရှိစေရန် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် မွန်ပြည်နယ် ရေး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စား လှယ် ဒေါ်မိမြင့်သန်းတို့ တက်ရောက်ခဲ့ ကြောင်းသိရသည်။

မြဝတီ

# သီပေါမြို့နယ်ရှိ ကျင်သီတံတားနှင့် ကွန်ကရစ်ဇလီဖားစက်ရုံ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများအား ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုပြီး ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ





နေပြည်တော် ဇွန် ၁၇

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒီဂျစ်တယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးအောင်မြင့်နှင့်အတူ ဇွန်လ ၁၆ ရက်က ပြင်ဦးလွင်-လားရှိုးလမ်းပိုင်းရှိ သီပေါမြို့နယ်ဘော်ကြိုဘူတာအနီး အလျား ပေ ၂၈၀ ရှိ ကျင်သီတံတားပြန်လည်ပြုပြင် ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လဲလှယ်ရန်ကျန်ရှိသော ဆွေးမြည့်နေသည့် သစ်သားဇလီဖားတုံးများကို အသစ်လဲလှယ် ရန်နှင့် သတ်မှတ်ကာလအမီ အမြန်ဆုံး ပြန်လည်ပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သောင်းကျန်းသူများဖျက်ဆီး ခဲ့သည့် သီပေါမြို့ရှိ ကွန်ကရစ်ဇလီဖားစက်ရုံ ပြန်လည်ပြုပြင်နေမှု၊ ပြန်လည်ပြုပြင်ဆောင် ရွက်လျက်ရှိသည့် ကွန်ကရစ်ဇလီဖား Mould နှင့် ဆက်စပ်ပစ္စည်းများပြုပြင်ခြင်းလုပ်ငန်း၊ စက်ရုံအတွင်းရထားလမ်းပြုပြင်ခြင်းလုပ်ငန်း၊ Traverser ကရိန်းပြုပြင်ခြင်းလုပ်ငန်း၊ ကွန်ကရစ်ဖျော်စက်ပြုပြင်ခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံပိုင်းဆိုင်ရာ ပြုပြင်ခြင်း လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး သည်။

အဆိုပါစက်ရုံပြီးစီးသွားပါက တစ်လလျှင် ကွန်ကရစ်ဇလီဖားတုံး ၆၂၄၀ ထုတ်လုပ် နိုင်မည်ဖြစ်ပြီး မန္တလေး-လားရှိုးလမ်းပိုင်း ပိုမိုတောင့်တင်းကြံ့ခိုင်စေရန်လိုအပ်သည့် နေရာများတွင် အစားထိုးဖြည့်တင်းသွား မည်ဖြစ်သည်။

ယင်းနောက် မြန်မာ့စာတိုက်လုပ်ငန်း သီပေါစာတိုက်၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်လည်းကောင်း၊ ကျောက်မဲမြို့ရှိ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(ကျောက်မဲခရိုင်ရုံး)၌ ဝန်ကြီးဌာနအောက်ရှိဌာနဆိုင်ရာဝန်ထမ်း များနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံ အမှာစကားပြောကြားပြီး ထောက်ပံ့ငွေ နှင့် စားသောက်ဖွယ်ရာများပေးအပ်ကာ ကျောက်မဲဘူတာပရိဝုဏ်နှင့် ယာဒ်ဝင်း သန့်ရှင်းရေးဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ နောင်ပိန်ဘူတာအနီး ရထားလမ်းကူးနေရာမှ RBE ရထားဖြင့် ရထားလမ်းကြံ့ခိုင်မှုအခြေအနေ၊ နောင်ချို မြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် ဂုတ်ထိပ် တံတားကြံ့ခိုင်မှု၊ တံတားကြီး၏ အောက် ခြေတိုင်များကို ခြံစည်းရိုးကာရံထားမှု၊ ဂုတ်ထိပ်ဘူတာအား သန့်ရှင်းသပ်ရပ်စွာ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအတွက်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်ယနေ့ နံနက်ပိုင်းတွင် ပြင်ဦးလွင်ဘူတာ သန့်ရှင်း သာယာလှပရေးဆောင်ရွက်ထားမှု၊ ဘူတာ အနီးရှိ ကြယ်ငါးပွင့်အဆင့်ရှိသည့်ဟိုတယ် နှင့် အထပ်ခြောက်ထပ်ပါ အဆင့်မြင့်ဈေး ဝယ်စင်တာတည်ဆောက်မည့်မြေနေရာ၊ ပြင်ဦးလွင်ဘူတာနယ်မြေအတွင်းရှိအလျား ၅၆၁ ပေ၊ အနံ ၃၀၈ ပေရှိ ရော်ဘာ ပြေးလမ်းပါဘောလုံးကွင်းနှင့် အလျား ၁၃၅ ပေ၊ အနံပေ ၂၀ ရှိပွဲကြည့်စင်တည်ဆောက် နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ကာလအမီပြီးစီးရေး မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# သစ်တောနှင့်သဘာဝဝန်းကျင်ပြတိုက်၊ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)၊ ဆာဖာရီဥယျာဉ်နှင့် နက္ခတ်တာရာပြခန်းတို့အား ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၇

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးဆန်းဦးသည်ယနေ့နံနက်ပိုင်းတွင် တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)ရှိသစ်တော နှင့်သဘာဝဝန်းကျင်ပြတိုက်ကို ကြည့်ရှု စစ်ဆေးပြီး ပြတိုက်အတွင်း ပြခန်းများ သန့်ရှင်းရေး၊ သမိုင်းအထောက်အထားများ ခိုင်မာစွာထားရှိရေးနှင့် လာရောက်လေ့လာ သူများအတွက် အသိအမြင်ဗဟုသုတများ တိုးပွားစေရန်ဆောင်ရွက်ရေးတို့ကို မှာကြား သည်။

ထို့နောက်တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်) နှင့်ဆာဖာရီဥယျာဉ်အတွင်း ပြကွက်များ ပြသထားမှုနှင့် တိရစ္ဆာန်များထိန်းသိမ်း စောင့်ရှောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေး ပြီး လုပ်ငန်းဆိုင်ရာများမှာကြားသည်။

ယင်းနောက် နက္ခတ်တာရာပြခန်းကို ကြည့်ရှုစစ်ဆေးပြီး လာရောက်လည်ပတ် သူများ ပိုမိုစိတ်ဝင်စားစေရန်အတွက် ပြခန်း များပြသထားမှုပုံစံနှင့် အစီအစဉ်အသစ် များရေးဆွဲပြသဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၀˚c |
| ရန်ကုန် | ၂၄˚c | / | ၃၁˚c |
| မန္တလေး | ၂၆˚c | / | ၃၅˚c |

## မိုးပိုလာနိုင်

နေပြည်တော် ဇွန် ၁၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်း ဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ (မိုး/ဇလ)

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

★ **ရှေ့ဖုံးမှအဆက်**

CRCC မှ ဥက္ကဋ္ဌဖြစ်သူ Mr. Dai Hegen နှင့် အဖွဲ့ဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် CRCC ၏ပြခန်းကို လေ့လာကြရာ CRCC ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တရုတ်မီးရထားလမ်းတည်ဆောက်ရေးကော်ပိုရေးရှင်း(China Railway Construction Corporation Limited–CRCC) အနေဖြင့် ၁၉၄၈ ခုနှစ်၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) ရထားလမ်းတပ်ဖွဲ့၌ စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပြီး ခေတ်အဆက်ဆက်ဖြစ်ပေါ်တိုးတက်ခဲ့မှုများ၊ နိုင်ငံ့အကြီးအကဲများက မီးရထားတပ်ဖွဲ့အား အလေးထားခဲ့ကြပြီး တွေ့ဆုံမှုများဆောင်ရွက်ခဲ့ကြသည့် သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် အထောက်အထားများ၊ မြင့်မားသည့်မီးရထားတံတားများ၊ ဥမင်လိုဏ်ခေါင်း မီးရထားလမ်းများအား အခက်အခဲများကြားမှ တည်ဆောက်ဖောက်လုပ်ခဲ့သည့်မှတ်တမ်းများ၊ ပေကျင်းမြို့၏ ပထမဆုံးမြေအောက်မီးရထားလမ်းတည်ဆောက်ခဲ့မှုများ၊ မီးရထားတပ်ဖွဲ့၏



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် China Railway Construction Corporation Limited (CRCC) ၏ ပြခန်းတွင် ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Hua Chunying ဦးဆောင်သည့်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

ပြည်ပစစ်မြေပြင်များတွင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့မှုသမိုင်းမှတ်တမ်းများ၊ သဘာဝဘေးအန္တရာယ်ကြောင့် မီးရထားလမ်းများ ထိခိုက်ပျက်စီးခဲ့ရမှုနှင့် ပြန်လည်ပြုပြင်တည်ဆောက်ခဲ့မှု မှတ်တမ်းများ၊ မီးရထားလမ်းတပ်ဖွဲ့အဖြစ်မှ ကော်ပိုရေးရှင်းအဖြစ်ပြောင်းလဲခဲ့မှုများ၊ ကျည်ဆန်ရထားများတည်ဆောက်ခဲ့မှုများ၊ မြေအောက်ရထားလမ်းတည်ဆောက်ရေးလုပ်ငန်းများတွင် အသုံးပြုသည့် တရုတ်နိုင်ငံမှထုတ်လုပ်ထားသော ယာဉ်ယန္တရား၊ စက်ကိရိယာများ၊ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာ၌ CRCC မှ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ပြခန်းတစ်ခုချင်းစီအလိုက် မှတ်တမ်းအထောက်အထားများ၊ အထူးပြုလုပ်ချက်များ၊ ပုံစံငယ်များဖြင့်

**❖ မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြပြီး သမိုင်းကြောင်းရှည်လျားစွာဖြင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာလျက်ရှိနေ . . .**

**❖ မြန်မာနိုင်ငံတွင် ရထားလမ်း၊ ကားလမ်းများ၊ မြေအောက်ရထားလမ်းများ၊ လေဆိပ်များ၊** Smart City **များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့တွင်** CRCC **မှ တတ်ကျွမ်းသည့်နည်းပညာများဖြင့် အကျိုးပြုလို . . .**

လိုက်လံရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

အဆိုပါ တရုတ်မီးရထားလမ်းတည်ဆောက်ရေးကော်ပိုရေးရှင်း (China Railway Construction Corporation Limited– CRCC)ကို ၁၉၄၈ ခုနှစ်၌ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA) ရထားလမ်းကော်ပိုရေးရှင်းအဖြစ် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ၁၉၉၀ ပြည့်နှစ်တွင် CRCC အဖြစ်သို့ ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၀၃ ခုနှစ်၌ နိုင်ငံပိုင်ပစ္စည်းများကြီးကြပ်စစ်ဆေးရေးနှင့်စီမံခန့်ခွဲရေးကော်မရှင်(SASAC)၏ စီမံခန့်ခွဲမှုဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း၊ ကုမ္ပဏီကို ၂၀၀၇ ခုနှစ်တွင် အစုရှယ်ယာများဖြင့် ခေတ်မီကော်ပိုရေးရှင်းအသွင်ဖြင့် ပြောင်းလဲဖွဲ့စည်းခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ရှန်ဟိုင်းနှင့် ဟောင်ကောင် စတော့ခ်ဈေးကွက်တွင် စာရင်းသွင်းခဲ့ကြောင်း၊ CRCC သည် ယနေ့အချိန်အထိ မီးရထားလမ်းနှင့် အမြန် ရထားလမ်းပေါင်း (၁၃၀၀၀၀) ကီလိုမီတာကျော်၊ အဝေးပြေးလမ်းမ (၅၀၀၀၀) ကီလိုမီတာကျော်၊ တံတား (၂၈၀၀၀) ကီလိုမီတာကျော်၊ ဥမင်လိုဏ်ခေါင်း(၂၆၀၀၀) ကီလိုမီတာကျော်နှင့် အဆောက်အဦပေါင်း (၁၂၀၀၀၀၀၀၀) စတုရန်းမီတာတို့ကို ကမ္ဘာ့နေရာအများအပြားတွင်တည်ဆောက်ခဲ့ကြောင်း၊ ထို့ပြင် CRCC ၏လုပ်ငန်းခွဲများသည် အမေရိကတွင် (၂၄) ခု၊ အာဖရိကတွင်(၅၁) ခု၊ ဥရောပတွင် (၁၅) ခု၊ အာရှတွင် (၄၁) ခုနှင့် သမုဒ္ဒရာနိုင်ငံများတွင် (၁၀)ခု၊ ပြည်ပနိုင်ငံနှင့် ဒေသစုစုပေါင်း (၁၄၈) ခုတွင် အလုပ်သမားပေါင်း (၂၆၈၀၀၀) ဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ CRCC မှ တည်ဆောက်ခဲ့သော အမြန်ရထားလမ်းများအနက် ကမ္ဘာ့အရှည်ဆုံး၊ အဆင့်အမြင့်ဆုံးနှင့် ရှုပ်ထွေးမှုအရှိဆုံး တစ်ဆက်တည်း အမြန်ရထားလမ်းအဖြစ် ပေကျင်း-ရှန်ဟိုင်း အမြန်ရထားလမ်းဖောက်လုပ်မှုတွင် (၄၆) ရာခိုင်နှုန်းကို တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကမ္ဘာ့အမြင့်ဆုံးနှင့် အရှည်ဆုံးကုန်းပြင်မြင့်ရထားလမ်းဖြစ်သည့် ကျင်းဟိုင်-တိဗက် ရထားလမ်းဖောက်လုပ်မှုတွင် (၇၀) ရာခိုင်နှုန်း ပါဝင်ခဲ့ကြောင်း၊ တရုတ်နိုင်ငံမှတည်ဆောက်သည့် ပထမဆုံးနယ်စပ်ဖြတ်ကျော် ရထားလမ်းဖြစ်ပြီး တရုတ်နိုင်ငံရှိ ရထားကွန်ရက်နှင့် ချိတ်ဆက်ထားသည့် ကူမင်း-ဗီယင်ကျန်း မီးရထားလမ်းနှင့် ပေကျင်းမြေအောက်ရထားလိုင်းအမှတ် (၁) စသည်ဖြင့် နေရာအမျိုးမျိုးတွင် ဖောက်လုပ်ထားသည့် မီးရထားလမ်းများသည် လက်ရှိအချိန်အထိ အသုံးပြုလျက်ရှိကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့်ပူးပေါင်း၍ မီးရထားလမ်းထိန်းသိမ်းပြင်ဆင်သည့် လုပ်ငန်းများကိုလည်း လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ရှင်းလင်းဆောင်ခန်းမတွင် CRCC ဥက္ကဋ္ဌက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အနေဖြင့် ယခုကဲ့သို့ China Railway Construction Corporation Limited (CRCC)သို့ အချိန်ပေး၍ လာရောက်လေ့လာမှုအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဝန်ထမ်းပေါင်း ၃ သိန်းကျော်ကို ကိုယ်စားပြု၍ မိမိအနေဖြင့် လှိုက်လှဲနွေးထွေးစွာကြိုဆိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအနေဖြင့် အိမ်နီးချင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြပြီး သမိုင်းကြောင်းရှည်လျားစွာဖြင့် ချစ်ကြည်ရင်းနှီးမှုများ ခိုင်မာလျက်ရှိနေပါကြောင်း၊ မိမိတို့နိုင်ငံ၏ သမ္မတကြီး မစ္စတာရှီကျင့်ဖျင်အနေဖြင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံအတွက် ယုံကြည်စိတ်ချရသည့် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြောင်းနှင့် နှစ်နိုင်ငံသဘောတူညီချက်များကို အကောင်အထည်ဖော်သွားနိုင်ရေးအတွက်လည်း မိမိတို့အား မှာကြားထားပါကြောင်း၊ မြန်မာနိုင်ငံတွင် ရထားလမ်း၊ ကားလမ်းများ၊ မြေအောက်ရထားလမ်းများ၊ လေဆိပ်များ၊ Smart City များ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့တွင် CRCC မှ တတ်ကျွမ်းသည့်နည်းပညာများဖြင့် အကျိုးပြုလိုပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး CRCC သမိုင်းကြောင်းများနှင့် လက်ရှိဖြစ်ပေါ်တိုးတက်နေမှုအခြေအနေများ၊ စွမ်းဆောင်နိုင်မှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးပြီး မြန်မာနိုင်ငံနှင့် CRCC တို့အကြား ပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်သွားနိုင်မည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ နှင့် CRCC ဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး နိုင်ငံတော်သမ္မတသည် China Railway Construction Corporation Limited (CRCC) မှ ပြန်လည်ထွက်ခွာရာ CRCC ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတ ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ပေကျင်းမြို့ South Railway




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့နှင့် CRCC မှ ဥက္ကဋ္ဌဖြစ်သူ Mr. Dai Hegen တို့ မြန်မာနိုင်ငံနှင့် CRCC တို့အကြား ပူးပေါင်းဆောင်ရွက်မှုများစွာကို ဆောင်ရွက်သွားနိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားစဉ်။

Station မှ ရှန်ဟိုင်းမြို့ Hongqiao Railway Station သို့ High-Speed Railway G23 ဖြင့် ထွက်ခွာရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mrs. Hua Chunying ဦးဆောင်သည့်အစိုးရအဖွဲ့ဝင်များ၊ ပေကျင်းမြို့ရှိ မြန်မာနိုင်ငံသံရုံး၊ စစ်သံရုံးတို့မှ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။ ထိုသို့ ပို့ဆောင်နှုတ်ဆက်စဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဂုဏ်ပြုတပ်ဖွဲ့ကလည်း ကော်ဇောနီ၏ တစ်ဖက်တစ်ချက်တွင် နေရာယူအလေးပြု၍ နိုင်ငံတော်သမ္မတအား ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော်သမ္မတသည် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့်သွားရောက်စဉ် လမ်းခရီးတစ်လျှောက်၌ တရုတ်နိုင်ငံ၏ ရထားပို့ဆောင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်မှုများ၊ ရထားလမ်းနယ်များ စနစ်တကျရှိမှုများ၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှုများ၊ လူနေထိုင်မှုနှင့် စိုက်ပျိုးရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်ထားရှိမှုများ၊ Green Energy အသုံးပြုထားရှိမှုများ၊ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်စေရေး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများ၊ ရထားလမ်းကြောင်းတစ်လျှောက် သစ်ပင်များအား ပင်ခြား၊ တန်းခြား မှန်ကန်စွာဖြင့် စိုက်ပျိုးထားရှိမှုများ စသည်တို့ကို ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများကို လိုအပ်သည်များလမ်းညွှန်မှာကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပေကျင်းမြို့မှ ရှန်ဟိုင်းမြို့သို့ အမြန်ရထားဖြင့် သွားရောက်စဉ် High-Speed Railway G23 ပေါ်၌ ခရီးသည်များ သက်သောင့်သက်သာဖြင့် ခရီးသွားလာနိုင်ရေး စီမံဆောင်ရွက်ပေးထားမှုကိုလေ့လာစဉ်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် High-Speed Railway G23 ပေါ်၌ စားသောက်ဖွယ်ရာများ ဝန်ဆောင်မှုပေးထားမှုများ၊ ခရီးသည်များ သက်သောင့်သက်သာဖြင့် ခရီးသွားလာနိုင်ရေးစီမံဆောင်ရွက်ပေးထားမှုများကိုလည်း မြန်မာ့မီးရထားဆက်သွယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရာတွင် အတွေ့အကြုံယူအသုံးပြုနိုင်ရေးအတွက် မေးမြန်းလေ့လာဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် ရှန်ဟိုင်းမြို့ Hongqiao Railway Station သို့ ရောက်ရှိကြရာ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ခေတ္တတည်းခိုမည့် ရှန်ဟိုင်းမြို့၊ Fairmont Peace ဟိုတယ်သို့ ဆက်လက်ထွက်ခွာခဲ့ကြရာ ဟိုတယ်သို့သွားရောက်ရာ လမ်းတစ်လျှောက်၌ ရှန်ဟိုင်းမြို့ဒေသခံများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် မြန်မာအဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့လိုက်ပါလာသည့် အထူးယာဉ်တန်းအား လှိုက်လှဲနွေးထွေးစွာ ကြိုဆိုခဲ့ကြကြောင်းနှင့် ဟိုတယ်သို့ရောက်ရှိချိန်တွင်လည်း တာဝန်ရှိသူများက တီးဝိုင်းငယ်ဖြင့် တီးမှုတ်၍ ကြိုဆိုဂုဏ်ပြုခဲ့ကြောင်း သတင်းရရှိသည်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ရှန်ဟိုင်းမြို့၊ Fairmont Peace ဟိုတယ်တွင် တာဝန်ရှိသူများက တီးဝိုင်းငယ်ဖြင့်တီးမှုတ်၍ ကြိုဆိုဂုဏ်ပြုစဉ်။

မြဝတီ

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing and high-level Myanmar delegation visit China Railway Construction Corporation Limited (CRCC) in Beijing; arrive in Shanghai from Beijing by high-speed train



President of the Republic of the Union of Myanmar U Min Aung Hlaing shakes hands with an official of CRCC.

NAY PYI TAW June 17

A high-level Myanmar delegation, led by President of the Republic of the Union of Myanmar U Min Aung Hlaing, who was in Beijing, the People's Republic of China at the invitation of President Mr. Xi Jinping of PRC, visited China Railway Construction Corporation Limited (CRCC) in Beijing this morning.

On arrival at the CRCC, the President and party were warmly welcomed by CRCC Chairman Dr. Dai Hegen and members. The President and party looked around the exhibition hall of CRCC. The CRCC chairman and officials represented reports on the establishment of CRCC as the Railway Corps of the People's Liberation Army in 1948 and its developments throughout the successive years, historical photos and records of the State Leaders' support and visits to the Corps, documentaries of building high rail bridges and railway tunnels amidst the hardships, construction of the first underground railway in Beijing, historical records of members of the Corps serving duties at the battle fields abroad, and documentaries on repair and reconstruction of rail tracks damaged by natural disasters. Their detailed reports on every booth also included the transformation of the Corps into a corporation, construction of bullet trains, Chinese-made heavy equipment and tools used in building underground railways, development undertakings of CRCC in the countries around the world, including Myanmar. They presented the booth-wise reports with the aid of the documentaries, records, special effects, and scale models. The President asked for more information.




President U Min Aung Hlaing visits the exhibition hall of CRCC.

The China Railway Construction Corporation Limited (CRCC) was founded as the railway Corps of PLA in 1948. It was reformed into the CRCC in 1990. In 2003, CRCC was under the management of the State-owned Assets Supervision and Administration Commission of the State Council. In 2007, the company was transformed into a modern corporation with shares and became a listed entity in Shanghai and Hong Kong stock and share markets in 2008. Up to this date, the CRCC has constructed over 130,000 kilometers of conventional rail and high-speed rails, over 50,000 kilometers of highways, over 28,000 kilometers of bridges, over 26,000 kilometers of tunnels, and 120,000,000 square meters of buildings across the world. Moreover, the CRCC has 24 branches on America, 51 branches in Africa, 15 branches in Europe, 41 branches in Asia, 10 branches in Oceania nations, totalling 148 branches abroad. They are run by 268,000 employees. The CRCC has built many railways, and its contribution to erecting the Beijing-Shanghai High-Speed Railway, as the world's longest, highest-standard, and most complex continuous high-speed rail line, is 46 percent, and to Qinghai-Tibet Railway, the world's highest and longest plateau railway, is 70 percent. Built by the CRCC in many places including the Kunming-Vientiane railroad, the first cross-border railway built by China and connected to its rail network, and the No.1 Beijing underground rail line, are being used till now. Moreover,

See Page - 22

# Joint Statement of the Republic of the Union of Myanmar and the People's Republic of China on Accelerating the Building of a China-Myanmar Community with a Shared Future

## (17 June 2026)

**1.** At the invitation of H.E Xi Jinping, President of the People's Republic of China, H.E. U Min Aung Hlaing, President of the Republic of the Union of Myanmar paid a State Visit to China from 15 to 19 June 2026.

During the visit, President Xi Jinping and President U Min Aung Hlaing had a meeting and conducted in-depth exchanges on cementing China-Myanmar "pauk-phaw" friendship, advancing comprehensive strategic cooperation and deepening the building of a China-Myanmar community with a shared future,reaching important consensus. H.E. Li Qiang, Premier of the State Council, and H.E. Zhao Leji, Chairman of the Standing Committee of the National People's Congress, met with President U Min Aung Hlaing, respectively.

**2.** Both sides emphasized that since the establishment of diplomatic relations 76 years ago, China and Myanmar have been sincere, mutually trusting, and supportive good neighbors, good friends, and good partners. China and Myanmar enjoy a longstanding friendship and close partnership.They have always adhered to equality and mutual benefit, and firmly supported each other in safeguarding national sovereignty, security, and development interests. In light of the profound changes taking place in the regional and international landscape, both sides agreed to uphold the spirit of the Five Principles of Peaceful Coexistence, further carry forward the China–Myanmar "pauk-phaw" friendship, deepen practical and mutually beneficial cooperation across various fields on the basis of equality, mutual respect, consultation, and shared benefit, and continue advancing the building of a China-Myanmar community with a shared future and better benefit the people of both countries.

**3.** Both sides reiterated their continued firm mutual support on issues involving each other's core interests and major concerns.

The Chinese side welcomes the general election in Myanmar and reaffirmed its support for the efforts of the Myanmar side in advancing sustainable peace, stability, and development in the country.

The Chinese side firmly supports the Myanmar side in following a development path that suits its national conditions and enjoys the support of its people, firmly supports the Myanmar side in safeguarding national sovereignty, security, territorial integrity and national dignity, and firmly supports the Myanmar side in realizing national peace and stability, national reconciliation, social harmony and lasting peace.

The Myanmar side reiterated its commitment adherence to the one China policy, acknowledging that there is only one China in the world, that Taiwan is an inalienable part of the territory of the People's Republic of China, and that the Government of the People's Republic of China is the sole legitimate government representing the whole of China. Myanmar opposes any form of "Taiwan independence," will not conduct any form of official exchanges with Taiwan, and firmly supports all efforts made by the Chinese government to achieve national reunification emphasizing that the authority of UN General Assembly Resolution 2758 is indisputable.Myanmar considers issues related to Hong Kong, Xinjiang, and Xizang as China's internal affairs and firmly supports the Chinese side's just position on the above-mentioned issues.

The Chinese side highly appreciates Myanmar's longstanding, consistent, and principled commitment to the one China Policy. China expressed its appreciation for Myanmar's steadfast support on matters concerning Chinese sovereignty, territorial integrity and national reunification.

Furthermore, both sides reaffirmed that neither country will allow its territories to be used for activities detrimental to other's security interests.

**4.** The Myanmar side highly appreciates President Xi Jinping's proposals for building a community with a shared future for mankind, as well as the Global Development Initiative, the Global Security Initiative, the Global Civilization Initiative, and the Global Governance Initiative. Myanmar takes note that these frameworks safeguard the collective interests of humanity and contribute significantly to global peace and progress. Both sides agreed to be dedicated to promoting the implementation of the above concepts and initiatives, carrying out cooperation in various fields, and making active contributions to promoting world peace, stability, development, and prosperity.

**5.** Both sides will work together to build a China-Myanmar community with a shared futurebased on the aims of mutual benefits, equality and win-win cooperation, featuring political friendship and mutual trust, mutually beneficial development, coordinated and mutually reinforcing security, and integrated and mutually enriching exchanges. Both sides agreed to continue close engagement at all levels, deepen exchanges on governance experience, and strengthen exchanges and cooperation between the two governments, legislative bodies, and local authorities.

Both sides attached importance and expressed readiness to finalize and sign the "Belt and Road" cooperation plan in a timely manner. The two sides agreed to promote the implementation of the China-Myanmar Economic Corridor (CMEC), and steadily promote cooperation on major corridor projects such as the Kyaukpyu Deep Sea Port and the Mandalay-Muse Railway. These projects will be guided by the principles of mutual respect, mutual benefit, commercial liability, financial sustainability, in full alignment with laws, regulations, and national conditions of the both countries.Furthermore, both sides will leverage the China-Myanmar oil and gas pipelines, steadily advance power grid interconnection, and explore economically and environmentally sustainable energy partnerships. The Chinese side reiterated its willingness to provide ongoing development support for which the Myanmar side expressed gratitude.

The two sides also agreed to continue deepening practical cooperation in fields such as mining, the digital economy, and artificial intelligence, to maximize economic complementarities.

The two sides agreed to deepen cooperation in the agriculture, forestry, animal husbandry sectors, streamlining quarantine access for high quality products, and exploring smart customs initiatives.

The two sides agreed to strengthen cooperation in education, cultural tourism, health, youth, media, and human resources training, to enhance mutual understanding between the two countries and support local livelihoods on both sides.

Both sides also noted the steady growth of bilateral trade and recognized the considerable potential for further expansion and diversification. They agreed to facilitate trade through the operationalization of the RMB yuan- Myanmar kyat direct settlement mechanism. Both sides also expressed support for closer trade and investment cooperation in the areas of mutual interest, such as agro-processing, petroleum, and energy.

Both sides will work together to ensure the proper construction and management of memorial facilities for the Chinese Expeditionary Force in Myanmar.

The Chinese side actively supports Myanmar's post-earthquake reconstruction. On the basis of the emergency humanitarian disaster relief assistance previously provided, China is willing to further provide support within its capacity. The two sides will jointly promote the reconstruction of landmark projects such as the Aung San Sports Stadium in Yangon, Myanmar, deepen development cooperation in disaster prevention and mitigation, medical and healthcare services, and implement further community-focused, human resources development, and explore more "small but beautiful" livelihood assistance projects.

The Myanmar side expresses its sincere appreciation for China's continued support for Myanmar's post-earthquake relief, rehabilitation and reconstruction efforts, as well as its valuable contribution to the country's socio-economic development. The Myanmar side further welcomes China's ongoing support through mutually agreed development cooperation projects. Both sides agreed to deepen cooperation in the energy and electricity sectors, and to accelerate the timely implementation of mutually agreed infrastructure, public service and capacity-building projects in accordance with Myanmar's development priorities, with a view to advancing sustainable development, improving local livelihood and contributing to the shared prosperity of both countries.

The two sides will jointly explore ways and means to implement the Global Security Initiative (GSI), remain committed to a vision of common, comprehensive, cooperative, and sustainable security, work towards establishing a China-Myanmar security partnership, enhance dialogue and practical cooperation, and join hands to improve global security governance. The two sides support the establishment of an international alliance against telecom cyber fraud. China and Myanmar will strengthen bilateral and multilateral law enforcement cooperation to combat cross-border criminal activities, such as online gambling

See Page - 20

●● From Page - 19

and telecom fraud, cross-border gambling, human trafficking, illegal border crossing, drug manufacturing and trafficking, counterfeiting, smuggling and financial fraud. The two sides will increase protection for the safety of each other's nationals and institutions within their respective countries and strengthen security cooperation for the construction of the "Belt and Road". The Myanmar side reiterated that it will protect the security of Chinese projects in Myanmar.

The Chinese side supports the Myanmar side in advancing its domestic peace and reconciliation process through political dialogue. The Myanmar side appreciated China's positive and constructive role in this regard, particularly in facilitating peace talks in northern Myanmar. Both sides agreed to strengthen communication and coordination to maintain peace and stability and common development along their shared border areas.

**6.** The two sides agree to firmly uphold the international system with the United Nations at its core, the international order based on international law, and the basic norms of international relations founded on the purposes and principles of the UN Charter. Both sides are committed to promoting an equal and orderly multipolar world and a universally beneficial and inclusive economic globalization. Both sides oppose all forms of unilateralism, protectionism and reject practices that undermine regional peace and stability, such as the creation of exclusive "small circles", the instigation of bloc confrontation, and the back of militarism and other practices that endanger regional peace and stability, and will firmly uphold the victory of World War II and the post-war international order. The two sides emphasize the importance of maintaining regional peace, stability and prosperity, as well as advocate for dialogue, mutual respect, and cooperation in addressing regional and global challenges, and underscore the need to avoid actions that may intensify tensions among countries.

The Chinese side appreciates Myanmar's joining to the "Group of Friends of the Global Development Initiative". Both sides are ready to deepen cooperation under the Global Development Initiative framework to accelerate the implementation of the UN 2030 Agenda for Sustainable Development. China appreciates Myanmar's joining of the "Group of Friends of Global Governance" and the "International Organization for Mediation (IOMed)".

Both sides call for the practice of true multilateralism, the promotion of the democratization of international relations, and the joint safeguarding of global fairness and justice to promote the building of a more just and reasonable global governance system.

The Myanmar side welcomes the China's proposal to establish a World Artificial Intelligence Cooperation Organization (WAICO) to ensure AI development serves the common benefit. The Chinese side welcomes the Myanmar side's positive consideration to join the WAICO, to jointly promote global governance and international cooperation on artificial intelligence.

Both sides advocate conducting exchanges and cooperation on human rights issues on the basis of equality and mutual respect. They firmly oppose the politicization, instrumentalization, and double standards of human rights issues, and firmly oppose interference in the internal affairs of sovereign states under the pretext of human rights issues.

**7.** Both sides agreed to strengthen China-ASEAN cooperation, working together to build a peaceful, safe and secure, prosperous, beautiful and amicable home, and strive to promote a higher level of regional economic integration and build a closer China-ASEAN community with a shared future based on equality and mutually beneficial cooperation.Both countries reaffirm their commitment to promoting peace, stability, prosperity and sustainable development in the region, advancing regional economic integration, narrowing development gaps, and contributing an open and inclusive region.

Both sides agreed to strengthen Lancang-Mekong cooperation(LMC), supporting the successful holding of the 5th Lancang-Mekong Cooperation Leaders' Meeting and join hands in developing an upgraded version of "LMC 2.0" framework, and promoting the building of a community with a shared future of peace and prosperity among Lancang-Mekong countries.

Both sides agreed to intensify mutual support and collaboration across multilateral platform, including the United Nations, the SCO, ASEAN, BIMSTEC, and ACMECS. China supports the full, equal, and constructive participation of Myanmar in all ASEAN mechanisms and processes, as well as at the United Nations, to safeguard Myanmar's legitimate rights and interests.

**8.** The two sides signed a number of cooperative documents covering transport, science and technology, intellectual property rights, human resources development, public health and media.

**9.** President U Min Aung Hlaing expressed his sincere appreciation to President Xi Jinping, the Chinese government, and Chinese people for the warm reception and hospitality extended to his delegation, and extended a cordial invitation to President Xi Jinping to visit Myanmar at a mutually convenient time.

# The illegal seven-storey residential building used in committing online scam gambling operations in the Shwe Kokko Area was systematically blasted and demolished

NAY PYI TAW June 17

As joint departmental teams are carrying out the permanent demolition and destruction of illegal buildings and the systematic destruction of equipment used in operations in Shwe Kokko Area and KK Park Area in Myawady Township, Kayin State, where online scam gambling operations were based, it is reported that another illegal seven-storey residential building within the Shwe Kokko Area was systematically blasted and demolished today.

Out of 77 buildings used in committing online scam gambling operations within the Shwe Kokko Area, 57 buildings to be demolished and destroyed with machinery and 20 buildings to be destroyed by blasting were categorized according to building type and are being systematically demolished and destroyed, and it is reported that another seven-storey residential building out of the 20 buildings designated to be blasted and demolished was systematically blasted and destroyed today.

It is reported that joint departmental teams have systematically demolished and destroyed a total of 60 illegal buildings used in committing online scam gambling operations up to today, and will continue to systematically destroy the remaining 17 illegal buildings to be destroyed.

The State government, taking up the operations of combating online scam gambling as a national duty to ensure they cannot be based within Myanmar at all, is actively carrying out tasks by coordinating not only with domestic forces but also with neighbouring countries, according to reports.

100



An illegal seven-story residential building used for online scam gambling operations in the Shwe Kokko Area of Myawady District, Kayin State, is being prepared to be blasted and destroyed with explosives.



An illegal seven-story residential building used for online scam gambling operations in the Shwe Kokko Area of Myawady District, Kayin State, has been blasted and destroyed with explosives.

# Shanghai Mayor pays a courtesy call on President U Min Aung Hlaing on State Visit in China



President U Min Aung Hlaing receives Mayor of Shanghai Mr. Gong Zheng.

NAY PYI TAW June 17

President of the Republic of the Union of Myanmar U Min Aung Hlaing, currently on the State Visit at the invitation of President of the People's Republic of China Mr. Xi Jinping, received Mayor of Shanghai Mr. Gong Zheng at the Peace Hall of the Fairmont Peace Hotel where the President is temporarily stay, this afternoon.

At the meeting, the Shanghai Mayor extended greetings with his warm welcome to the President of the Republic of the Union of Myanmar on his State Visit to the People's Republic of China. He briefed the President on facts about Shanghai City, and building Shanghai City to become the international economic hub, the international monetary centre, the international trade centre, the international transport hub, and the international science and technological innovative centre in accord with the guidance of President of the Republic of China Mr. Xi Jinping.

The President discussed the promotion of multiple cooperation between the two countries including development of Myanmar, enhancement of cooperation in restoring durable peace in Myanmar, the purpose of his State Visit to China in order to increase investment of China and promote bilateral trade, and the good history of relations based on sharing the long border between the two countries. Myanmar which is rich in underground and aboveground natural resources possesses good conditions for successful investments. Chinese entrepreneurs were invited to Myanmar to put investments.

The President and the Shanghai Mayor frankly exchanged views on the potentials for increasing trade and investment between Myanmar and Shanghai of China.

Also present at the meeting were delegation members of the President, Myanmar Ambassador to the People's Republic of China U Zaw Win Myint and officials. The Shanghai Mayor was accompanied by Ambassador of the People's Republic of China H.E. Ms. Ma Jia and officials.

After the meeting, the President and the Mayor cordially greeted each other and had honorary dinner hosted by the mayor.

In the evening, the President accompanied by delegation members visited along the Huangpu River of Shanghai by ship to enjoy the night scenes on urban development of Shanghai.

On arrival at Huangpu Port of Shanghai, the President and party were warmly welcomed by the in-charge of Shanghai's tallest Oriental Tower and officials.

At the lounge of the Oriental Pearl 2 vessel, the in-charge briefed the President and party on infrastructure development along the Huangpu River. The President asked about things he wanted to know.

The President observed the urban development and maintenance of the river course along Huangpu River, recreation taken by residents of Shanghai and social life activities, and asked about what he wanted to know the clarification by officials. **Myawady**





President U Min Aung Hlaing views urban development along the Huangpu River of Shanghai.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

■■ From Page - 18

it is engaged in railroad maintenance work with the international involvement.

Then, at the briefing hall, the chairman of the CRCC said he was proud that the delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing devoted time to visit the China Railway Construction Corporation Limited and the delegation was cordially greeted by himself representing more than 300,000 staff. Myanmar and China are neighbouring and friendly nations and the friendship has historically long been strong. President Mr.Xi Jinping said Myanmar and China are trustworthy neighbouring friendly nations and told them to implement bilateral agreements. He extended greetings by saying the CRCC wish to contribute to construction, maintenance and upgrades of railroads, roads, subways, airports and smart cities in Myanmar with the technology knowhow of the CRCC and explained the historical background, current developments and capabilities of the CRCC.



President U Min Aung Hlaing travels to Shanghai by a high-speed train.

Over the reports, the President asked about matters of interest and discussed potentials for cooperation between Myanmar and the CRCC.

Afterward, the President and the chairman exchanged gifts and the President left the CRCC after being greeted by the chairman and officials.

Then, the high-level Myanmar delegation led by the President left South Railway Station in Beijing for Hongqiao Railway Station in Shanghai by high-speed railway G23 and was seen off at the station by government officials led by Deputy Minister of Foreign Affairs of the PRC Mrs. Hua Chunying and officials from the Myanmar Embassy and Office of the military attaché in Beijing. During the farewell, the guard of honor of the PRC saw off the President by saluting after standing on both sides of the red carpet.



A Chinese girl waiting to present a bouquet to President U Min Aung Hlaing.

Along the high-speed railway trip from Beijing to Shanghai, the President studied the development of railway systems of China, systematic designation of railroad areas, urban development, systematic planning of human settlements and agricultural farms, utilization of green energy, infrastructure development and construction works, planting trees in alternative position and rolls along the railroad correctly and gave necessary instructions to union ministers and officials.

Furthermore, the President studied and discussed catering services and arrangements for convenience of passengers to be adopted in development of Myanmar rail transportation.

Then, the high-level Myanmar delegation arrived at Hongqiao Railway Station in Shanghai and was greeted by the deputy mayor and officials before proceeding to the Fairmont Peace Hotel for accommodation. Along the road to the hotel, the special convoy carrying the high-level Myanmar delegation led by President of the Republic of the Union of Myanmar U Min Aung Hlaing was warmly greeted by Shanghai residents while hotel officials welcomed the delegation with an ensemble on arrival at the hotel.

**Myawady**

# Htigyaing Township expands sown acreage of vegetables more than the target

HTIGYAING June 17

Local farmers cultivate vegetables on the croplands exceeding the target cultivation in Htigyaing Township of Sagaing Region this year, according to the Township Agriculture Department.

Local authorities set a plan to grow 1,825 acres of vegetables in Htigyaing Township of Sagaing Region in 2025-2026 season. But, farmers started cultivation of crops in October 2025, and so far, they have plamted 2,400 acres of crops, exceeding the target cultivation.

During the winter crop cultivation season in Htigyaing Township, 1,825 acres were initially earmarked for vegetable cultivation, but farmers were able to cultivate a total of 2,400 acres, exceeding the original target. The vegetables grown include mustard greens, chili, culinary herbs and spices, potatoes, cabbage, eggplant, and gourds. Farmers were provided with technical assistance to ensure that all vegetables were cultivated using the GAP (Good Agricultural Practices) system. Technical guidance was also given to help farmers grow vegetables in a health-compliant manner with minimal chemical residues," said U Ko Ko Aung, Township Head of the Htigyaing Township Department of Agriculture.

In Htigyaing Township, the Township Department of Agriculture is providing vegetable farmers with technical training on GAP-based cultivation methods, offering guidance to ensure that vegetables harvested from farms are healthy and safe for consumption, and supporting farmers in expanding vegetable cultivation.

Vegetables of various types are grown seasonally each year in Htigyaing Township. These crops have been successfully cultivated, enabling farmers to earn household income. The Township Department of Agriculture is also providing education and guidance to farmers intending to grow vegetables on proper cultivation techniques, pest prevention, and the production and use of natural fertilizers, natural pesticides, and pest control solutions.

**SMK**

# ပြင်သစ်အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ်ရပ်တည်နေသည့် ဂီရော့ဒ်၏စံချိန်ကို အမ်ဘာတ်ပီကျော်ဖြတ်



ပဲရစ် ဇွန် ၁၇

ပြင်သစ်အသင်းတိုက်စစ်ကစားသမား အမ်ဘာတ်ပီသည် ပြင်သစ်အသင်းနှင့် ဆီနီဂေါအသင်းတို့ကစားသည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်တွင် အသင်းအတွက် သွင်းဂိုးနှစ်ဂိုးသွင်းယူနိုင်ပြီးနောက် ပြင်သစ်အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ဂီရော့ဒ်၏သွင်းဂိုးစံချိန်ကိုကျော်ဖြတ်ပြီး သွင်းဂိုးအများဆုံး ကစားသမားအဖြစ် ရပ်တည်နေကြောင်း သိရသည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ် ကစားသည့် ပြင်သစ်အသင်းက ဆီနီဂေါအသင်းကို ၃ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်၌ ပွဲချိန် ၆၆ မိနစ်တွင် အမ်ဘာတ်ပီက အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ပြီးနောက် အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ဂီရော့ဒ်၏ သွင်းဂိုးစံချိန်ကို လိုက်မီနိုင်ပြီး ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုခြောက်မိနစ်တွင် အသင်းအတွက် ဒုတိယသွင်းဂိုးသွင်းယူနိုင်ပြီးနောက် ပြင်သစ်အသင်းနှင့်အတူ ပြိုင်ပွဲစုံ သွင်းဂိုး ၅၈ ဂိုးအထိရှိလာသည်။ အမ်ဘာတ်ပီသည် အစောပိုင်းက သွင်းဂိုး ၅၇ ဂိုးဖြင့် ရပ်တည်နေသည့် ဂီရော့ဒ်၏ သွင်းဂိုးစံချိန်ကို တစ်ဂိုးအသာဖြင့် ကျော်ဖြတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်အသင်းသမိုင်းတစ်လျှောက် သွင်းဂိုးအများဆုံးကစားသမားများစာရင်းတွင် အမ်ဘာတ်ပီနှင့် ဂီရော့ဒ်တို့နောက်၌ အွန်နရီက ၅၁ ဂိုး၊ ဂရစ်ဇ်မန်းက ၄၄ ဂိုး၊ ပလာတီနီက ၄၁ ဂိုးနှင့် ဘင်ဇီမာက ၃၇ ဂိုးဖြင့် အသီးသီး ရပ်တည်လျက်ရှိသည်။

အလားတူ အမ်ဘာတ်ပီသည် ပြင်သစ်အသင်းနှင့်အတူ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုး ၁၄ ဂိုးရှိလာသည့်အတွက် ပြင်သစ်အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲတစ်ခုတည်းတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ် ရပ်တည်နေသည့် ဂျက်ဖောင်တိန်၏ သွင်းဂိုးစံချိန်ကို တစ်ဂိုးအသာဖြင့်ကျော်ဖြတ်နိုင်ခဲ့ပြီး အသင်းသမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် သွင်းဂိုးအများဆုံးကစားသမားအဖြစ်လည်း ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

**Ref:Sky Bet**

## မန်ယူအသင်းနှင့်ပြန်လည်ပူးပေါင်းရမည်ဖြစ်သော်လည်း ရက်ရှ်ဖို့ဒ်အနာဂတ်မရေမရာဖြစ်နေ

မန်ချက်စတာ ဇွန် ၁၇

ဘာစီလိုနာအသင်းနှင့် မန်ယူအသင်းတို့ကြား ရက်ရှ်ဖို့ဒ်၏အပြောင်းအရွှေ့အတွက် ဆွေးနွေးမှုများ အဆင်မပြေဖြစ်နေသောကြောင့် ရက်ရှ်ဖို့ဒ်အနေဖြင့် မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းရမည်ဖြစ်သော်လည်း အနာဂတ်မရေမရာဖြစ်နေဆဲဖြစ်ကြောင်းသိရသည်။

ဘာစီလိုနာအသင်းက ရက်ရှ်ဖို့ဒ်ကို အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူလိုနေသော်လည်း စာချုပ်ပါအချက်အလက်များအရ ပြောင်းရွှေ့ကြေးယူရို သန်း ၃၀ ပေးချေရန်ခက်ခဲနေသောကြောင့် အငှားစာချုပ်ဖြင့်သာ ဆက်လက်ခေါ်ယူလိုနေခြင်းဖြစ်သည်။ မန်ယူအသင်းကလည်း အပြီးသတ်စာချုပ်ဖြင့်သာ ရောင်းချလိုသည့်အတွက် ဆွေးနွေးမှုများအဆင်မပြေဖြစ်နေပြီး ရက်ရှ်ဖို့ဒ်အနေဖြင့် မန်ယူအသင်းနှင့်ပြန်လည်ပူးပေါင်းရမည်ဖြစ်သည်။

ရက်ရှ်ဖို့ဒ်အနေဖြင့် မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းရမည်ဖြစ်သော်လည်း မန်ယူအသင်းက ပြန်လည်ခေါ်ယူရန် ဆုံးဖြတ်ထားခြင်းမရှိသေးဘဲ ရက်ဖို့ဒ်ကိုယ်တိုင်ကလည်း မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းလိုခြင်းမရှိသည့်အတွက် အနာဂတ်မရေမရာဖြစ်နေဆဲဖြစ်သည်။ ရက်ရှ်ဖို့ဒ်အား လက်ရှိတွင် မန်စီးတီးအသင်း၊ လီဗာပူးအသင်းတို့နှင့် အပြောင်းအရွှေ့သတင်းများထွက်ပေါ်နေကြောင်း သိရသည်။

**Ref:Fabrizio Romano**

# တံကောက်ကြောဒဏ်ရာကြောင့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းကစားသမားစာရင်းမှ လီဗရာမန်တိုနုတ်ထွက်

လန်ဒန် ဇွန် ၁၇

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် ရွေးချယ်ခံထားရသည့် လူငယ်ခံစစ်ကစားသမား လီဗရာမန်တိုသည် အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် တံကောက်ကြောဒဏ်ရာရရှိသည့်အတွက် အင်္ဂလန်အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ရကြောင်း သိရသည်။

လီဗရာမန်တိုသည် ပြီးခဲ့သည့်ဘောလုံးရာသီတွင် နယူးကာဆယ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် နည်းပြ တူချယ်က ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အသင်းကစားသမားစာရင်းတွင် ရွေးချယ်ခဲ့ပြီး လီဗရာမန်တိုအတွက် ပထမဆုံးအကြိမ်အဖြစ် အင်္ဂလန်အသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ပါဝင်ကစားခွင့်ရရှိမည့်အခွင့်အရေးရှိသော်လည်း ယခုအခါ ဒဏ်ရာကြောင့် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ရခြင်းဖြစ်သည်။

လီဗရာမန်တိုအနေဖြင့် တံကောက်ကြောဒဏ်ရာကြောင့် အနည်းဆုံး ဇူလိုင်လကုန်ပိုင်းအထိအနားယူရမည့်အခြေအနေများကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ကစားနိုင်မည်မဟုတ်သည့်အတွက် အသင်းကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ကြောင်း အင်္ဂလန်အသင်းကလည်း တရားဝင်ထုတ်ပြန်ခဲ့သည်။

လီဗရာမန်တိုသည် အင်္ဂလန်အသင်းနှင့်အတူ ၂၀၂၄ ခုနှစ်က စတင်ပါဝင်ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံခြောက်ပွဲ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။

အင်္ဂလန်အသင်းက ဒဏ်ရာကြောင့် နုတ်ထွက်ခဲ့သည့် လီဗရာမန်တို၏နေရာ၌ ချယ်လ်ဆီးအသင်းမှ ချာလိုဘတ်နှင့်ပြန်လည်အစားထိုးခဲ့ကြောင်း သိရသည်။

**Ref:Fabrizio Romano**



# တူနီးရှားအသင်းက လစ်လပ်နေသည့်အသင်းနည်းပြရာထူးအတွက် ဆော်ဒီအသင်းနည်းပြဟောင်း ရီနက်အား နည်းပြသစ်အဖြစ်ခန့်အပ်

တူနစ် ဇွန် ၁၇

တူနီးရှားအသင်းက ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုအဖွင့်ပွဲစဉ်အဖြစ်ကစားသည့် ဆွီဒင်အသင်းနှင့်ပွဲစဉ်တွင် ရှုံးနိမ့်ပြီးနောက် နည်းပြ ဆာဘာရီလာမူချီအား ရာထူးမှထုတ်ပယ်ပြီး လစ်လပ်နေသည့် နည်းပြရာထူးအတွက် ဆော်ဒီအသင်းနည်းပြဟောင်း ရီနက်အား ခန့်အပ်ခဲ့ကြောင်း သိရသည်။

တူနီးရှားအသင်းသည် နည်းပြ ဆာဘာရီလာမူချီအား ပြီးခဲ့သည့် ဇန်နဝါရီလက ခန့်အပ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲတွင် တာဝန်ပေးအပ်ခဲ့သော်လည်း နည်းပြ ဆာဘာရီလာမူချီလက်အောက်တွင် တူနီးရှားအသင်းအနေဖြင့် ရလဒ်များဆက်တိုက်ဆိုးရွားခဲ့ပြီး ခြေစမ်းပွဲလေးပွဲတွင် တစ်ပွဲသာအနိုင်ရရှိကာ တစ်ပွဲသရေရလဒ်နှင့် နှစ်ပွဲရှုံးနိမ့်သကဲ့သို့ ကမ္ဘာ့ဖလားပြိုင်ပွဲ အဖွင့်ပွဲစဉ်တွင်လည်း ဆွီဒင်အသင်းကို ၅ ဂိုး-၁ ဂိုးဖြင့် ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် ရာထူးမှ ထုတ်ပယ်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ရီနက်သည် ဆော်ဒီအသင်းကို တာဝန်ယူကိုင်တွယ်စဉ်က ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အာဂျင်တီးနားအသင်းကိုပင် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

နည်းပြရီနက်သည်လည်း ဆော်ဒီအသင်းကို ၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ပထမအကြိမ် တာဝန်ယူကိုင်တွယ်ခဲ့ရာ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ပြီးနောက် ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲအပြီးတွင် အသင်းနှင့်လမ်းခွဲခဲ့သော်လည်း ၂၀၂၄ ခုနှစ်က အသင်းကို တစ်ကျော့ပြန်လည်ကိုင်တွယ်ခဲ့ကာ ယခုနှစ် ဧပြီလတွင် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

အုပ်စုအဖွင့်ပွဲစဉ်တွင် ဂိုးပြတ်ရှုံးနိမ့်ထားသည့် တူနီးရှားအသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ အုပ်စုလက်ကျန်ပွဲစဉ်များအဖြစ် ဇွန်လ ၂၁ ရက်တွင် ဂျပန်အသင်း၊ ဇွန်လ ၂၆ ရက်တွင် နယ်သာလန်အသင်းတို့နှင့်ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး နည်းပြရီနက်အနေဖြင့် ဂျပန်အသင်းနှင့်ပွဲစဉ်တွင် တာဝန်ယူကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

**Ref:365Scores**

ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးနေ့ဂုဏ်ပြုအထိမ်းအမှတ်ဆောင်းပါး

# သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ဖို့ သစ်ပင်စိုက်ပျိုးကြပါစို့

**သစ်တောမောင်**

**ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှု တိုက်ဖျက်ရေးနေ့**

သဲကန္တာရဖြစ်ထွန်းမှုများသည်ရာသီဥတုပြောင်းလဲမှု၊ ဇီဝမျိုးစုံမျိုးကွဲဆုံးရှုံးပျောက်ကွယ်ခြင်းများကဲ့သို့ နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် အကြီးမားဆုံးသော စိန်ခေါ်မှုဖြစ်သည်။ ထို့ကြောင့် ၁၉၉၄ ခုနှစ်တွင် ကုလသမဂ္ဂအထွေထွေညီလာခံက "ကုလသမဂ္ဂ သဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း (United Nations Convention on Combating Desertification–UNCCD)" ကို တည်ထောင်ခဲ့ပြီး ဆုံးဖြတ်ချက်အမှတ် A/RES/49/115 ဖြင့် နှစ်စဉ်ဇွန်လ ၁၇ ရက်နေ့ကို **"ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့်မိုးခေါင်မှုတိုက်ဖျက်ရေးနေ့"** "World Day to Combat Desertification and Drought" ဟု သတ်မှတ်ခဲ့သည်။ **"Desertification and Drought Day"** ဟူ၍လည်း ခေါ်ဝေါ်ကြပြီး သဲကန္တာရဖြစ်ထွန်းလာခြင်း၊ မြေယာယိုယွင်းပျက်စီးခြင်းနှင့် မိုးခေါင်ရေရှားခြင်း နောက်ဆက်တွဲအကျိုးဆက်များကို တားဆီးကာကွယ်ရန်နှင့် အသိပညာပေးရန် ရည်ရွယ်သည်။ မြေယာပြန်လည်ပြုစုပျိုးထောင်ခြင်း၊ မိုးခေါင်ရေရှားမှုဒဏ် ကြံ့ကြံ့ခံနိုင်ခြင်းနှင့် ရေရှည်တည်တံ့သော အနာဂတ်ဖန်တီးခြင်းကို အဓိကဦးတည်ထားသည်။ ယခုနှစ် "ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးနေ့" အတွက် အဓိကဆောင်ပုဒ်မှာ "စားကျက်မြေများကို အသိအမှတ်ပြုပါ၊ လေးစားပါ၊ ပြန်လည်စိုက်ပျိုးထိန်းသိမ်းပါ။" (Rangelands: Recognize. Respect. Restore) ဟူ၍ဖြစ်သည်။




**သဲကန္တာရဖြစ်ထွန်းမှုဆိုသည်မှာ**

သဲကန္တာရဖြစ်ထွန်းမှုဆိုသည်မှာ ရှိပြီးသဲကန္တာရနယ်နိမိတ်ဘေးပတ်ဝန်းကျင်သို့ ဧရိယာကျယ်ပြန့်လာခြင်းကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ ပူပြင်းခြောက်သွေ့သော သို့မဟုတ် မိုးရွာသွန်းမှုနည်းပါးသော ဒေသများရှိ မြေယာများသည် ရာသီဥတုပြောင်းလဲဖောက်ပြန်မှုနှင့် လူသားတို့၏စနစ်မကျသော လုပ်ဆောင်ချက်များကြောင့် မြေဆီလွှာ၏ထုတ်လုပ်နိုင်မှုစွမ်းအားများအားလုံးဆုံးရှုံးပြီး သဲကန္တာရကဲ့သို့ အသုံးပြုမရတော့သော မြေရိုင်းများအဖြစ် ပြောင်းလဲသွားသည့်ဖြစ်စဉ်ဖြစ်သည်။ သဲကန္တာရဖြစ်ထွန်းမှုဖြစ်ပွားနေပြီဖြစ်ကြောင်း သိရှိနိုင်မည့် အဓိက **စရိုက်လက္ခဏာများ**ကို အောက်ပါအတိုင်း စိစစ်ခွဲခြားနိုင်သည် –

- ❖ **ရာသီဥတုဆိုင်ရာလက္ခဏာများ။** လေထုနှင့် မြေထု အပူချိန်မြင့်မားခြင်း၊ အပူချိန်အတက်အကျလွန်ကဲခြင်း၊ မြေဆီလွှာရေငွေ့ပြန်မှုနှုန်းမြင့်မားခြင်း၊ စိုထိုင်းဆအလွန်နည်းပါးခြင်း။
- ❖ **မြေဆီလွှာနှင့် မြေမျက်နှာပြင်ဆိုင်ရာလက္ခဏာများ။** အပေါ်ယံမြေဆီလွှာတိုက်စားခြင်း၊ မြေဆီလွှာအာဟာရခန်းခြောက်ခြင်း၊ မြေကွဲအက်ခြင်းနှင့် မာဆတ်လာခြင်း၊ မြေငန်ဆားပေါက်ခြင်း၊ သဲခုံ၊ သဲလွှာများဖုံးလွှမ်းလာခြင်းနှင့် လျှိုမြောင်ကွဲကြီးများ ကွန်ရက်သဖွယ်ဖြစ်ပေါ်လာတတ်ခြင်း။
- ❖ **ဇီဝမျိုးစုံမျိုးကွဲနှင့် အပင်ဆိုင်ရာလက္ခဏာများ။** အပင်ပေါက်ရောက်မှု၊ သစ်တောဖုံးလွှမ်းမှုလျော့နည်းခြင်း၊ ချုံနွယ်ပေါင်းပင်များ အစားထိုးလာခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများလျော့နည်းကွယ်ပျောက်ခြင်း။
- ❖ **ရေအရင်းအမြစ်ဆိုင်ရာလက္ခဏာများ။** မိုးရွာသွန်းမှုပုံစံမမှန်ခြင်း၊ မိုးရွာသွန်းမှုအကြိမ်ရေနည်းပါးခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မြေအောက်ရေမျက်နှာပြင်နိမ့်ဆင်းခြင်း၊ မြေအောက်သို့ ရေပြန်လည်ဖြည့်တင်းမှုမရှိတော့ဘဲ ရေတွင်း၊ ရေကန်များသိသိသာသာခန်းခြောက်လာကာ ရေရရှိရန်ပိုမိုနက်ရှိုင်းစွာ တူးဖော်ရခြင်း၊ မျက်နှာပြင်ရေစီးကြောင်းများခန်းခြောက်ခြင်း။
- ❖ **လူမှုစီးပွားဆိုင်ရာ လက္ခဏာများ။** လယ်ယာမြေများ စိုက်ပျိုး၍မရတော့ဘဲ စွန့်ပစ်လိုက်ရခြင်း၊ ကျေးလက်နေပြည်သူများ ဆင်းရဲမှုနှုန်းမြင့်မားလာခြင်း၊ အလုပ်အကိုင်အတွက် မြို့ကြီးများသို့ အစုလိုက်၊ အပြုံလိုက် ရွှေ့ပြောင်းကြရခြင်း။

**သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှု အကျိုးဆက်များ**

သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတို့သည် လူသားတို့၏ စားရေရိက္ခာဖူလုံရေးနှင့် ဂေဟစနစ်တည်ငြိမ်ရေးအတွက် အကြီးမားဆုံးခြိမ်းခြောက်မှုများဖြစ်လာခဲ့သည်။ ကုလသမဂ္ဂနှင့်နိုင်ငံတကာ သုတေသနအဖွဲ့အစည်းများ၏ထုတ်ပြန်ချက်များအရ–

- ❖ ကမ္ဘာ့ကုန်းမြေဧရိယာ စုစုပေါင်း၏ ၄၀ ရာခိုင်နှုန်းကျော်သည် ပျက်စီးယိုယွင်းလျက်ရှိပြီး အဆိုပါ မြေယာပျက်စီးမှုများကြောင့် ကမ္ဘာ့လူဦးရေ ၃ ဒသမ ၂ ဘီလီယံကျော်၏လူမှုစီးပွားဘဝများကို တိုက်ရိုက်ထိခိုက်စေလျက်ရှိသည်။
- ❖ ကမ္ဘာ့ဘဏ်၏ တွက်ချက်မှုအရ မြေယာပျက်စီးယိုယွင်းမှုကြောင့် ကမ္ဘာ့စီးပွားရေးကို တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၆ ထရီလီယံမှ ၈ ထရီလီယံကြား (ကမ္ဘာ့ GDP ၏ ခန့်မှန်းခြေ ၅ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းခန့်)ဆုံးရှုံးနစ်နာစေလျက်ရှိသည်။
- ❖ သဲကန္တာရဖြစ်ထွန်းမှုနှင့် ရေရှားပါးမှုတို့ကြောင့် ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေသန်း ၂၀၀ ကျော်သည် ၎င်းတို့၏ နေရပ်မြေယာများကို စွန့်ခွာပြီး အခြားဒေသများသို့ ရွှေ့ပြောင်းအခြေချကြရမည့် "ရာသီဥတုဆိုင်ရာဒုက္ခသည်များ" ဖြစ်လာနိုင်သည်ဟု ကုလသမဂ္ဂက ခန့်မှန်းထားသည်။
- ❖ ၂၀၅၀ ပြည့်နှစ်တွင် မိုးခေါင်ရေရှားမှုသည် ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်း(၄ ပုံ ၃ ပုံခန့်)ကို သက်ရောက်မှုရှိနိုင်သည်ဟု ခန့်မှန်းထားသည်။
- ❖ ၂၀၀၀ ပြည့်နှစ်မှစတင်ပြီး မိုးခေါင်မှုကာလနှင့် အကြိမ်အရေအတွက်သည် ၂၉ ရာခိုင်နှုန်း တိုးလာခဲ့ပြီး လူပေါင်း ၅၅ သန်းသည် မိုးခေါင်မှုဒဏ်ကို နှစ်စဉ်ခံစားရမည်ဖြစ်ကြောင်း ခန့်မှန်းထားသည်။
- ❖ နှစ်စဉ် မြေယာဟက်တာ သန်း ၁၀၀ ခန့် သစ်တောများနှင့် မြေဆီလွှာပျက်စီးဆုံးရှုံးလျက်ရှိပြီး အဆိုပါပမာဏသည် ကမ္ဘာ့စားရေရိက္ခာထုတ်လုပ်မှုကို ၁၂ ရာခိုင်နှုန်းအထိ လျော့ကျစေနိုင်ကာ အစားအစာဈေးနှုန်းများကို ၃၀ ရာခိုင်နှုန်းအထိ မြင့်တက်စေနိုင်သည်။

ရာခိုင်နှုန်းနည်းပါးနေသည်ကို တွေ့ရမည်ဖြစ်သည်။

ကုလသမဂ္ဂစားရေရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အစီရင်ခံစာများနှင့် သစ်တောဦးစီးဌာန၏ လေ့လာဆန်းစစ်မှုများအရ အပူပိုင်းဒေသ (၁၃) ခရိုင်၏ သစ်တောဖုံးလွှမ်းမှုသည် ၂၀၁၅ ခုနှစ်တွင် ၁၀ ဒသမ ၀၄ ရာခိုင်နှုန်း၊ ၂၀၂၀ ပြည့်နှစ်တွင် ၇ ဒသမ ၁၁ ရာခိုင်နှုန်းနှင့် ၂၀၂၅ ခုနှစ်တွင် ၈ ဒသမ ၉၁ ရာခိုင်နှုန်းရှိကြောင်း လေ့လာတွေ့ရှိရသည်။ ၂၀၁၅ ခုနှစ်နှင့် ၂၀၂၀ ပြည့်နှစ်အတွင်း ဧရိယာ ဧက ၆၃၉၁၀၅ ကျော် (၂ ဒသမ ၉၃ ရာခိုင်နှုန်း) လျော့နည်းဆုံးရှုံးသွားပြီး ၂၀၂၀ ပြည့်နှစ်မှ ၂၀၂၅ ခုနှစ်အတွင်း ဧရိယာဧက ၃၀၄၆၁၁ ကျော် (၁ ဒသမ ၄ ရာခိုင်နှုန်း) သစ်တောဖုံးလွှမ်းမှုတိုးလာသည်ကို လေ့လာတွေ့ရှိရသည်။

မကြာသေးမီနှစ်များမှစတင်ပြီး အလယ်ပိုင်းမြေလတ်ဒေသသည် ကမ္ဘာ့အပူချိန်အမြင့်မားဆုံးစာရင်းဝင်သည်အထိ အပူချိန်တိုးလာသည်ကိုတွေ့ရပြီး ၂၀၂၄ ခုနှစ်တွင် ချောက်မြို့သည် ၄၈ ဒသမ ၂ ဒီဂရီဆဲလ်စီးယက်အထိ စံချိန်တင်မြင့်တက်ခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ၄၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယက်၊ ယခုနှစ်တွင် ၄၄ ဒသမ ၉ ဒီဂရီဆဲလ်စီးယက်ထိရှိကြောင်း တွေ့ရသည်။ မြေလတ်ဒေသ မြို့ကြီး ၁၂ မြို့သည်လည်း ၄၁ ဒီဂရီဆဲလ်စီးယက်နှင့်အထက်ရှိခဲ့သည်ကို တွေ့ရသည်။ သစ်ပင်သစ်တောများနည်းပါးခြင်းကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်သည့်အခြေအနေများကို တွေ့မြင်နိုင်သည်။ ယခုကဲ့သို့ အပူချိန်မြင့်မားသည့်ဖြစ်စဉ်များ နှစ်စဉ်ဆက်တိုက်ဖြစ်ပေါ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် အယ်လ်နီညိုဖြစ်စဉ်များဖြစ်ပေါ်ခြင်းတို့ ပေါင်းစပ်ဖြစ်ပေါ်လာပါက မိုးခေါင်ရေရှားခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ တောမီးလောင်ကျွမ်းခြင်းများ ပိုမိုဖြစ်ပေါ်လာနိုင်ပြီး သဲကန္တာရဖြစ်ထွန်းနိုင်မှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့လာနိုင်သည်။ ထို့ကြောင့် အပူပိုင်းဒေသ (၁၃) ခရိုင်တွင် သဲကန္တာရဖြစ်ထွန်းနိုင်သည့် အန္တရာယ်များမှတားဆီးကာကွယ်ရေး၊ လက်ရှိနှင့်အနာဂတ်မျိုးဆက်များအတွက် ရာသီဥတုမျှတကောင်းမွန်ပြီး ကောင်းမွန်တည်ငြိမ်သည့် ပတ်ဝန်းကျင်ဂေဟစနစ်များ ထားရစ်နိုင်ရေးအတွက် သစ်တောဖုံးလွှမ်းမှုသိသာထင်ရှားစွာ တိုးလာစေရန် အရှိန်အဟုန်ဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။

> ✿ **"လယ်ယာမြေများသည် လူသားများ၏အနာဂတ်ဖြစ်သည်။ လယ်ယာမြေများကို ထိန်းသိမ်းခြင်းသည် အသက်ကိုကာကွယ်ခြင်းပင်ဖြစ်သည်" ဟု ဆိုနိုင်၊ သဲကန္တာရဖြစ်ထွန်းမှု၊ မိုးခေါင်ရေရှားမှုနှင့်လယ်ယာမြေများ ပျက်စီးမှုဖြစ်စဉ်များ ရပ်တန့်ရန်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ရည်ရှိသော၊ လိုက်လျောညီထွေရပ်တည်နိုင်သော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ်တည်ဆောက်ရန်မှာ အစိုးရအနေဖြင့်သာမဟုတ်ဘဲ တစ်ဦးချင်းစီတွင်ပါ တာဝန်ရှိ . . .**

**အပူပိုင်းဒေသ (၁၃) ခရိုင် သစ်တောဖုံးလွှမ်းမှု**

မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသ (၁၃) ခရိုင်သည် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင်ပါဝင်ပြီး သစ်ပင်သစ်တောများကျဲပါးသည်။ ယေဘုယျအားဖြင့် မိုးရေချိန်လက်မ ၄၀ အောက်သာရရှိပြီး အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယက်ဝန်းကျင်အထိ မြင့်မားကာ ခြောက်သွေ့ကာလမှာလည်း နိုဝင်ဘာလမှ မေလအထိတိုင်ကြာရှည်သည်။ မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံးပိုင်ဆိုင်သည့် နိုင်ငံဖြစ်သော်လည်း အပူပိုင်း (၁၃) ခရိုင်အပါအဝင် အပူချိန်မြင့်မားသည့် မြေလတ်ဒေသမြို့ကြီးတွင် သစ်ပင်သစ်တောကျဲပါးစွာပေါက်ရောက်ပြီး သစ်တောဖုံးလွှမ်းမှု

**သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး ကြိုးပမ်းဆောင်ရွက်မှုများ**

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ် ဇန်နဝါရီလတွင် ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (UNCCD) အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက

**စာမျက်နှာ ၂၆ သို့ ➤**

➤ စာမျက်နှာ ၂၅ မှအဆက်

Focal ဌာနအဖြစ်ဆောင်ရွက်လျက်ရှိသည်။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတို့အနေဖြင့် အပူဒဏ်လျော့ပါးသက်သာစေရန်၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအထောက်အကူပြုရန်နှင့် သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရာသီဥတုသာယာကောင်းမွန်လာစေရန်ရည်ရွယ်ပြီး ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်းများ၊ ကျေးရွာထင်းစိုက်ခင်းများ၊ စက်မှုကုန်ကြမ်းစိုက်ခင်းများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ၊ သီးနှံသစ်တောရောနှောစိုက်ခင်းများ၊ တစ်အုပ်တစ်မ အရိပ်ရစိုက်ခင်းများ၊ လမ်းဘေးဝဲ၊ ယာ အရိပ်ရအပင်များ စိုက်ပျိုးခြင်း၊ မြို့ပြသစ်တောများတည်ထောင်ခြင်း၊ သစ်တောဥယျာဉ်များတည်ထောင်ခြင်းနှင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတော်များ ကျင်းပဆောင်ရွက်လျက်ရှိသည်။ လေ့လာမှုများအရ အပူပိုင်း(၁၃) ခရိုင်တွင် ၂၀၁၆ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း အပင်ပေါင်း သန်း ၆၀ ကျော် စိုက်ပျိုးခဲ့သည့်အတွက် ယေဘုယျအားဖြင့် ဧက ၂ သိန်းကျော် စိုက်ပျိုးခဲ့သည်ဟုဆိုနိုင်သည်။

လူဦးရေတိုးတက်လာမှုနှင့်အတူ သစ်ထင်းဝါးလိုအပ်ချက်များအရ အကြောင်းအမျိုးမျိုးဖြင့် သစ်အသုံးချမှုများရှိသော်လည်း စနစ်တကျစိုက်ပျိုးပြုစုထိန်းသိမ်းစောင့်ရှောက်နိုင်ပါမှသာလျှင် စိုက်ပျိုးသည့်သစ်ပင်များ တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေမည်ဖြစ်သည်။ သစ်ပင်သစ်တောဆုံးရှုံးမှုကို အပြည့်အဝကာကွယ်ပေးနိုင်မည်ဖြစ်သည်။ ထို့ပြင် ကျန်ရှိနေသည့်သဘာဝတောများ ပျက်စီးပြုန်းတီးမှုမရှိစေရန်အတွက် သစ်တောများစနစ်တကျစီမံအုပ်ချုပ်လုပ်ကိုင်ခြင်း၊ ကာကွယ်ထိန်းသိမ်းခြင်းဖြင့် သစ်တောဖုံးလွှမ်းမှုတိုးပွားလာပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ချထိန်းညှိနိုင်မည်ဖြစ်သည်။

**သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ဖို့ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ဆောင်ရွက်စို့**

သစ်ပင်သစ်တောများသည် သဘာဝဂေဟစနစ်များ၏ ဗဟိုချက်ဖြစ်သည့်အတွက် သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းဖြင့် အနာဂတ်အတွက် ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည်ဖြစ်သည်။ အပူပိုင်းဒေသ (၁၃) ခရိုင်တွင် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောစိုက်ခင်းတည်ထောင်ခြင်းလုပ်ငန်းများသည် အခြားသောနေရာဒေသများ၊ ဂေဟစနစ်များထက် စိန်ခေါ်မှုများပိုမိုများပြားသည်။ မိုးရေချိန်အလွန်နည်းပါးခြင်း၊ ပူပြင်းခြောက်သွေ့ခြင်း၊ မြေဆီလွှာအာဟာရဓာတ်နည်းပါးခြင်း၊ မြေဆီလွှာတိုက်စားခြင်း၊ ရေခန်းခြောက်၍ မြေအစိုဓာတ်နည်းပါးခြင်း စသည့်အပူပိုင်းဒေသ စရိုက်လက္ခဏာများကြောင့် တစ်ပင်စိုက်တစ်ပင်ရှင်သန်နိုင်ရေး၊ သစ်တောစိုက်ခင်းများအောင်မြင်ရေးအတွက် **"သွင်းအားစုများ"** ပိုမိုလိုအပ်လာသည်။ အောက်ဖော်ပြပါလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန်နှင့် အနာဂတ်အတွက် ပိုမိုရင်းနှီးမြှုပ်နှံဆောင်ရွက်ကြရမည်ဖြစ်သည်-

- ❖ သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးခြင်း၊ လယ်၊ယာအစပ်များတွင် သစ်ပင်များစိုက်ပျိုးခြင်း၊ အိမ်ခြံဝင်းအတွင်း Home Garden ကဲ့သို့ သစ်ပင်မျိုးစုံ တစ်နိုင်တစ်ပိုင်စိုက်ပျိုးခြင်း၊ တစ်အုပ်တစ်မစိုက်ခင်းများတည်ထောင်ခြင်း၊ ကျေးရွာသုံးထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝမျိုးဆက်အပင်များ ပြန်လည်ပေါက်ရောက်ခြင်းကို အားပေးခြင်း။
- ❖ တောင်စောင်းများတွင် ကွန်တိုလိုင်းအတိုင်း သီးနှံပင်များ၊ မြက်များကိုစိုက်ပျိုးခြင်း၊ မြေဆီလွှာဖုံးရန် အပင်ငယ်များစိုက်ပျိုးခြင်း၊ လေကာပင်များစိုက်ပျိုးခြင်း၊ ကျေးရွာထင်းစိုက်ခင်း၊ အရိပ်ရသစ်ပင်နှင့် လေကာတောတန်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များတွင် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်း။
- ❖ အပူဒဏ်ခံနိုင်သည့် ဒေသမျိုးရင်းသစ်ပင်များ၊ ကြီးမြန်အမြဲစိမ်းပင်များ၊ ဘက်စုံသုံးအပင်များ ရွေးချယ်စိုက်ပျိုးခြင်း၊ ပျိုးသက်နှစ်နှစ်ရှိပြီး အပင်အမြင့် ၂ ပေနှင့်အထက်ရှိသော ကြံ့ခိုင်သန်စွမ်းသောပျိုးပင်များကို အသုံးပြုစိုက်ပျိုးခြင်း။
- ❖ စိုက်ပျိုးမည့်ပျိုးပင်အရွယ်အစားနှင့် ကိုက်ညီရန်၊ မိုးရေအများဆုံးစုဆောင်းနိုင်ရန်အတွက် သင့်လျော်သည့် ကျင်းအရွယ်အစားတူးပြီး စိုက်ပျိုးခြင်း၊ ဥပမာ-ကျင်းအရွယ်အစား ( ၂ ပေ x ၂ ပေ x ၁ ပေ )၊ ( ၃ ပေ x ၃ ပေx ၁ ပေ)၊ ( ၆ ပေx ၃ ပေ x ၁ ပေ) စသည်ဖြင့် စိုက်ကျင်းများတူးခြင်းနှင့် ရေနှင့်မြေဆီလွှာကိုထိန်းနိုင်ရန် အပင်များကို Zigzag ပုံစံ (ဝက်ခေါင်းထိုးပုံစံ) စိုက်ပျိုးခြင်း၊ လိုအပ်သောသွင်းအားစုများ ဥပမာ- သင့်လျော်သည့် မြေဆွေး၊ ဓာတ်မြေဩဇာလုံလောက်စွာ ထည့်သွင်းခြင်း။
- ❖ စိုက်ပင်များပူပြင်းခြောက်သွေ့သော နွေရာသီကို အောင်မြင်စွာ ရှင်သန်ကျော်ဖြတ်နိုင်ရန် "ရေ"၊ "အစိုဓာတ်" ရရှိရန် နည်းလမ်းမျိုးစုံဖြင့် စီစဉ်ဆောင်ရွက်ခြင်း၊ နွေရာသီတွင် စိုက်ပင်များရေလောင်းပြီး အစိုဓာတ်ရရှိစေရန် ဆောင်ရွက်ခြင်း၊ ချောင်းများနှင့် လျှိုမြောင်များတွင် ကျောက်စီတံတိုင်းငယ်များ၊ သစ်သားရေပိတ်ဆည်ငယ်များ၊ နုန်းထိန်းတမံငယ်များပြုလုပ်ခြင်း၊ ကွန်တိုကန်သင်းတည်ဆောက်ခြင်း၊ နုန်းတားဆည်/ကန်သင်းတည်ဆောက်ခြင်း၊ ရေကျော်ကျောက်တန်းတည်ဆောက်ခြင်း၊ ရေစုကျင်း၊ ရေစုကန်များတည်ဆောက်ခြင်း။
- ❖ ဖြစ်ထွန်းအောင်မြင်လာသော အပင်များကို ဆိတ်၊ ကျွဲ၊ နွား စသည့် တိရစ္ဆာန်များ၏ ဖျက်ဆီးမှုမှတားဆီးခြင်း၊ တောမီးလောင်ကျွမ်းမှုမှ တားဆီးကာကွယ်ခြင်းနှင့် တရားမဝင်အလွန်အကျွံခုတ်ယူသုံးစွဲမှုများ တားဆီးကာကွယ်ခြင်း။
- ❖ ဇီဝလောင်စာတောင့်၊ စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများနှင့် နေရောင်ခြည်စွမ်းအင်သုံး မီးဖို၊ စွမ်းအားမြှင့်မီးဖိုများကို ကျေးလက်အထိ တွင်တွင်ကျယ်ကျယ် သုံးစွဲနိုင်အောင် ပံ့ပိုးပေးခြင်း။
- ❖ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်မှုသာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့်သဲကန္တာရဖြစ်ထွန်းမှု တိုက်ဖျက်ရေးလုပ်ငန်းများ၊ စီမံကိန်းများအောင်မြင်နိုင်မည်ဖြစ်သဖြင့် ပြည်သူလူထုအတွင်း သစ်တောထိန်းသိမ်းရေး အသိပညာပေးခြင်းနှင့် တိုးချဲ့ပညာပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း။
- ❖ ဆိတ်နှင့် နွား စသည့် အိမ်မွေးတိရစ္ဆာန်များအတွက် လုံလောက်သော စားကျက်များ သတ်မှတ်ပေးခြင်းနှင့် သတ်မှတ်ထားသော စားကျက်မြေများတွင်သာ ဆိတ်၊ နွားများ စနစ်တကျကျောင်းစေခြင်း၊ သဘာဝမျိုးဆက်ပင်များ ပေါက်ရောက်သောနေရာ၊ သစ်တောစိုက်ခင်းနှင့် လမ်းဘေး ဝဲ၊ ယာသစ်ပင်စိုက်ခင်းများတွင် ခြံစည်းရိုးခတ်ကာကွယ်ခြင်း။

"လယ်ယာမြေများသည် လူသားများ၏ အနာဂတ်ဖြစ်သည်။ လယ်ယာမြေများကို ထိန်းသိမ်းခြင်းသည် အသက်ကိုကာကွယ်ခြင်းပင်ဖြစ်သည်" ဟုဆိုနိုင်သည်။ သဲကန္တာရဖြစ်ထွန်းမှု၊ မိုးခေါင်ရေရှားမှုနှင့်လယ်ယာမြေများ ပျက်စီးမှုဖြစ်စဉ်များ ရပ်တန့်ရန်နှင့် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ရည်ရှိသော၊ လိုက်လျောညီထွေရပ်တည်နိုင်သော လူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် တည်ဆောက်ရန်မှာ အစိုးရအနေဖြင့်သာမဟုတ်ဘဲ တစ်ဦးချင်းစီတွင်ပါတာဝန်ရှိသည်။ သစ်ပင်စိုက်ပျိုးခြင်း၊ မြေယာပြန်လည်ပြုစုပျိုးထောင်ခြင်း၊ ရေအရင်းအမြစ်များ စနစ်တကျစီမံခန့်ခွဲခြင်း၊ ရေကိုချွေတာသုံးစွဲခြင်းနှင့် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းခြင်းဖြင့် သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်ရေရှားမှုတိုက်ဖျက်နိုင်၍ စိမ်းလန်းစိုပြည်ပြီး ရေရှည်တည်တံ့သော ကမ္ဘာမြေကို လက်ဆင့်ကမ်းအမွေပေးနိုင်မည်ဖြစ်သည်။ သစ်ပင်သစ်တောများနှင့် ဂေဟစနစ်များ၏ အစစ်အမှန်တန်ဖိုးကိုနားလည်ပြီး တစ်ဦးချင်း၊ တစ်ဖွဲ့ချင်း၊ အစုအဖွဲ့အလိုက်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြဒေသအလိုက်၊ ဌာန၊ အဖွဲ့အစည်းများအားလုံးက သစ်ပင်များစိုက်ပျိုးထိန်းသိမ်းရေးကို **"အနာဂတ်အတွက် အရေးကြီးသော ရင်းနှီးမြှုပ်နှံမှု"** အဖြစ် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် တိုက်တွန်းနှိုးဆော်လျက် **"ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုနှင့် မိုးခေါင်မှုတိုက်ဖျက်ရေးနေ့"** အား ဂုဏ်ပြုအပ်ပါသည်။ ။

# ကောက်ရိုးမှိုနှင့် ငှက်ပျောမှိုစိုက်ပျိုးထုတ်လုပ်နည်းပညာပေး



**ပခုက္ကူ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြရော(၁)ခန်းမ၌ ကောက်ရိုးမှိုနှင့် ငှက်ပျောမှိုစိုက်ပျိုးထုတ်လုပ်နည်းပညာပေးဆွေးနွေးပွဲနှင့်သရုပ်ပြပွဲကို ဇွန်လ ၁၆ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ပခုက္ကူခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်လင်းက ဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ဝန်ထမ်းများက ငှက်ပျောမှိုစိုက်ပျိုးထုတ်လုပ်နည်းပညာများကို ဆွေးနွေးပြောကြားရာ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများမှ တောင်သူ ၁၂၀ ဦးတို့က သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး ကောက်ရိုးမှိုနှင့် ငှက်ပျောမှိုစိုက်ပျိုးထုတ်လုပ်နည်းများအား လက်တွေ့သရုပ်ပြစိုက်ပျိုးခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)

**မလိုသောမီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။**

**သဇင်(FM)အသံလွှင့်အစီအစဉ်** ၁၈-၆-၂၀၂၆(ကြာသပတေးနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၁၀:၀၀ | Internet Pages |
| ၃။ | ၁၄:၃၀ | Live For You |
| ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၅။ | ၁၈:၂၀ | Thazin Request Song |
| ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# ကော့ကရိတ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ပေး

**ကော့ကရိတ် ဇွန် ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အခြေခံပညာအထက်တန်းကျောင်း(ချောင်းတောင်)၌ ဇွန်လ ၁၆ ရက်တွင် ရက် ၁၀၀ စီမံချက်ဖြင့် အခြေခံပညာကျောင်းများရှိ အသက် ၁၀ နှစ်ပြည့်ပြီးသူ ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသား၊ ကျောင်းသူ ၆၀ ဦးတို့အား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်ဆောင်ရွက်ပေးနေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဥက္ကာ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (ယာယီခရိုင်ဦးစီးမှူး) ဦးမင်းသူ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့ရဲမှူးလှသန်းနိုင်၊ ချောင်းတောင်အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးစောဝင်းထိုက်တို့က နိုင်ငံသားစိစစ်ရေးကတ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

(၄၀၆)

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် ၇ ထပ် လူနေအဆောက်အအုံ ၁ လုံးအား စနစ်တကျ ထပ်မံဖောက်ခွဲဖြိုချဖျက်ဆီး

ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများလုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။




ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံ

မဖြိုဖျက်မီ





ကရင်ပြည်နယ်၊ မြဝတီခရိုင် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်ခဲ့သည့် တရားမဝင် (၇)ထပ်လူနေအဆောက်အအုံအား ယမ်းဖြင့်ဖောက်ခွဲဖျက်ဆီးပြီးစဉ်





**နေပြည်တော်  ဇွန်  ၁၇**

အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိတရားမဝင် အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့်လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် ၇ ထပ်လူနေအဆောက်အအုံ ၁ လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည် လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံ ၂၀ လုံးဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက်ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့်အဆောက်အအုံ ၂၀ လုံးအနက် ၇ ထပ်လူနေအဆောက်အအုံ ၁ လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များအနေဖြင့် ယနေ့အထိ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများကျူးလွန်ရာတွင်အသုံးပြုခဲ့သည့်တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၀ လုံးအား စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၁၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေးအတွက် ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံများနှင့်လည်းပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)





မန္တလေး-မြစ်ကြီးနားလမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လိုအပ်သော ကုန်ပစ္စည်းများတင်ဆောင်၍ တတိယအကြိမ်သွားရောက်ပို့ဆောင်သည့် မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိစဉ်။

● **ကျောဖုံးမှအဆက်**

ဝေးလံသည့်ဒေသများမှ ဌာနဆိုင်ရာဝန်ထမ်းများနှင့်မိသားစုများ၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေးနှင့် ရုံးလုပ်ငန်းဆိုင်ရာများ အဆင်ပြေချောမွေ့စေရေးအတွက်လည်း တပ်မတော်မှ မော်တော်ယာဉ်များဖြင့် ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့မှ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့သို့ အခြေခံစားသောက်ကုန်များ၊ လူသုံးကုန်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ စက်သုံးဆီများကို တတိယအကြိမ်အဖြစ်ပို့ဆောင်ပေးခဲ့သည့် မော်တော်ယာဉ်များသည် ယနေ့မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့မှ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မော်တော်ယာဉ်များသည် မြစ်ကြီးနားမြို့အပါအဝင် လမ်းကြောင်းတစ်လျှောက်ရှိ မြို့/ရွာများမှ မန္တလေးမြို့၌ ကုန်စည်ကူးသန်းရောင်းဝယ်မည့် ဒေသထွက်ကုန်ပစ္စည်းများ၊ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရမည့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ သင်တန်းတက်ရောက်ကြမည့် ဌာနဆိုင်ရာဝန်ထမ်းများကို ပြန်လည်တင်ဆောင်၍ မြစ်ကြီးနားမြို့မှ ဇွန်လ ၁၆ ရက် နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏စီမံဆောင်ရွက်မှုများဖြင့် မန္တလေး-မြစ်ကြီးနားဆက်သွယ်ရေးလမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်သည့်လုပ်ငန်းသုံးပစ္စည်းများအား အချိန်မီပို့ဆောင်ဖြည့်ဆည်းပေးလျက်ရှိပြီး အကြမ်းဖက်သမားများဖောက်ခွဲဖျက်ဆီးခဲ့သည့် လမ်း၊ တံတားများအား ပြန်လည်ပြုပြင်ခြင်းများဆောင်ရွက်ပေးခဲ့ရာ လက်ရှိတွင် ခရီးသွားမော်တော်ယာဉ်များ၊ ကုန်စည်ပို့ဆောင်ရေးမော်တော်ယာဉ်များသည် အဆိုပါလမ်းကြောင်းတစ်လျှောက်၌ ပုံမှန်အတိုင်းပြန်လည်သွားလာလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့်နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် မြဝတီမြို့နယ်အတွင်း စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်၊ ဘားအံမြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင်စစ်ဆင်ရေးတာဝန်များကိုနေ့မအားညမအား စွမ်းစွမ်းတမံတာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ အထူးနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်ဒေသခံပြည်သူများက အောင်ပွဲရရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဇွန် ၁၇

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်သည်။

(မိုး/ဇလ)

# လုံခြုံရေးတပ်ဖွဲ့ဝင်များက မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ တွင်းမကျေးရွာအနီး ကမ္မ – မြိုင်သွားကားလမ်းမပေါ်၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ ၂၀ လုံးအား ထပ်မံဖယ်ရှားရှင်းလင်းနိုင်ခဲ့


နေပြည်တော် ဇွန် ၁၇

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူမြို့နယ်၊ ကမ္မမြို့နှင့် မြိုင်မြို့နယ်သို့ ဆက်သွယ်ထားသည့် ကမ္မ-မြိုင်သွားကားလမ်းတစ်လျှောက်တွင် ဖြတ်သန်းသွားလာသူများ ထိခိုက်၊ ပျက်စီး၊ သေဆုံးစေရန်၊ သွားလာရေးခက်ခဲစေရန် ယုတ်မာသောရည်ရွယ်ချက်ဖြင့် ကတ္တရာလမ်းအား ကျင်းတူးပြီး

မြိုင်မြို့နယ်၊ တွင်းမကျေးရွာအနီး ကမ္မ-မြိုင်သွား ကားလမ်းမပေါ်၌ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ ၂၀ လုံးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနိုင်မှု



မြိုင်မြို့နယ်၊ တွင်းမကျေးရွာအနီး ကမ္မ-မြိုင်သွား ကားလမ်းမပေါ်၌ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများ ထောင်ထားသည့် လက်လုပ်မိုင်းမျိုးစုံ ၂၀ လုံးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းခဲ့မှု နေရာပြပုံ




ဆီပီပါခွံများဖြင့် ကားမိုင်းအဖြစ်ပြုလုပ်ကာ မိုင်းထောင်ပိတ်ဆို့ထားရှိကြောင်း တာဝန်သိဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနှင့် အဆိုပါကားလမ်းတစ်လျှောက် မိုင်းရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇွန်လ ၁၆ ရက်နေ့တွင် မြိုင်မြို့နယ်၊ တွင်းမကျေးရွာအနီး ကားလမ်းဘေးဝဲ/ယာဘက်များ၌ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့ ထောင်ထားသည့် ဆီပီပါဖြင့်ပြုလုပ်ထားသည့် ကားမိုင်းကြီး ၈ လုံး၊ ပလတ်စတစ်ပုံးအဝါဖြင့် ပြုလုပ်ထားသည့် ကားမိုင်းအသေး ၃ လုံး၊ လက်လုပ်ရှေ့ထွက်မိုင်း ၅ လုံး၊ PVC ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်မိုင်း ၄ လုံး၊ စုစုပေါင်း လက်လုပ်မိုင်းမျိုးစုံ ၂၀ လုံးတို့ကို တွေ့ရှိခဲ့ပြီး အဆိုပါမိုင်းများအား ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သက်မဲ့ပြုလုပ်ကာ စနစ်တကျဖယ်ရှားရှင်းလင်းနိုင်ခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ အများပြည်သူသွားလာအသုံးပြုလျက်ရှိသည့် လမ်းကြောင်းများအား မိုင်းထောင်ခြင်း၊ ဖောက်ခွဲဖျက်ဆီးမှုများပြုလုပ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ခုနစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင့်နိုင်ငံရေး စစ်ဆေးနိုင်ခဲ့

နေပြည်တော် ဇွန် ၁၇

နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင် ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် တရုတ်နိုင်ငံသား ငါးဦး၊ ကင်ညာနိုင်ငံသား တစ်ဦး၊ အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား



ကရင်ပြည်နယ်၊ မြဝတီမြို့ဝန်းကျင်ရှိ ဆိုဒ်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ ပြည်နှင်လွှဲပြောင်းနိုင်ရေး စစ်ဆေးဆောင်ရွက်စဉ်။

ခုနစ်ဦးကို ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့အမြန်ဆုံးပြန်လည် လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၇ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၁၄ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၅၅၀ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၁၆၄ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့်ပြည်ပနိုင်ငံသား ၆၆၂ ဦးရှိသည့်အတွက်ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၅၀၂ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေးအိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့်နိုင်ငံခြားသားများကိုသက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# တာချီလိတ်မြို့တွင် ငွေကျပ် ၃၈၂၅ ဒသမ ၆ သိန်း၊ ဝိုင်းမော်မြို့နယ်တွင် ငွေကျပ် ၁၀၀၉ ဒသမ ၈ သိန်းနှင့် မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၂၂၄ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၁၇

တာချီလိတ်မြို့တွင် ငွေကျပ်၃၈၂၅ ဒသမ ၆ သိန်း၊ ဝိုင်းမော်မြို့နယ်တွင် ငွေကျပ်၁၀၀၉ ဒသမ ၈ သိန်းနှင့် မိုးညှင်းမြို့နယ်တွင် ငွေကျပ် ၂၂၄ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၁၅ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့၊ ဝိန်းကျောက် ရပ်ကွက်ရှိ လော်ဖျော့(၂၁)နှစ် ငှားရမ်းနေထိုင်သည့် နေအိမ်ခန်းအား ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀ (တစ်ပြားလျှင်ငွေကျပ် ၆၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၀၀၀၀)နှင့် နေအိမ်ခြံဝင်းအတွင်းရှိ ၎င်းပိုင်ဆိုင်သည့် TOYOTA LEXUS အမျိုးအစားမော်တော်ယာဉ်ပေါ်မှအိုက်စ်(မက်သ်အဖက်တမင်း) ၄၅ ကီလို (တစ်ကီလိုလျှင်ငွေကျပ် ၈၅ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၃၈၂၅ သိန်း)တို့ကိုဖမ်းဆီးရမိသဖြင့် လော်ဖျော့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

အလားတူ ဇွန်လ ၁၄ ရက် ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဝိုင်းမော်မြို့နယ်၊ မိုင်းနားကျေးရွာအနီးတွင် မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်နေ ကျော်ဝင်းသိန်း(၂၂)နှစ် မောင်းနှင်လာသော TOYOTA HILUX REVO အမျိုးအစားမော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၄ ဒသမ ၅၉ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၂၂၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၁၀၀၉ ဒသမ ၈ သိန်း)အား ဖမ်းဆီးရမိပြီး ကွင်းဆက်စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ ည ၆ နာရီခွဲတွင် မူးယစ်



တရားခံကျော်ဝင်းသိန်းနှင့် စိုင်းခင်(ခ)ဝင်းအောင်ခင်တို့အား သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူတွေ့ရစဉ်။

ဆေးဝါးများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ စိုင်းခင်(ခ)ဝင်းအောင်ခင် (၃၉) နှစ်အား ၎င်းတို့ငှားရမ်းနေထိုင်သည့် မြစ်ကြီးနားမြို့၊ တပ်ကုန်းရပ်ကွက်ရှိ နေအိမ်တွင် ဆက်လက်ဖမ်းဆီးရမိသဖြင့် ကျော်ဝင်းသိန်းနှင့်စိုင်းခင်(ခ)ဝင်းအောင်ခင်တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ ဇွန်လ ၁၄ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ရွာအနီးတွင် ဖားကန့်မြို့၊ မော်ရှန်ရပ်ကွက်နေ ကျားရော်(၄၆)နှစ် မောင်းနှင်လာသော MITSUBISHI PAJERO အမျိုးအစား မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် သိုဝှက်သယ်ဆောင်လာသည့် ဘိန်းဆီခဲ ၁၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ် ၁၄ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုး ငွေကျပ် ၂၂၄ သိန်း)နှင့် မြန်မာငွေကျပ် ၁၀ သိန်းတို့အား ဖမ်းဆီးရမိသဖြင့် ကျားရော်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

**မြဝတီ**

# အမျိုးသမီးကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားပြီး ရရှိသောငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇွန် ၁၇

အမျိုးသမီးကို တရုတ်နိုင်ငံတွင် တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားပြီး ရရှိသောငွေကြေး အကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်နေ မ--------၊(၂၀/၂၀၂၆) နှစ်သည် ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မောင်ဟိန်းလင်းထက်၊(၂၅)နှစ်၊(ဘ)ဦးသက်နိုင်၊ ရွှေဝါထွန်းလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မအိသန္တာဖြိုး၊ (၂၅)နှစ်၊ (ဘ)ဦးအောင်သန်းဦးတို့က အမျိုးသမီးငယ်အား တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူပါက ငွေကျပ်သိန်း ၁၅၀ ရမည်၊ တစ်နှစ်နေပြီး ကလေးတစ်ဦးမွေးပြီးပါက ပြန်ခေါ်ပေးမည်ဟုပြောဆိုပြီး မအိသန္တာဖြိုးက ရန်ကုန်မြို့မှ မူဆယ်မြို့သို့ ပို့ဆောင်ကာ ယာယီနယ်စပ်ဖြတ်သန်းခွင့်လက်မှတ်ဖြင့် တရုတ်နိုင်ငံ၊ ရွှေလီမြို့ရှိ မလုတောင်ထံပို့ပေးခဲ့ကြောင်း၊ အမျိုးသမီးငယ်အား မလုတောင်က တရုတ်အမျိုးသား အာဖိန်နှင့် ချိတ်ဆက်ပေးခဲ့ရာ အာဖိန်က သဘောကျသဖြင့် တည်းခိုခန်းတစ်ခုတွင် လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြောင်း။

မလုတောင်က အမျိုးသမီးငယ်အား ငွေကျပ်သိန်း ၇၀ ပေးခဲ့ပြီး မအိသန္တာဖြိုးအား ပွဲစားခအဖြစ် ငွေကျပ် ၁၀ သိန်းအပြင် ချေးငွေကျပ်သိန်း ၂၀ အား ချေးပေးခဲ့ကြောင်း၊ ကျန်ငွေကျပ်သိန်း ၄၀ အား ဟိန်းလင်းထက်ထံလွှဲပေးခဲ့ကြောင်း၊ အာဖိန်နှင့်အတူနေထိုင်စဉ် ကုန်ကျစရိတ်အဖြစ် အာဖိန်က မလုတောင်အား ယွမ် ၁၅၀၀၀ ပေးခဲ့ရကြောင်း၊ အမျိုးသမီးငယ်သည် အာဖိန်နှင့်အတူ တရုတ်နိုင်ငံသို့လိုက်ပါရန် အတွက် နိုင်ငံကူးလက်မှတ်၊ လက်ထပ်စာချုပ်နှင့် ဗီဇာများပြုလုပ်ရန်အတွက် ရွှေလီ-မူဆယ်-မန္တလေး-ရန်ကုန်သို့အဆင့်ဆင့်သွားရောက်ခဲ့ပြီး မလုတောင်စီစဉ်ပေးသည့် SWEET ဟိုတယ်တွင် တည်းခိုစဉ် မလုတောင်က တရုတ်နိုင်ငံလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်သို့ရောက်ရှိခဲ့ကြောင်း၊ ထို့နောက် အမျိုးသမီးငယ်၊ အာဖိန်နှင့် မလုတောင်တို့သည် Clover Suites Royal Lake Hotel တွင်ပြောင်းရွှေ့တည်းခိုနေထိုင်စဉ် တာဝန်ရှိသူများရောက်ရှိစစ်ဆေးခဲ့ရာ အမျိုးသမီးငယ်အား အာဖိန်၊ မလုတောင်၊ မအိသန္တာဖြိုး၊ ဟိန်းလင်းထက်တို့က တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားပြီး ရရှိသောငွေကြေးအကျိုးအမြတ်များအား ခေါင်းပုံဖြတ်ရယူခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ မရမ်းကုန်းမြို့မရဲစခန်း(ပ) ၆၆/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၆ ရက်တွင် မရမ်းကုန်းခရိုင်တရားရုံးမှ တရားခံဟိန်းလင်းထက်၊ မအိသန္တာဖြိုးနှင့် မလုတောင်တို့ ၃ ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ်(၁၂) နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**မြဝတီ**


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ပြည့်စွမ်းထား ...
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH


နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော
Black Tea
Tea Mix
Lemon Tea
SHWE PHE OO
ပင်ရင်းအရောင်း - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
ရွှေဖီဦး BLACK TEA (နောင်တရား) ကို
Export Quality အဆင့်မီစွာ
ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့်
အညေ်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊
ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊
လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ – ရုံးချုပ်
၀၉ – ၅၅၀ ၄၅၄၆၊ ၀၉ – ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ – ၅၁၅ ၉၆၉၇ – သာကေတရုံး

**❖ နိုင်ငံတော်ရှေးသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

**❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

**❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ် (State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရှန်ဟိုင်းမြို့၊ မြို့တော်ဝန် လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇွန် ၁၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ နိုင်ငံတော်အဆင့် ချစ်ကြည်ရေးခရီးစဉ်(State Visit) ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ယနေ့မွန်းလွဲပိုင်းတွင် ရှန်ဟိုင်းမြို့၊ မြို့တော်ဝန် မစ္စတာ ကုန်းကျန့်က ခေတ္တတည်းခိုလျက်ရှိသည့် Fairmont Peace ဟိုတယ်ရှိ Peace ဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် ရှန်ဟိုင်းမြို့၊ မြို့တော်ဝန်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နိုင်ငံတော်အဆင့် ခရီးစဉ်(State Visit) လာရောက်မှုအပေါ် လှိုက်လှဲနွေးထွေးစွာကြိုဆိုပါကြောင်း ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရှန်ဟိုင်းမြို့ဆိုင်ရာ အချက်အလက်များ၊ ရှန်ဟိုင်းမြို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာရှီကျင့်ဖျင်၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံတကာ စီးပွားရေးဗဟို၊ အပြည်ပြည်ဆိုင်ရာငွေကြေးဗဟို၊ အပြည်ပြည်ဆိုင်ရာကုန်သွယ်ရေးဗဟို၊ အပြည်ပြည်ဆိုင်ရာ ပို့ဆောင်ရေးဗဟိုနှင့် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့်နည်းပညာဆန်းသစ်တီထွင်ရေးဗဟိုမြို့အဖြစ် ကြိုးပမ်းတည်ဆောက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် နှစ်နိုင်ငံ ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ စာမျက်နှာ ၅ ကော်လံ ၁ ➤



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ရှန်ဟိုင်းမြို့၊ မြို့တော်ဝန် မစ္စတာ ကုန်းကျန့်က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

## မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လိုအပ်သော ကုန်ပစ္စည်းများတင်ဆောင်၍ တတိယအကြိမ်သွားရောက်ပို့ဆောင်သည့် မော်တော်ယာဉ်များ မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇွန် ၁၇

တပ်မတော်အနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် ဒေသများအား ပြန်လည်ထိန်းချုပ်၍ ဒေသဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့်ဆက်သွယ်ရေးလမ်းကြောင်းများအား ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၏လမ်းညွှန်ချက်နှင့်အညီဆောင်ရွက်ပေးလျက်ရှိရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး စာမျက်နှာ ၂၇ ကော်လံ ၁ ●



မန္တလေး-မြစ်ကြီးနား လမ်းကြောင်းတစ်လျှောက်ရှိ မြို့ရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်လိုအပ်သော ကုန်ပစ္စည်းများတင်ဆောင်၍ တတိယအကြိမ်သွားရောက်ပို့ဆောင်သည့် မော်တော်ယာဉ်များ မန္တလေးမြို့သို့ပြန်လည်ရောက်ရှိစဉ်။


**နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးနှင့်နယ်မြေလုံခြုံရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို** စာ - ၂၈ သို့

**မြန်မာ-ကမ္ဘောဒီးယား-ထိုင်း သုံးနိုင်ငံလေကြောင်းလိုင်းများ တိုက်ရိုက်ပြေးဆွဲပါက ပြည်ပခရီးသွားဝင်ရောက်မှု တိုးတက်လာမည်** စာ - ၈ သို့

**မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အပြီး လက်ရှိချန်ပီယံ ရောဝတီအသင်း ဂိုးကွာခြားချက်အသာဖြင့်ဦးဆောင်** စာ - ၈ သို့

**နိုင်ငံတကာသတင်း**

**အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၌ အားကောင်းသော အယ်လ်နီညိုဖြစ်စဉ် စတင်ဖြစ်ပေါ်နေပြီဟု သြစတြေးလျသတိပေး** စာ - ၂၃ သို့

**ကွန်ဂို၌ အီဘိုလာကူးစက်မှု မထိန်းချုပ်နိုင်ပါက သမိုင်းတစ်လျှောက် အဆိုးရွားဆုံးဖြစ်လာနိုင်** စာ - ၂၃ သို့